# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန်ကြိုးစားရာ၏။

လောကဝင်(ဓမ္မပဒ-၁၁၆)


၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်၊ စနေနေ့။ Saturday 9 November 2019 ၉၈၂၈





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများနှင့် အာဆီယံဒုတိယအတွင်းရေးမှူးချုပ်တို့ (၁၁)ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# (၁၁)ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၈**

(၁၁)ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ Horizon Lake View Resort Hotel ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်မိန့်ခွန်းပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် သူရဦးအောင်ကို၊ ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်း၊ ဦးသိန်းဆွေ၊ ဒေါက်တာဝင်းမြတ်အေးနှင့် ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်၊ သံတမန်များ၊ အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪


**ကြေးမုံ ယနေ့ ဖတ်စရာ**


ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရာတွင် စနစ်တကျလုပ်ဆောင်နိုင်မှသာ သိသာထင်ရှားသည့်ရလဒ်ကို ပိုင်ဆိုင်နိုင်မည် စာမျက်နှာ » ၄

တန်ဆောင်တိုင်ပိတ်ရက်များတွင် မိသားစုရှိရာနေရပ်သို့ ပျော်ရွှင်စွာ ပြန်ကြမည့်ဝန်ထမ်းများ၏ စကားသံများ စာမျက်နှာ » ၉

မန္တလေးတိုင်းဒေသကြီးအတွင်း တန်ဖိုးမျှတအိမ်ရာတိုက်ခန်းများ ဘဏ်ချေးငွေစနစ်ဖြင့် ရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက် စာမျက်နှာ » ၁၆





# ကြေးမုံ
## ပြည်ထောင်စုသန္နိဋ္ဌာန် ခိုင်ကျည်မြဲမြံ

၂၀၁၉ ခုနှစ် (၆၄)နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားကို နိုဝင်ဘာလ ၇ ရက်နေ့က ဘားအံမြို့ ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပခဲ့ရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အခမ်းအနားသို့တက်ရောက်ပြီး ပြောကြားခဲ့သည့် နှုတ်ခွန်းဆက်စကားတွင် ပြည်ထောင်စုသားအားလုံး၏ နှလုံးသားတွင် ခိုင်ကျည် မြဲမြံစွဲထင်စေမည့် ပြည်ထောင်စု၏သန္နိဋ္ဌာန်သဘောကို ကြားသိလိုက်ရသည်။

ပြည်ထောင်စုသားအားလုံးအတွက် နိုင်ငံတော်သမ္မတ နှိုးဆော်ခဲ့သည့် ပြည်ထောင်စု၏သန္နိဋ္ဌာန်သည် ယခုဆိုလျှင် ငြိမ်းချမ်းရေးအလင်းရောင် ရရှိပြီး ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များ ခံစားနေရပြီဆိုသည်ကို အားလုံး မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်ပါကြောင်း၊ ရှေ့ဆက်ပြီး ပြည်ထောင်စုကြီး တစ်ခုလုံး ငြိမ်းချမ်းရေးရရှိပြီဆိုပါက ပြည်ထောင်စုကြီးတစ်ခုလုံး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်သွားမည် ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များ ဆက်လက်ခံစားနိုင်ရန်နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးရရှိရန် မိမိတို့အားလုံး ပြည်ထောင်စုစိတ်ဓာတ်နှင့် အတူ တစ်နည်းအားဖြင့် ကရင်ပြည်နယ်တွင် ထင်ရှားသည့် ဇွဲကပင်တောင်ကို သက်သေတည်ပြီး တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်ကို မယိုင်မလဲ ခိုင်ခိုင်မြဲမြဲ ကမ္ဘာတည်သရွေ့ ဆက်လက်ထိန်းသိမ်းကြရန် တိုက်တွန်းထားသည့် အချက်ပင်ဖြစ်သည်။

ကျွန်ုပ်တို့ပြည်ထောင်စုကြီးသည် ကမ္ဘာတည်သရွေ့ မယိုင်မလဲခိုင်မြဲနေသည့် ပြည်ထောင်စုကြီးဖြစ်ပါသည်။ နိုင်ငံတော်သမ္မတက ကရင်ပြည်နယ်နေ့တွင် ကရင်ပြည်နယ်မှ ဇွဲကပင်တောင်ကို သက်သေထား၍ ပြောကြားသကဲ့သို့ ကချင်ပြည်နယ်တွင် ခါကာဘိုရာဇီတောင်၊ ရှမ်းပြည်နယ်တွင် အင်းလေးကန်၊ ကယားပြည်နယ်တွင် တောင်ကွဲစေတီ စသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတို့၌ အသီးသီးအထင်အရှား တည်ရှိနေသော အထိမ်းအမှတ်လက္ခဏာများကို သက်သေတည်ပြီး ပြည်ထောင်စုသန္နိဋ္ဌာန် ပြုကြရမည်ဖြစ်သည်။ တိုင်းရင်းသားပြည်သူအားလုံးတို့အနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ထားရမည် ဖြစ်သည်။

ပြည်ထောင်စုကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် အရေးတကြီး လိုအပ်နေသောအချက်မှာ ငြိမ်းချမ်းရေးပင်ဖြစ်သည်။ ပြည်ထောင်စုကြီး တစ်ခုလုံးငြိမ်းချမ်းပါမှ ငြိမ်းချမ်းရေးအသီးအပွင့်များကို တိုင်းရင်းသား ပြည်သူအားလုံး တစ်ပြေးညီအတူတကွ ရရှိခံစားနိုင်မည်ဖြစ်သည်။ ယခုအခါ အချို့ပြည်နယ်များရှိ ဒေသအချို့၌ မငြိမ်းချမ်းမှုအချို့ရှိနေသေးသော်လည်း ပြည်ထောင်စု၏ ဒေသအများစုတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ များ၏ လက်တွဲပူးပေါင်းမှုကြောင့် ငြိမ်းချမ်းရေးအလင်းရောင်များ ရရှိနေပြီ ဖြစ်သည်။ ငြိမ်းချမ်းရေးရောင်ခြည်သန်းသည်နှင့်ပင် ငြိမ်းချမ်းရေး အသီးအပွင့်များကို ခံစားခွင့်ရရှိနေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ဆက်လက်၍ အားလုံးပါဝင်သည့် ငြိမ်းချမ်းရေးကို ကြိုးပမ်းတည်ဆောက် နေသည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားပေါင်းစုံ၊ လူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်း ထားသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖြစ်သည်။ ပြည်ထောင်စု နိုင်ငံတော်ဖြစ်သည်နှင့်အညီ ပြည်ထောင်စုသားအားလုံးတို့သည် ပြည်ထောင်စု စိတ်ဓာတ်ကို ကိုယ်စီကိုယ်စီ ထားရှိကြရန်လိုအပ်သည်။ ထိုပြည်ထောင်စု စိတ်ဓာတ်သည်သာ ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့တည်တံ့ခိုင်မြဲပြီး စည်းလုံးညီညွတ်သော၊ တစ်ပါးနိုင်ငံတို့၏ ဗိုလ်ကျစိုးမိုးခွင့်မရှိသော၊ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ရှိသော၊ တိုင်းရင်းသားများအားလုံး လိုလားသည့် ဒီမိုကရေစီဖက်ဒရယ်ဖြစ်သော၊ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံကြီး ပေါ်ပေါက်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်သမ္မတ မှာကြားသကဲ့သို့ ပြည်ထောင်စုသား အားလုံး၏ နှလုံးသားတွင် ခိုင်ကျည် မြဲမြံစွာစွဲကျန်နေရမည့် ပြည်ထောင်စု ၏သန္နိဋ္ဌာန်အဖြစ် တိုင်းဒေသကြီးနှင့်ပြည်နယ်များအားလုံးတို့ရှိ တိုင်းရင်း သားအားလုံးတို့၏ ထင်ရှားသည့်အထိမ်းအမှတ်လက္ခဏာများကို သက်သေပြု ပြီး ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ မယိုင်မလဲခိုင်ခိုင်မြဲမြဲ တည်ရှိနေ ရန် ပြည်ထောင်စုစိတ်ဓာတ်ကို ကိုယ်စီကိုယ်စီ ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ရှန်ဟိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ်မြောက် တရုတ်အပြည်ပြည်ဆိုင်ရာ သွင်းကုန်ကုန်စည်ပြပွဲသို့ တက်ရောက်



**နေပြည်တော် နိုဝင်ဘာ ၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့ရှိ National Convention and Exhibition Center ၌ နိုဝင်ဘာ ၅ ရက်က ကျင်းပသည့် ဒုတိယအကြိမ်မြောက် တရုတ်အပြည်ပြည်ဆိုင်ရာ သွင်းကုန် ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ အဆိုပါ ကုန်စည်ပြပွဲသို့ နိုင်ငံပေါင်း ၁၅၅ နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း ၂၂ ခုတို့မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များလည်း တက်ရောက်ခဲ့ကြသည်။

**အသီးသီးမိန့်ခွန်း ပြောကြား**

ဒုတိယအကြိမ်မြောက် တရုတ်အပြည်ပြည်ဆိုင်ရာ သွင်းကုန်ကုန်စည်ပြပွဲဖွင့်ပွဲ အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်က အဖွင့်မိန့်ခွန်းပြောကြားပြီး တက်ရောက်လာကြသည့် နိုင်ငံတော်သမ္မတများက အသီးသီးမိန့်ခွန်း ပြောကြားကာ ဒုတိယအကြိမ်မြောက် တရုတ်အပြည်ပြည်ဆိုင်ရာ သွင်းကုန် ကုန်စည်ပြပွဲကို ဖွင့်လှစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ Shanghai National Convention and Exhibition Center ၌ ကျင်းပသည့် Second Hongqiao International Economic Forum သို့ တက်ရောက်ခဲ့သည်။

**လှည့်လည်ကြည့်ရှု**

နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယအကြိမ်မြောက် တရုတ်အပြည်ပြည်ဆိုင်ရာ သွင်းကုန် ကုန်စည်ပြပွဲတွင် ပါဝင်ပြသနေကြသည့် မြန်မာကုန်သည် လုပ်ငန်းရှင်များအား မြန်မာနိုင်ငံပြခန်းတွင်တွေ့ဆုံ၍ ပြပွဲ၌ ပါဝင်ပြသသည့် ထွက်ကုန်ပစ္စည်းများ၏ ဈေးကွက်အခြေအနေ၊ အခက်အခဲများနှင့် ကူညီဆောင်ရွက်ပေးရန် လိုအပ်သည်များကို ရင်းနှီးစွာဆွေးနွေးခဲ့ပြီး မြန်မာပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

**သွားရောက်လေ့လာ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှန်ဟိုင်းမြို့ရှိ သက်တမ်း ၁၄၀၀ ကျော်ရှိ ကျင့်အန်းစစ် ဗုဒ္ဓဘုရားကျောင်းသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော် Dr. Hui Ming အား ဖူးမြော်ကာ ဘုရားကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

ယင်းနောက် ရှန်ဟိုင်းမြို့ ပုသုံး Pilot Free Trade Zone ရှိ လုပ်ငန်းများကို သွားရောက်လေ့လာသည်။

အဆိုပါ ကုန်စည်ပြပွဲကို နိုဝင်ဘာ ၅ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ လက်ဖက်နှင့်စားသောက်ကုန်များ၊ ကျောက်မျက်ရတနာများ၊ ဓာတ်သတ္တုများကို မြန်မာကုမ္ပဏီ ၃၅ ခုက ပါဝင်ပြသကြကြောင်း သိရသည်။ **သတင်းစဉ်**

## သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၈-၁၁-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ ‌စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၀၀၀ | ၁၁,၀၀၀ | ၁,၆၇၂ | ၁၈,၃၉၂,၅၀၀ |
| MTSH | ၃,၉၅၀ | ၃,၉၅၀ | ၉၈၄ | ၃,၈၇၃,၉၀၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၄၀၉ | ၃,၃၁၂,၉၀၀ |
| FPB | ၂၃,၀၀၀ | ၂၃,၀၀၀ | ၅၀၂ | ၁၁,၅၄၆,၀၀၀ |
| TMH | ၂,၉၀၀ | ၃,၀၀၀ | ၂၁၀ | ၆၁၀, ၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

နေပြည်တော် နိုဝင်ဘာ ၈

ရန်ကုန်(ရွှေဈေး) ၁၂၀၀၀၀၀ မန္တလေး(ရွှေဈေး) ၁၂၀၀၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၀၀/၉၆၀ ကျပ် | ၉၆၅/၉၇၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၂၀/၉၆၀ ကျပ် | ၁၀၁၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၂၀/၈၆၅ ကျပ် | ၉၀၀/၉၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၁၀/၉၇၅ ကျပ် | ၉၈၀/၉၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၇၀/၈၇၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၈၀/၈၉၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၂၀/၈၃၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၁၇.၃ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၇၇.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၇.၀၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၉.၉၄၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၇.၁၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၃၀၆ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၈၈.၃ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၁.၁၀ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၄.၄ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၆.၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ (၁၁)ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

❂ ရှေ့ဖုံးမှ

အခမ်းအနားတွင် ဒုတိယသမ္မတက မိမိတို့နိုင်ငံများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည်နှင့်အညီ အာဆီယံနှင့်ဆက်စပ်သည့် အစည်းအဝေးများနှင့် လှုပ်ရှားမှုများကို အဖွဲ့ဝင်နိုင်ငံများတွင် အလှည့်ကျကျင်းပလေ့ရှိရာ ယခုနှစ်အတွက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ၂၀၁၉ ခုနှစ်အတွက် ယခုအစည်းအဝေးကြီးတွင် ဥက္ကဋ္ဌတာဝန်ကို ရယူပြီး အစည်းအဝေးများကို အောင်အောင်မြင်မြင်ကျင်းပနိုင်ရန် ပံ့ပိုးကူညီပေးခဲ့သည့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အဖွဲ့ဝင်နိုင်ငံများမှ တာဝန်ရှိသူများကို မြန်မာနိုင်ငံအစိုးရကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း။




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အာဆီယံအဖွဲ့ဝင်နိုင်ငံများက ခင်းကျင်းပြသထားသည့် Exhibition Booths များကို လှည့်လည်ကြည့်ရှုစဉ်။

## (၅၂)နှစ်ပြည့်မြောက်ခဲ့ပြီ

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်မှာ (၅၂)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါကြောင်း၊ အာဆီယံအသင်းကြီးသည် တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှု၊ စဉ်ဆက်မပြတ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ အတူတကွ သာယာဝပြောမှု၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုတို့နှင့် ပြီးပြည့်စုံသည့် ဒေသကြီးတစ်ခုအတွင်း အတူတကွပေါင်းစည်းနေထိုင်ကြရန်၊ မိမိတို့၏ပဓာနကျသည့် အကျိုးစီးပွားများ၊ စံနမူနာကောင်းများနှင့် ရည်မှန်းချက်များကို မြှင့်တင်ပေးကြရန်ဆိုသည့် တူညီဆန္ဒအပေါ် အခြေတည်ဖွဲ့စည်းထားသည့် ဒေသဆိုင်ရာ အဖွဲ့အစည်းကြီးလည်း ဖြစ်ပါကြောင်း၊ အာဆီယံမဏ္ဍိုင်ကြီး (၃)ရပ်၏ စုပေါင်းအင်အားသည် အာဆီယံကို နိုင်ငံရေးအရ သဟဇာတဖြစ်စေပြီး စီးပွားရေးအရ ပေါင်းစည်းကာ လူမှုရေးအရတာဝန်ယူမှုရှိသည့် ပြည်သူကို ဗဟိုပြု ပြည်သူကိုမျက်နှာမူသည့် အသိုက်အဝန်းတစ်ရပ် ပေါ်ထွန်းရေးကို ထပ်လောင်းအားဖြည့်ပေးလျက်ရှိပါကြောင်း။

အာဆီယံ၏ မဏ္ဍိုင်ကြီး (၃)ရပ်အနက် တတိယမဏ္ဍိုင်ဖြစ်သည့် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း ခေါင်းစဉ်အောက်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးကဏ္ဍလည်း ပါဝင်ပါကြောင်း၊ ဒေသတွင်းကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုပပျောက်ရေးနှင့် သက်ဆိုင်သည့်ပြဿနာများကို ဖြေရှင်းခြင်း၊ ဒေသတွင်းဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေး ဆောင်ရွက်ခြင်းများတွင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် "အာဆီယံက အာဆီယံကို ကူညီသည့် စိတ်ဓာတ်"ဖြင့် အတူတကွ အားထုတ်လုပ်ဆောင်ပေးနေကြပါကြောင်း၊ ထိုသို့ဆောင်ရွက်ပေးရာတွင် အဖွဲ့ဝင်နိုင်ငံအသီးသီးက မိမိတို့နှင့်သက်ဆိုင်ရာ မူဝါဒများနှင့် အစီအစဉ်များကို ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးနယ်ပယ်တွင် အကောင်အထည်ဖော်သည့်အခါ တွေ့ကြုံရသည့် စိန်ခေါ်မှုများနှင့် အကောင်းဆုံးဆောင်ရွက်နိုင်မှုများကို အဖွဲ့ဝင်နိုင်ငံများအကြား မျှဝေပေးခြင်းလည်း ပါဝင်ပါကြောင်း၊ ထိုသို့မျှဝေပေးနိုင်ရေးအတွက် အာဆီယံကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးကို နှစ်နှစ်တစ်ကြိမ်၊ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို တစ်နှစ်တစ်ကြိမ် အဖွဲ့ဝင်နိုင်ငံများ၌ အလှည့်ကျ ပုံမှန်ကျင်းပ၍ အတွေ့အကြုံများ မျှဝေဖလှယ်ကြပါကြောင်း၊ ဝန်ကြီးများအဆင့် အစည်းအဝေးကို ကျင်းပလာခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၁၁)ကြိမ်မြောက် ရှိပြီဖြစ်ပြီး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသည် (၁၆) ကြိမ်တိုင်ရှိခဲ့ပြီ ဖြစ်ပါကြောင်း။

## ကျေးဇူးတင်ဖွယ်တွေ့ရှိရ

လူနေမှုဘဝမြင့်မားသည့် အာဆီယံအသိုက်အဝန်းကို ထူထောင်ရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများသာမက ဆွေးနွေးဖက်(၃)နိုင်ငံဖြစ်သည့် တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ကလည်း ပါဝင်ဖြည့်ဆည်းဆောင်ရွက်ပေးနေသည်ကို ကျေးဇူးတင်ဖွယ်တွေ့ရှိရပါကြောင်း၊ ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် အာဆီယံ+၃ ကျေးရွာခေါင်းဆောင်များ အပြန်အလှန်လေ့လာရေးခရီးစဉ်ကို ကွာလာလမ်ပူတွင် ကျင်းပနိုင်ခဲ့ခြင်းသည် ကျေးလက်လူမှုအသိုက်အဝန်းဖွံ့ဖြိုးလာစေရေး အဓိပ္ပာယ်ပြည့်ဝသည့် အစီအစဉ်တစ်ခုဖြစ်ပါကြောင်း။

အလားတူ 12th ASEAN–China Forum on Social Development and Poverty Reduction နှင့် ASEAN–China–UNDP Symposium on Localisation of SDGs and Realisation of Poverty Eradication များကို ၂၀၁၈ ခုနှစ်တွင် ကျင်းပနိုင်ခဲ့ခြင်းသည် ဆင်းရဲမှုပပျောက်ရေးအတွက် အဓိကကျသည့် အစီအစဉ်များဖြစ်ခဲ့ပါကြောင်း၊ အာဆီယံ+၃ အပြင် Asian Partnership for the Development of Human Resources in Rural Asia (AsiaDHRRA) တို့ကဲ့သို့ အရပ်ဘက်အဖွဲ့အစည်းများနှင့်လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေးတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးနယ်ပယ်တွင် ပုဂ္ဂလိက ကဏ္ဍပါဝင်လာအောင် ဆွဲဆောင်စည်းရုံးလုပ်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း၊ အစိုးရ၊ အရပ်ဘက်အဖွဲ့အစည်း၊ ပုဂ္ဂလိကနှင့် ကျေးလက်လူ့အဖွဲ့အစည်းများ အတူတကွ ပူးပေါင်းဆောင်ရွက်ပြီး အတွေ့အကြုံများကို အပြန်အလှန်မျှဝေလာနိုင်သည်နှင့်အမျှ အာဆီယံဒေသရှိ ကျေးလက်ပြည်သူများ၏ လူမှုဘဝသည်မြင့်မားသည်ထက် မြင့်မားလာမည်ဖြစ်ပါကြောင်း။

## ပြည်သူကို မျက်နှာမူသည့်အသိုက်အဝန်းဖြစ်လာစေရေး

ယခုနှစ်ကျင်းပမည့် အစည်းအဝေးများနှင့်တွဲဖက်၍ အာဆီယံကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ အာဆီယံ + ၃ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ (၈)ကြိမ်မြောက် အာဆီယံဖိုရမ်၊ Gender Mainstreaming Workshop on Rural Development and Poverty Eradication၊ (၄) ကြိမ်မြောက် အာဆီယံခေါင်းဆောင်မှုဆုချီးမြှင့်ပွဲများကို ပူးတွဲကျင်းပသွားမည်ဖြစ်ပြီး ကွင်းဆင်းလေ့လာရေးခရီးစဉ်များကိုလည်း စီစဉ်ထားရှိပါကြောင်း၊ ကျင်းပခဲ့သည့်အစီအစဉ်များတွင် တက်ရောက်ဆွေးနွေးမှုများကို ကြည့်မည်ဆိုပါက အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အစိုးရကိုယ်စားလှယ်များသာမက အစိုးရမဟုတ်သည့် အရပ်ဘက်အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များလည်း ပါဝင်တက်ရောက်ကြသည်ကို ကြည့်မည်ဆိုလျှင် မိမိတို့အာဆီယံအဖွဲ့ကြီးက ရည်မှန်းသည့် ပြည်သူကို ဗဟိုပြုသော၊ ပြည်သူကို မျက်နှာမူသည့် အသိုက်အဝန်းဖြစ်လာစေရေးဆိုသည့် ရည်မှန်းချက်ကို အထောက်အကူပြုနေသည်မှာ ထင်ရှားလှပါကြောင်း။

ယခုနှစ်အစည်းအဝေးများကို "စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်အောင်မြင်ရေး၊ တုံ့ပြန်စွမ်းအားကောင်းသော ရပ်ရွာများထူထောင်ပေး"ဆောင်ပုဒ်ဖြင့် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးကဏ္ဍကို အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းအောက်တွင် စတင်ဆောင်ရွက်စဉ်ကတည်းက ကုလသမဂ္ဂက ချမှတ်ထားသည့် ထောင်စုနှစ် ဖွံ့ဖြိုးရေးပန်းတိုင်များ ပြည့်မီရေးအတွက် အာဆီယံ၏ အားထုတ်မှုများကို အားဖြည့်ပေးရန် ရည်ရွယ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၃၀ ပြည့်နှစ်တွင် ပြည့်မီရမည့် ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်များ ပြည့်မီစေရန် ထပ်မံအားထုတ်သည့်နေရာတွင် အထောက်အကူပြုစေရေးအတွက် ယခုဆောင်ပုဒ်ကို ချမှတ်လိုက်နာအကောင်အထည်ဖော်ရန် စီစဉ်ရခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ယနေ့အစည်းအဝေးတွင် ယခုဆောင်ပုဒ်ကိုဦးတည်၍ အာဆီယံဒေသတွင်းရှိ ကျေးလက်ဒေသများ အမြန်ဖွံ့ဖြိုးလာစေမည့်၊ ဆင်းရဲမှုနှုန်းကို တစ်နှစ်ထက်တစ်နှစ် သိသိသာသာလျှော့ချလာနိုင်စေမည့် အကြံဉာဏ်ကောင်းများ၊ မိမိတို့နိုင်ငံများ၏ အောင်မြင်မှုအတွေ့အကြုံများနှင့် အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို အားတက်သရော ဆွေးနွေးမျှဝေပေးကြရန် မေတ္တာရပ်ခံတိုက်တွန်းလိုပါကြောင်း။

## မိမိတို့အတူတကွကြိုးစားအားထုတ်

မိမိတို့အဖွဲ့ဝင်နိုင်ငံများရှိ ပြည်သူအများစုသည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး ဆင်းရဲမှုနှုန်းမြင့်မားကြသည့်အတွက် ၎င်းတို့၏ လူနေမှုဘဝမြင့်မားရေးနှင့် ဆင်းရဲမှုပပျောက်ရေးကို အဖွဲ့ဝင်နိုင်ငံအစိုးရအသီးသီးက ဦးစားပေး ဆောင်ရွက်ရန်လိုအပ်နေချိန်တွင် ယခုကဲ့သို့ အစည်းအဝေးများမှရရှိသည့် ရလဒ်များကလုပ်ငန်းများ အောင်မြင်ထိရောက်ရေးကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်သည့်အတွက် ၂၀၃၀ ပြည့်နှစ်မတိုင်မီ အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးရှိ ကျေးရွာများအားလုံး ဆင်းရဲမှုမှလွတ်ကင်းဖွံ့ဖြိုးလာရန် မိမိတို့အတူတကွကြိုးစားအားထုတ်ကြပါစို့ဟု တိုက်တွန်းပါကြောင်းပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ASEAN Secretariat , ASEAN Socio–Cultural Community, အာဆီယံဒုတိယအတွင်းရေးမှူးချုပ် Mr.Kung Phoak တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများက ခင်းကျင်းပြသထားသည့် Exhibition Booths များကို လှည့်လည်ကြည့်ရှုသည်။

**သတင်းစဉ်**

# ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရာတွင် စနစ်တကျလုပ်ဆောင်နိုင်မှသာ သိသာထင်ရှားသည့်ရလဒ်ကို ပိုင်ဆိုင်နိုင်မည်

**နေပြည်တော် နိုဝင်ဘာ ၈**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့တွင် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့ (IDA) ထံမှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ချေးငွေရယူရေးကိစ္စ၊ အခြေခံပညာဦးစီးဌာန၏ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေတွင်ပါဝင်သော တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် လုပ်ဆောင်နိုင်မှသာ သိသာထင်ရှားသည့်ရလဒ်ကို ပိုင်ဆိုင်နိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာ့ပညာရေးကို စိုက်ထူကြမည့်သူများအနေဖြင့် မြန်မာ့ပညာရေး၏ မြေပြင်ပကတိအခြေအနေမှန်များကိုလည်း မျက်ခြည်မပြတ်ရန် အလေးအနက်ထားတိုက်တွန်းလိုပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ ပညာရေးပြဿနာများကို လက်တွေ့ကျကျ ကိုင်တွယ်ဖြေရှင်းနိုင်မည့်သူများ လိုအပ်နေချိန်ဖြစ်သကဲ့သို့ ပြဿနာကို ဖြေရှင်းမည့်ပညာရှင်များအနေဖြင့် အတွေးအခေါ်သစ်များကို အကြံပြုလိုပါကြောင်း၊ ကျောင်းကော်မတီမှ တာဝန်ယူဆောက်လုပ်ခြင်းအားဖြင့် လုပ်ငန်းများဆောလျင်စွာ စတင်နိုင်ခြင်း၊ ငွေပိုလျှံပါက ကျောင်းအတွက် အသုံးပြုနိုင်ခြင်း၊ ရပ်ရွာတစ်ခုလုံးက ကြီးကြပ်နိုင်ခြင်း၊ တစ်ထပ်ကျောင်းအားနှစ်ထပ်ကျောင်းအဖြစ် ဆောက်လုပ်နိုင်ခြင်း၊ တင်ဒါထပ်ဆင့်ရောင်းစားနိုင်မှု မရှိခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ကျောင်းဆောင်သစ်များကို ကျောင်းကော်မတီက တာဝန်ယူတည်ဆောက်နိုင်ပါက ဝေးလံခက်ခဲ


တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးနိုင်မြင့်


လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ


စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၈) မှ ဦးကိုကိုနိုင်


မင်းလှမဲဆန္ဒနယ်မှ ဦးကျော်ကြီး (ခ) ဦးအုန်းခင်


ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဦးကျင့်ခန့်ပေါင်


ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးထိန်ဝင်း

ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာတို့နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အစည်းအဝေးတွင် **နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော ပညာရေးဝန်ကြီးဌာနက လူတိုင်းအကျုံးဝင်အရည်အသွေးမီ ပညာရေးလုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့ (IDA) ထံမှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ချေးငွေရယူရေးကိစ္စ**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

## တိုင်းရင်းသားဒေသများပါ သင့်တင့်မျှတစွာ ခွဲဝေသုံးစွဲနိုင်ရေး စီမံဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေး

**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးနိုင်မြင့်**က ယခုချေးငွေသည် လူတိုင်းအကျုံးဝင်အရည်အသွေးမီ ပညာရေးလုပ်ငန်းအစီအစဉ်ဖြစ်သည့်အတွက် ကလေးများကို အရည်အသွေးမီသော အခြေခံပညာရေးအပြင် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာတိုးတက်စေရန် အနီးကပ်ကြပ်မတ်သင်ကြားပေးသော ဆရာ ဆရာမများ၏ အခန်းကဏ္ဍကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ပညာရေးဝန်ကြီးဌာန၏ ချေးငွေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခြင်းဖြစ်သည့်အတွက် မူအားဖြင့် ထောက်ခံပါကြောင်း၊ သို့သော် ချေးငွေကို မလိုလားအပ်သည့် သုံးစွဲမှုများ၊ စီမံခန့်ခွဲမှုအမှားများမဖြစ်စေဘဲ အကျိုးရှိရှိ ထိထိရောက်ရောက် သုံးစွဲရန်နှင့် တိုင်းရင်းသားများ၏ ဒေသဘာသာစကား သင်ကြားနိုင်ရေးအတွက် တိုင်းရင်းသားဒေသများပါ သင့်တင့်မျှတစွာ ခွဲဝေသုံးစွဲနိုင်ရေး စီမံဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

**လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ**က ယခုစီမံကိန်း၏ ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများထဲတွင် ကျောင်းဖွံ့ဖြိုးရေးစီမံချက်များ ရေးဆွဲခြင်းကို ပြည့်ပြည့်စုံစုံရေးဆွဲပေးနိုင်ပါရန် အကြံပြုလိုပါကြောင်း၊ စီမံကိန်းတွင်ပါရှိသော အခြေခံပညာကျောင်းများတွင် လိုအပ်လျက်ရှိသည့် ဆရာ ဆရာမများအား ဆောလျင်စွာ ခန့်အပ်တာဝန်ပေးနိုင်ပါရန် အကြံပြုလိုပါကြောင်း၊ အခြေခံပညာမူလတန်း ကျောင်းသား ကျောင်းသူများ၏ မြန်မာစာအရေး၊ အဖတ်စွမ်းရည်၊ သင်္ချာစွမ်းရည်များအပြင် အင်္ဂလိပ်စာကိုလည်း အရည်အသွေးမြင့်မားစွာဖြင့် သင်ယူတတ်မြောက်မှု အရည်အသွေးကောင်းမွန်လာရန် ဆောင်ရွက်ပေးသင့်ပါကြောင်း၊ ထို့ကြောင့် ချေးငွေရယူရန် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးသင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

**စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်**က ပညာရေးကဏ္ဍကို ပြုပြင်ပြောင်းလဲသည့်အခါတွင် နှစ်ရှည်ပြောင်းလဲမှုကို စနစ်တကျပိုင်ဆိုင်ထားပြီး လက်တွေ့ကျကျ ဖြေရှင်းနိုင်သူများဖြစ်ရန် လိုအပ်မည်ဟု ယူဆမိပါကြောင်း၊ ယခုပညာရေးဝန်ကြီးဌာနက ရည်ရွယ်ချက်ကောင်းများနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လူတိုင်းအကျုံးဝင်အရည်အသွေးမီ ပညာရေးလုပ်ငန်းများကို စနစ်တကျဖြင့် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ဆန္ဒပြုပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကျော်သောင်း၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်း၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်၊ သံတောင်ကြီး မဲဆန္ဒနယ်မှ ဦးစောဗစ်တာခလိုက်၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၊ မကွေးမဲဆန္ဒနယ်မှ ဦးမြင့်ဦး၊ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဝင်းမြင့်နှင့် တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်တို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းနောက် **ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၏ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေတွင် ပါဝင်သောတည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေနှင့် ၎င်းအပေါ် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထား မှတ်ချက် အစီရင်ခံစာအမှတ်စဉ် (၁၅/၂၀၁၉)** တို့နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

## ကုမ္ပဏီများကိုလည်း တာဝန်ခံမှုနှင့် တာဝန်ယူမှုရှိရန်နှင့် ငွေကြေးလည်ပတ်မှု လျင်မြန်ရန်လည်းလိုအပ်

**မင်းလှမဲဆန္ဒနယ်မှ ဦးကျော်ကြီး(ခ) ဦးအုန်းခင်**က တည်ဆောက်ရေးလုပ်ငန်းများကို မြို့နယ်တည်ဆောက်ရေးကော်မတီက ကြီးကြပ်ပါက လျင်မြန်၍ အချိန်နှင့်တစ်ပြေးညီ ကြီးကြပ်နိုင်မည်ဖြစ်ပြီး ရပ်ကွက်နှင့် ကျေးရွာကြီးကြပ်ရေးအဖွဲ့များနှင့်လည်း အဆင်မပြေမှုများကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်းပေးနိုင်မည်ဖြစ်ပါကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုမည့်ပစ္စည်းများကိုလည်း သီးခြားတင်ဒါခေါ်ယူဆောင်ရွက်ပါက လုပ်ငန်းပို၍ လျင်မြန်မည်ဟု သုံးသပ်ရရှိပါကြောင်း၊ ထို့ပြင် ဝန်ကြီးဌာနမှ အတည်ပြုဒီဇိုင်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ အချိန်မီဖြန့်ဝေနိုင်ရေး လိုအပ်ပါကြောင်း၊ ကုမ္ပဏီများကိုလည်း တာဝန်ခံမှုနှင့် တာဝန်ယူမှုရှိရန်နှင့် ငွေကြေးလည်ပတ်မှု လျင်မြန်ရန်လည်း လိုအပ်ပါကြောင်း ဆွေးနွေးသည်။

**ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးကျင့်ခန့်ပေါင်**က ကျောင်းဆောက်လုပ်ရေးလုပ်ငန်း မြန်ဆန်စွာဆောင်ရွက်နိုင်ရေးအတွက် ငွေကျပ် သိန်း ၂၀၀၀ အောက် လုပ်ငန်းများကို ကျောင်းကော်မတီအား ဆောက်လုပ်ခွင့်ပေးနိုင်ရန်သည့် ကျောင်းများအတွက် ဒေသထွက်ပစ္စည်းများနှင့် ဆောက်လုပ်နိုင်ရေး အစီအစဉ်တစ်ခု ခွင့်ပြုပေးနိုင်ရန်နှင့် တင်ဒါကို ထပ်ဆင့်ရောင်းစားသည့် ကုမ္ပဏီများကို အရေးယူပေးရန် တင်ပြလိုပါကြောင်း ဆွေးနွေးသည်။

## ဌာနနှင့်ကုမ္ပဏီချုပ်ဆိုထားသည့် စာချုပ်မိတ္တူများကို သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များကို ပေးအပ်ထားသင့်

**ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း**က မိမိ၏ မဲဆန္ဒနယ်မြေအတွင်း လှည့်လည်သွားလာရင်း ဆောက်လုပ်ဆဲကျောင်းဆောင်များကို ဝင်ရောက်စစ်ဆေးကြည့်ရှုလေ့ရှိပါကြောင်း၊ ထိုသို့စစ်ဆေးရာတွင် လုပ်ငန်းခွင်အတွင်း အင်ဂျင်နီယာကို မည်သည့်အခါမှ တွေ့ရှိခြင်းမရှိပါကြောင်း၊ တကယ်တွေ့ရှိရသည်မှာ ပန်းရန်ခေါင်းဆောင်နှင့် နေ့စားအလုပ်သမားများကိုသာ တွေ့ရှိရပါကြောင်း၊ ထို့ပြင် လုပ်ငန်းဆောင်ရွက်နေသည့် ကုမ္ပဏီ၏ အမည်၊ ဘဏ္ဍာရေးနှစ်၊ စီမံကိန်းလုပ်ငန်းအမည်၊ စီမံကိန်းတန်ဖိုး၊ တာဝန်ခံအင်ဂျင်နီယာ၊ ကုမ္ပဏီ၏တည်နေရာနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ် စသည့် အချက်အလက်များ ရေးသားထားသည့် ဆိုင်းဘုတ်စိုက်ထူထားခြင်းမျိုးလည်း မတွေ့ရှိသည်မှာ များပါကြောင်း၊ ထို့ပြင် ဌာနနှင့် ကုမ္ပဏီချုပ်ဆိုထားသည့် စာချုပ်မိတ္တူများကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များကို ပေးအပ်ထားသင့်ပါကြောင်း၊ သို့မှသာ စာချုပ်တွင်ပါဝင်သည့် အချက်အလက်များနှင့် မြေပြင်တည်ဆောက်ရေးလုပ်ငန်းများကို တိုက်ဆိုင်ကြည့်ရှုစစ်ဆေး၍ မှန်ကန်မှုမရှိပါက ထောက်ပြပြောဆိုရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါတည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေနှင့် အစီရင်ခံစာအမှတ်စဉ် (၁၅/၂၀၁၉)တို့နှင့်စပ်လျဉ်း၍ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ ပေုတောမဲဆန္ဒနယ်မှ ဦးသန်းအောင်၊ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးဝင်းမောင်၊ အင်္ဂပူမဲဆန္ဒနယ်မှ ဦးအေးဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) မှ ဦးတင်အောင်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး (ခ) သန်းစိုး (ဘောဂဗေဒ)၊ ကျောက်ပန်းတောင်း မဲဆန္ဒနယ်မှ ဦးရွှေကို၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) မှ ဦးကျော်မြင့်ဦးနှင့် လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နိုဝင်ဘာ ၁၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**

## အများပြည်သူသို့ အသိပေးကြေညာချက်

မြန်မာနိုင်ငံသည် ILO အဖွဲ့ဝင်နိုင်ငံဖြစ်ပြီးချိန်မှစ၍ ILO နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ၂၀၀၇ ခုနှစ်မှစတင်၍ တိုင်ကြားမှုယန္တရားထူထောင်ကာ အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ပါသည်။ ၂၀၁၉ ခုနှစ်မှစ၍ အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ဖြေရှင်းဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism – NCM) ထူထောင်ရေးဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါယန္တရားထူထောင်ဆဲကြားကာလတွင် အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ (High Level Working Group–HLWG)မှ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO) အပါအဝင် အောက်ဖော်ပြပါဖုန်းနံပါတ်နှင့် email လိပ်စာများသို့ **တိုင်ကြားသူနှင့် အဓမ္မခိုင်းခံရသူများ လုံခြုံစိတ်ချစွာဆက်သွယ်တိုင်ကြားနိုင်ပါကြောင်း** အသိပေးကြေညာအပ်ပါသည်။

၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄

mol@mptmail.net.mm, molipoffice@gmail.com,

research.org.dol.mm@gmail.com

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## နိုင်ငံခြားဘဏ် ဘဏ်ခွဲများနှင့် နိုင်ငံခြားဘဏ်များ၏ လက်အောက်ခံဘဏ်များ ရွေးချယ်ခွင့်ပြုရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၈**

မြန်မာနိုင်ငံတွင် ဘဏ်လုပ်ငန်းလုပ်ကိုင်ရန်အတွက် နိုင်ငံခြားဘဏ် ဘဏ်ခွဲများ (Branch) နှင့် နိုင်ငံခြားဘဏ်များ၏ လက်အောက်ခံဘဏ်များ (Subsidiary) ရွေးချယ်ခွင့်ပြုရေးနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက် (Announcement) ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နိုဝင်ဘာ ၇ ရက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် website ဖြစ်သည့် www. cbm. gov.mm တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါသတင်းထုတ်ပြန်ချက်တွင် နိုင်ငံခြားဘဏ် ဘဏ်ခွဲများ (Branch)နှင့် နိုင်ငံခြားဘဏ်များ၏ လက်အောက်ခံဘဏ်များ (Subsidiary) လုပ်ကိုင်ခွင့်ပြုခြင်းနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ထည့်သွင်းဖော်ပြထားကြောင်း သိရသည်။

**သတင်းစဉ်**

# နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးလုပ်ငန်းကော်မတီ၏ ပြန်လည်နေရာချထားရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၈**

နေရပ်စွန့်ခွာသူများ ပြန်လည်နေရာထားရေးလုပ်ငန်းကော်မတီ၏ ပြန်လည်နေရာချထားရေး လုပ်ငန်းများနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၇ ရက် မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြန်လည်နေရာချထားရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) မှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရခိုင်ပြည်နယ်အတွင်း ၂၀၁၇ ခုနှစ် ARSA အကြမ်းဖက်ဖြစ်စဉ်ကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ရသော်လည်း တစ်ဖက်နိုင်ငံသို့ ထွက်ခွာခြင်းမရှိဘဲ နီးစပ်ရာဆွေမျိုးများနေအိမ်တွင် ခိုလှုံနေရသူများအား ပြန်လည်နေရာချထားရေးကိစ္စများ ဆောင်ရွက်နေပါကြောင်း၊ ၂၀၁၆ ခုနှစ်မှစတင်ပြီး ရခိုင်ပြည်နယ်နှင့်ပတ်သက်၍ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ပြီး ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကိုဖွဲ့စည်းကာ လုပ်ငန်းကော်မတီလေးရပ်ဖြင့် ဆောင်ရွက်လျက်ရှိသည်ကို အားလုံးသိရှိပြီးဖြစ်ပါကြောင်း။

**ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်**

ဒေသတွင်းနေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီကို မိမိတို့ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၇ ခုနှစ် ARSA အကြမ်းဖက် ဖြစ်စဉ်ဖြစ်ပွားပြီးနောက် ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီအား လုပ်ငန်းကော်မတီနှစ်ရပ်ဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ ထိုလုပ်ငန်းများကို စနစ်တကျရှိရေးနှင့် ရေရှည်ကောင်းမွန်သော အကျိုးရလဒ်များ ရရှိနိုင်ရန် မြေပြင်အခြေအနေများမှ အချက်အလက်များမှာ အရေးပါသောကြောင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းလေ့လာမှုများ အကြိမ်ကြိမ် ဆောင်ရွက်ခဲ့ပါကြောင်း။

ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံလုပ်ငန်းများ ဆောင်ရွက်ရန် အစိုးရ၊ ပြည်သူများ၊ မိတ်ဖက်နိုင်ငံများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများပါဝင်သည့် UEHRD ကို ဖွဲ့စည်းပြီး ဆောင်ရွက်နေပါကြောင်း၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပခဲ့သည့် (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရခိုင်ပြည်နယ်အရေးကိစ္စမှာ အလွန်သိမ်မွေ့ရှုပ်ထွေးသည့် ကိစ္စတစ်ခုဖြစ်ကြောင်း၊ မိမိတို့လက်ရှိအစိုးရသက်တမ်းထက် ဆယ်ဆမက ကာလရှည်လျားစွာ ယင်းဒေသ၌ ရောက်ရှိနေကြသည့် ကုလသမဂ္ဂအဖွဲ့အစည်းများအနေဖြင့် ပြဿနာ၏ သိမ်မွေ့ရှုပ်ထွေးမှု အတိုင်းအတာကို အနည်းအကျဉ်းမျှ သိထားရန် လိုအပ်ကြောင်း၊ မိမိတို့ကာကွယ်စောင့်ရှောက်ပေးရမည့်သူများ အားလုံး၏ လုံခြုံရေးနှင့် အခွင့်အရေးများအား ကာကွယ်ပေးရန် တာဝန်ကို မိမိတို့အစိုးရအနေဖြင့် ရှောင်လွဲသွားမည်မဟုတ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် လက်မှတ်ရေးထိုးထားသည့် နှစ်နိုင်ငံ သဘောတူညီချက်၊ UNHCR၊ UNDP တို့နှင့် လက်မှတ်ရေးထိုးထားသည့် သုံးပွင့်ဆိုင် သဘောတူညီချက်တို့နှင့်အညီ စိစစ်အတည်ပြုပြီးဖြစ်သည့် နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရန် အပြည့်အဝ ကတိပြုထားပြီးဖြစ်ကြောင်း၊ ပြဿနာအပေါ် လက်တွေ့ကျပြီး ဘက်လိုက်မှုမရှိဘဲ မျှတသည့် ချဉ်းကပ်မှုဖြင့် အကူအညီပေးနေကြသော မိတ်ဆွေများ၏ အကူအညီဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားထားပြီးဖြစ်ပါကြောင်း။

**မူလကျေးရွာများတွင် ပြန်လည်နေရာချထားရေး ဆောင်ရွက်**

ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာရေးဆွဲအတည်ပြုပြီးဖြစ်ကြောင်း၊ UN – Habitat ကလည်း အဆောက်အဦများ ဆောက်လုပ်ရာတွင် အကူအညီများပေးရန် ဆောင်ရွက်လျက်ရှိသည်ကို သိရကြောင်း၊ တာဝန်ရှိသူများကလည်း ပြန်လည်နေရာချထားရေးအတွက် မြေပြင်ကွင်းဆင်းဆောင်ရွက်ထားပြီးဖြစ်သည့်အတွက် တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားခြင်းမရှိဘဲ နီးစပ်ရာကျေးရွာများတွင် ခိုလှုံနေကြသူများအား ၎င်းတို့၏ မူလကျေးရွာများတွင် ပြန်လည်နေရာချထားရေးအတွက် ကျေးရွာအချို့တွင် စတင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးစိုးအောင်က ၂၀၁၇ ခုနှစ် ARSA အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာခဲ့ရပြီး တစ်ဖက်နိုင်ငံသို့ ထွက်ပြေးခြင်းမပြုဘဲ နီးစပ်ရာ ကျေးရွာများတွင် ခိုလှုံနေကြရသူများအား ပြန်လည်နေရာချထားရေးအတွက် ၎င်းတို့၏ ဆန္ဒနှင့်အညီ ကျေးရွာအချို့တွင် ပြန်လည်နေရာထားရေး ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါကြောင်း၊ ကနဦးအနေဖြင့် မောင်တောမြို့နယ်ရှိ ကျေးရွာနှစ်ရွာကို ဦးစားပေးဆောင်ရွက်သွားရန် လျာထားပါကြောင်း၊ ပြန်လည်နေရာချထားနိုင်ရေးအတွက် ဒေသနှင့် ကိုက်ညီသည့် နေအိမ်ဆောက်လုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေး စသည့် ကိစ္စရပ်များ ဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်း**

ထို့နောက် ပူးတွဲဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီး ဦးအောင်ကျော်ဇံက တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခြင်းမရှိဘဲ နီးစပ်ရာကျေးရွာများတွင် ခိုလှုံနေကြသူများအား ပြန်လည်နေရာချထားပေးနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် UNHCR၊ UNDP နှင့် UN – Habitat တို့မှ ကိုယ်စားလှယ်များက ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက ပြန်လည်နေရာချထားရေးလုပ်ငန်းကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေးကြကာ လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ပူးတွဲဥက္ကဋ္ဌတို့က ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# ဂျပန်နိုင်ငံ ယဉ်ကျေးမှုဆိုင်ရာ အေဂျင်စီမှ ကော်မရှင်နာ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာနှင့် ဖလင်ပိဋကတ်တိုက်အား သွားရောက်ကြည့်ရှုလေ့လာ



**ရန်ကုန် နိုဝင်ဘာ ၈**

ဂျပန်နိုင်ငံ ယဉ်ကျေးမှုဆိုင်ရာ အေဂျင်စီမှ ကော်မရှင်နာ မစ္စတာ မီရတကိုဟေ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား အမှတ်(၅၀)ရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာနှင့် ဗဟန်းမြို့နယ် သာသနာ့ရိပ်သာလမ်း အမှတ် (၃၅/အေ) ရှိ ဖလင်ပိဋကတ်တိုက်သို့ လာရောက်ကြည့်ရှုလေ့လာသည်။

**ပေါင်းကူးဆက်သွယ်နိုင်ရန် ရည်ရွယ်**

အဆိုပါဂျပန်နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၂ နာရီတွင် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာသို့ ရောက်ရှိပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာဥက္ကဋ္ဌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်ဦးဆောင်သော ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာအဖွဲ့နှင့် တွေ့ဆုံပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာကို အတတ်ပညာနှင့် အသိပညာများသင်ကြားလေ့ကျင့်ပေးရန် ရုပ်ရှင်လောကသားအချင်းချင်း ဆွေးနွေးအကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် မျိုးဆက်သစ်၊ မျိုးဆက်ဟောင်းများ အပြန်အလှန် ပေါင်းကူးဆက်သွယ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားရှိမှု၊ ၎င်းတွင် သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပနေမှု၊ ရုပ်ရှင်ဇာတ်ကားများ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းများ ပြုလုပ်နေမှု၊ စတူဒီယို သုံးခုပြုပြင်မွမ်းမံပြီး ရုပ်ရှင်ဇာတ်ကားများရိုက်ကူးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးနေမှုတို့ကို ဆွေးနွေးသည်။

ထို့ပြင် ဂျပန်ရုပ်ရှင်ပွဲတော်ကို ယခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် လည်းကောင်း၊ မြန်မာ–ဂျပန် ဂန္ထဝင်ရုပ်ရှင်ပွဲတော်ကို ၂၀၂၀ ပြည့်နှစ် မတ်လတွင် ရန်ကုန်မြို့၌ လည်းကောင်း ကျင်းပရန် စီစဉ်ဆောင်ရွက်နေမှု၊ ဖလင်ပိဋကတ်တိုက်တွင် အဖြူ/အမည်းနှင့် ဆေးရောင်စုံရုပ်ရှင်ဇာတ်ကားများ၊ သတင်းမှတ်တမ်းကားများနှင့် DCP တို့ ထိန်းသိမ်းထားရှိမှု၊ Save Myanmar Film နှင့် ပူးပေါင်း၍ ဖလင်များ ထိန်းသိမ်းရေးဆောင်ရွက်မှုနှင့် နည်းပညာလိုအပ်ချက်များကို ဆွေးနွေးကြသည်။

**ကြည့်ရှုလေ့လာ**

ထို့နောက် ဂျပန်နိုင်ငံကော်မရှင်နာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာတွင် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ဖလင်ပိဋကတ်တိုက်တွင် ဖလင်များထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

ဂျပန်နိုင်ငံ ယဉ်ကျေးမှုဆိုင်ရာ အေဂျင်စီသည် ဂျပန်နိုင်ငံ၏ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ အထူးအဖွဲ့အစည်းတစ်ခုဖြစ်သည်။ အနုပညာနှင့် ယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ရန်၊ ဂျပန်နိုင်ငံနှင့် နိုင်ငံတကာသတင်းအချက်အလက်များဖြန့်ချိရန် အဓိကထားဆောင်ရွက်နေပြီး ၎င်းအေဂျင်စီသည် လူငယ်အနုပညာရှင်များကို အထူးဆုများ ချီးမြှင့်ခြင်း၊ သမိုင်းဝင်နေရာများနှင့် အနုပညာအမျိုးသားပြတိုက်များကို အကာအကွယ်ပေးခြင်းနှင့် ရန်ပုံငွေထောက်ပံ့ပေးခြင်းများ ဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ညနေစာ

## ဒေါက်တာမော်

မြတ်စွာဘုရားက ဥပုသ်သီလမှာ ညနေစာ မစားစေခြင်းသည် မည်သည့်ရည်ရွယ်ချက်ရှိသနည်းဟု မကြာခဏ အဖြေရှာကြည့်မိသည်။

ဉာဏ်တော်ရှေ့ကသွားပြီး ကျိုးရှိဟုတ်မှန် နှစ်တန်သောစကားကိုပြောသော မြတ်စွာဘုရားသည် ကိုယ်ကျင့်သီလများတွင် မွန်းလွဲညစာ မစားရဟု ပညတ်ထားသည်မှာ ရည်ရွယ်ချက်တော့ ရှိရပေမည်။ ကောင်းကျိုးဖြစ်စေမည်မှာကား သေချာပေသည်။

**ပုထုဇဉ် စာမတတ်ပေမတတ်ဉာဏ်ဖြင့် စဉ်းစားကြည့်မိသည်မှာ–**

ညနေစာမစားလျှင် ချက်ဖို့၊ ပြုတ်ဖို့၊ စားဖို့၊ သောက်ဖို့၊ ဆေးဖို့၊ ကြောဖို့ မလိုသည့်အတွက် အချိန်တွေ ပိုရလာပေမည်။ ထိုအချိန်များတွင် တရားရှုမှတ်၊ တရားစာပေများဖတ်ခြင်းဖြင့် အချိန်ကို အကျိုးရှိစွာ အသုံးပြုနိုင်ပေသည်။ လောကုတ္တရာအတွက်သာမက လောကီလူ့ဘောင်မှာလည်း တိုးတက်ရာ တိုးတက်ကြောင်း အလုပ်များကိုလုပ်ရန် အချိန်ပိုများရလာပေမည်။

**ဆရာဝန်ပညာဖြင့် စဉ်းစားကြည့်မိသည်မှာ–**

သွားလာလှုပ်ရှား အလုပ်များသော နေ့ဘက်မှာသာ အင်နာဂျီ (Energy) လိုပြီး အနားယူတော့မည့် ညဘက်မှာ အစားများလျှင် အင်နာဂျီများပိုကာ မလိုလားအပ်သော အဆီများ ဖြစ်ကုန်ပေမည်။

ပရိယတ္တိစာပေများနှံ့စပ်လွန်းသဖြင့် ဓမ္မဆရာမလေး ဖြစ်နေသော ညီမလေးတစ်ယောက်ကို "ဗုဒ္ဓစာပေတွေထဲမှာ ညနေစာ မစားရတာနဲ့ပတ်သက်ပြီး မြတ်စွာဘုရားရဲ့ အမြင်တွေ ဖော်ပြထားတာရှိသလား"ဟု မေးကြည့်မိရာတွင်–

ထိုညီမလေးက "အစ်မရေ.. မြတ်စွာဘုရားက အစားအသောက်နဲ့ပတ်သက်ပြီး အများကြီးဆုံးမထားတယ်။ ကောသလမင်းကြီးက ဝလွန်းတော့ထမင်းစားတိုင်း ထမင်းတစ်လုတ် လျှော့စားဖို့ သင်ပေးတယ်။ ထမင်းစားရင် အစာအိမ်တစ်ဝက်စာလောက်ပဲ စားရမယ်။ လေးပုံတစ်ပုံက ရေနဲ့ဖြည့်ရမယ်။ ကျန်တဲ့လေးပုံတစ်ပုံက လေသာရှိရမယ်လို့ ဆိုခဲ့တယ်။ စားတဲ့အခါမှာလည်း တဏှာနဲ့ မစားရဘူးတဲ့။ အများကြီးသင်ပေးထားတာ။ မြတ်စွာဘုရားကိုယ်တိုင်လည်း တစ်နေ့မှာတစ်နပ်ပဲ ဘုဉ်းပေးတာလေ။ သံဃာတွေကိုလည်း တစ်နပ်ပဲဘုဉ်းပေးဖို့ အားပေးတယ်။ လူ့ခန္ဓာအတွက်က တစ်နပ်စားရင် လုံလောက်တယ်၊ ပေါ့ပါးရွှင်လန်းတယ်၊ ကျန်းမာရေးနဲ့ ညီညွတ်တယ်လို့ ညွှန်ပြထားတယ်။ နောက်ပိုင်းမှသာ အကြောင်းအမျိုးမျိုးကြောင့် မွန်းလွဲရင် ဆွမ်းမစားရတော့ဘူးလို့ အချိန်ကိုပါ ဝိနည်းသတ်မှတ်တာ"ဟု စိတ်ရှည်လက်ရှည် ရှင်းပြပါသည်။

မည်သို့ပင်ဖြစ်စေ ထိုကဲ့သို့ မြတ်စွာဘုရားက မွန်းလွဲချိန်မှစ၍ နောက်တစ်နေ့နံနက် အရုဏ်တက်သည်အထိ မစားရဟု ဥပုသ်သီလတစ်ခုအနေဖြင့် စည်းမျဉ်းချထားသည့်အခါ အစာမစားရသောအချိန်သည် ၁၆ နာရီခန့် ရှိပေသည်။

### ၁၆ နာရီ

ကိုယ်အလေးချိန်ကျရန်၊ ကျန်းမာရန်၊ နုပျိုလန်းဆန်းရန် ယခုခေတ်စားနေသော တစ်နေ့မှာ ၁၆ နာရီ အစာမစားခြင်း (16 hour fasting, 16/8 intermittent fasting) ကို ကြားဖူးပါသလား။

ထိုနည်းတွင် တစ်နေ့ ၂၄ နာရီအနက် ၈ နာရီအတွင်းမှာသာ အစာစားရပြီး ကျန်သော ၁၆ နာရီတွင် ရေ၊ ရေနွေးကြမ်း၊ ကော်ဖီကြမ်း (နို့၊ သကြား မပါရပါ။) မှလွဲ၍ မည်သည့်အစားအစာမျှ မစားရပေ။ ဥပုသ်စောင့် လျှင် အချိုရည်၊ စတုမဓု စသည်တို့ စားနိုင်သော်လည်း ထိုနည်းမှာကား ၁၆ နာရီအတွင်း မည်သည့်အချို၊ မည်သည့် ကစီဓာတ်မျှ မစားရချေ။ မစားရခြင်းမှာ အောက်ပါ အကြောင်းရင်းကောင်းများရှိ၍ ဖြစ်ပါသည်။

### (၁)ခန္ဓာကိုယ်တွင် ပိုနေသော အဆီများကို ဖယ်ရှားနိုင်ခြင်း

လူ့ခန္ဓာတွင် သွားလာလှုပ်ရှားရန်၊ စဉ်းစားဉာဏ်များ ထွက်လာရန် အင်နာဂျီအမြဲလိုအပ်နေပေသည်။ ထိုသို့ နိစ္စဓူဝ လိုအပ်သောအင်နာဂျီကို သကြားဓာတ်၊ ကစီဓာတ် (Carbohydrate) မှ ရရှိသည်။ လူ့ခန္ဓာကိုယ်တွင် သကြားဓာတ်၊ ကစီဓာတ်များမရှိတော့သည့်အခါ အင်နာဂျီရရန် အဆီ(fat) ကိုသုံးရပေသည်။ အဆီမရှိလျှင်ကား အသားဓာတ် (protein) ကို သုံးရပေသည်။

ထိုသဘာဝအရ ထမင်းမစားလျှင်၊ ကစီဓာတ်မစားလျှင်၊ သကြားဓာတ်မစားလျှင် အမြဲလိုအပ်နေသော အင်နာဂျီအတွက် အဆီကိုသုံးရပေတော့သည်။ အဆီကိုသုံးရသဖြင့် ခန္ဓာကိုယ်တွင် ပိုနေသောအဆီများကို ဖယ်ရှားနိုင်ကာ ကိုယ်အလေးချိန်ကျပေတော့သည်။ အစာမစားသော ၁၆ နာရီအတွင်း အဆီကိုသာသုံးပြီး အသားဓာတ်ကိုလည်း သုံးစရာမလိုသေးသဖြင့် အသား muscles များပျော့မသွားဘဲ တင်းတင်းရင်းရင်းနှင့် ကိုယ်အလေးချိန်ကျပေမည်။

### (၂) နုပျိုလန်းဆန်းစေခြင်း

၁၆ နာရီ အစာမစားလျှင် အဘယ်ကြောင့် နုပျိုလန်းဆန်းနိုင်သည်ကို သုတေသနတွေ့ရှိချက်များအရ အနည်းငယ် ရှင်းပြလိုပါသည်။ ၂၀၁၆ ခုနှစ်တွင် Yoshinori Ohsumi ဟူသော ဂျပန်ပရော်ဖက်ဆာကြီးသည် "Autophagy" ဟူသောဖြစ်စဉ်ကို ရှာဖွေတွေ့ရှိသဖြင့် နိုဘယ်ဆု ရရှိခဲ့သည်။

"Autophagy" ဆိုသည်မှာ အတိုချုပ်ပြောရလျှင် ကိုယ့်ခန္ဓာတွင် ကိုယ့်အမှိုက်ကို ကိုယ်သိမ်းခြင်းဖြစ်သည်။

ခန္ဓာကိုယ်တွင် သဘာဝအရ ဆဲလ်(cell)လေးများ ပျက်စီးနေကြသည်။ ဥပမာ – သွေးနီဥလေးများသည် ရက်ပေါင်း ၁၂၀ သာ အသက်ရှည်ပြီး ပျက်စီးနေကြသည်။ ဆဲလ်လေးများအတွင်းရှိ organelles ဟူသော အစိတ်အပိုင်းလေးများက ပို၍ပင်မြန်ဆန်စွာ ပျက်စီးနေကြသည်။ ပျက်သွားသည်များကို ပြန်အစားထိုးဖြစ်တည်ရပြန်သည်။ ပျက်လိုက်၊ ဖြစ်လိုက် ဖြစ်နေကြသည်။ ပျက်စီးသွားသော ဆဲလ်အမှိုက်များကို သိမ်းရန်လိုအပ်လာသည်။

အမှိုက်သိမ်းသည်ဟုဆိုရာတွင် အချို့အမှိုက်များကို စွန့်ပစ်ရပြီး အချို့ကို recycle လုပ်ပြီး ပြန်သုံးရသည်။ cell membrane ပြန်ဖြစ်အောင်ပြန်သုံးရသည်။ ဆဲလ်အသစ်ဖြစ်အောင် ပြန်သုံးရသည်။ အခုခေတ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် recycle လုပ်ရသကဲ့သို့ပင် ဖြစ်သည်။ ထိုကဲ့သို့ ဆဲလ်အတွင်းတွင် ကိုယ့်အမှိုက် ကိုယ်သိမ်းသည်ကို "Autophagy" ဟု ခေါ်သည်။

ထို "Autophagy" process မဖြစ်လျှင် အမှိုက်များ စုပုံလာပြီး အညစ်အကြေးများဖြစ်လာကာ ဆဲလ်များ မကျန်းမာတော့ချေ။ ဆဲလ်များ အသက်မရှည်တော့ချေ။ ခန္ဓာကိုယ် မကျန်းမာတော့ချေ။ ဆီးချို (Type 2 Diabetes), Alzheimer's, Parkinson's စသည့် အသက်အရွယ်နှင့် ဆိုင်သောရောဂါများ ဖြစ်လာနိုင်သည်။ ကင်ဆာရောဂါများလည်း ဖြစ်လာနိုင်သည်။ "Autophagy" Process ဖြစ်နေလျှင် ဆဲလ်များသစ်လွင်လန်းဆန်းနေမည်။

အစာမစားခြင်းဟူသော "Fasting" က ၁၆ နာရီခန့် ကြာသောအခါ "Autophagy" ဖြစ်အောင် နှိုးဆော်ပေးပါသည်။ ထို့ကြောင့် ၁၆ နာရီအကြာ အစာမစားခြင်းက အထက်ဖော်ပြပါ အသက်အရွယ်နှင့်ဆိုင်သောရောဂါများ မဖြစ်အောင် ကာကွယ်သည့်အပြင် ဆဲလ်အသစ် (Cell Renewal ) များဖြင့် နုပျိုလာစေသည်ဟု ဆိုပါသည်။

အစားအစာမစားခြင်း (Fasting) ဟူသည်မှာ BC 500 လောက်ကတည်းကစခဲ့သည်။ ဂရိပညာရှင်ကြီးများ ဖြစ်သော Hippocrates (Father of Medicine), အရစ္စတိုတယ်နှင့် ပလေတိုတို့သည် Fasting ကို အားပေးခဲ့၏။ ကိုးကွယ်ရာဘာသာအမျိုးမျိုးမှာလည်း Fasting လုပ်ကြသည်။ အခြားအကြောင်း အမျိုးမျိုးကြောင့်လည်း Fasting လုပ်ကြသည်။ Intermittent fasting တွင်လည်း တစ်ပတ် ငါးရက် မစားခြင်း၊ တစ်နေ့ခြား မစားခြင်း၊ တစ်နေ့မှာ နာရီ ၂၀ မစားခြင်း ၊ တစ်နေ့လုံး ရေပဲသောက်နေခြင်း စသည်ဖြင့် အမျိုးမျိုးရှိသည်။ ထိုအမျိုးမျိုးအနက် 16/8 Intermittent Fasting သည် ဗုဒ္ဓ၏ ဥပုသ်သီလနှင့် အကိုက်ညီဆုံးဖြစ်ပြီး ကျန်းမာရေးနှင့် အညီညွတ်ဆုံးဖြစ်သည်။

16 hour fasting တွင် ညနေစာ မစားခြင်းမှာ ကျန်းမာရေးရှုထောင့်အရ အကောင်းဆုံး ဖြစ်ပါသည်။ သို့သော် ညနေစာမစား၍မရသော အခြေအနေမျိုး ရှိတတ်သည်။ အချို့မိသားစုများသည် အလုပ်ကိုယ်စီ၊ ကျောင်းကိုယ်စီနှင့်မို့ ညနေစာစားသည့် အချိန်လေးမှာသာ ဆုံရ၊ တွေ့ရပေသည်။ ထိုအခြေအနေမျိုးတွင် ညနေစာ စားပြီး နံနက်စာ(breakfast) မစားလျှင်လည်း အစာမစားခြင်းကာလ ၁၆ နာရီ ပြည့်နိုင်ပေသည်။ "Autophagy" ဖြစ်စေရန် ည ၉ နာရီမှာ ညစာစားပြီးလျှင် မည်သည့် အစာမျှ မစားတော့ဘဲ နောက်နေ့မှ နေ့လယ်စာကို မွန်းလွဲ ၁ နာရီတွင် စားနိုင်သည်။

ညစာကို ည ၈ နာရီမှာ စားပြီးသူများအတွက် နောက်နေ့ နေ့လယ်စာကို မွန်းတည့် ၁၂ နာရီတွင် စားနိုင်သည်။ ညနေစာကို ညနေ ၅ နာရီမှာ စားပြီးသည့်သူများအတွက် နောက်နေ့နံနက် ၉ နာရီတွင် စားနိုင်ပေသည်။ နံနက်အလုပ်မသွားခင် အဝစားရမည့် သူများက နံနက် ၈ နာရီမှာ စားချင်လျှင် မနေ့ ညနေ ၄ နာရီ နောက်ပိုင်း မည်သည့်အစားအစာမျှ မစားသင့်တော့ချေ။ စသည်ဖြင့် မစားသည့် ၁၆ နာရီကို မိမိ၏ နိစ္စဓူဝ lifestyle နှင့် ညှိနိုင်ပါသည်။ မည်သည့်အစားအစာမျှ မစားသင့်ဟု ဆိုရာတွင် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ရေ၊ ရေနွေး ကြမ်း၊ နို့မပါ၊ အချိုမပါသော ကော်ဖီကြမ်းတို့ သုံးဆောင် နိုင်သည်ကို သတိချပ်စေလိုပါသည်။

ဤသို့ပြုရာတွင် အလေ့အကျင့်မရသေးခင် စားနေကျအချိန်များတွင် ဆာလောင်လာနိုင်ပါသည်။ စားနေကျအချိန်တွင် စားနေကျပမာဏ၏ တစ်ဝက်၊ ထို့နောက် လေးပုံတစ်ပုံ စသည်ဖြင့် တဖြည်းဖြည်းလျှော့သွားနိုင်ပါသည်။ တရားမှတ်နေကျသူများအတွက်တော့ ဆာလာလျှင် ဆာသည်ဟု သတိကပ်လိုက်လျှင် မုန့်ဟင်းခါး တို့၊ ပဲပြုတ်၊ နံပြားတို့၊ ပေါင်မုန့်တို့ထံ စိတ်မရောက်တော့ဘဲ စိတ်ကြောင့်အစာအိမ်မှာ အက်ဆစ်ထွက်ခြင်းကို တားဆီးနိုင်ပါသည်။

ကိုယ်အလေးချိန်ချနည်း အမျိုးမျိုးရှိသည့်အနက် ဤနည်းကတော့ သိပ္ပံပညာကလည်း ထောက်ခံသည်။ ဘုရားနည်းလည်းဖြစ်သည်။ ဥပုသ်စောင့်နေကျ မြန်မာ ဗုဒ္ဓဘာသာများအတွက် မခက်လှချေ။ ပိုက်ဆံလည်း မကုန်၊ အချိန်လည်း မကုန်၊ အချိန်ပင် ပိုထွက်လာသေးသဖြင့် ဤနည်းကို ထောက်ခံပါသည်။ ကိုယ်အလေးချိန် ကျရုံသာမက "Autophagy" ကြောင့် နုပျိုလန်းဆန်းစေပါသည်။ ။

❖ **အစားအစာမစားခြင်း (Fasting) ဟူသည်မှာ BC 500 လောက်ကတည်းကစခဲ့**

❖ **ကိုးကွယ်ရာဘာသာအမျိုးမျိုးမှာလည်း Fasting လုပ်ကြသည်။ အခြားအကြောင်း အမျိုးမျိုးကြောင့်လည်း Fasting လုပ်ကြသည်။ Intermittent fasting တွင်လည်း တစ်ပတ် ငါးရက် မစားခြင်း၊ တစ်နေ့ခြားမစားခြင်း၊ တစ်နေ့မှာ နာရီ ၂၀ မစားခြင်း၊ တစ်နေ့လုံး ရေပဲသောက်နေခြင်း စသည်ဖြင့် အမျိုးမျိုးရှိသည်။ ထိုအမျိုးမျိုးအနက် 16/8 Intermittent Fasting သည် ဗုဒ္ဓ၏ ဥပုသ်သီလနှင့် အကိုက်ညီဆုံးဖြစ်ပြီး ကျန်းမာရေးနှင့် အညီညွတ်ဆုံးဖြစ်**

# နေပြည်တော်ရှိ စပါးစံကွက်များရိတ်သိမ်း၊ ပျမ်းမျှတစ်ဧက တင်း ၁၂၀ ထွက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၈**

နေပြည်တော် ညောင်ပင်ကြီးစုကျေးရွာရှိ စံစပါးစိုက်ကွက် ၃ ဒသမ ၂ ဧကအား နိုဝင်ဘာ ၇ ရက်က ရိတ်သိမ်း ရာ စုစုပေါင်းတင်း ၃၈၀ ထွက်ရှိပြီး ပျမ်းမျှတစ်ဧက အထွက်နှုန်း တင်း ၁၂၀ ထွက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ စံကွက်ရိတ်သိမ်းရာသို့ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ တောင်သူများ၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့မှ တောင်သူများ၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်မှ တောင်သူများက လာရောက်လေ့လာကြပြီး သိရှိလိုသည်များကို မေးမြန်းကြသည်။

ယနေ့ရိတ်သိမ်းသည့်စပါးမှာ ဂရိတ်ဝေါလ်ကုမ္ပဏီကထုတ်လုပ်သည့် High Yield စပါး GW11 မျိုးဖြစ်ပြီး ဇူလိုင် ၂၀ ရက်က စတင်ပျိုးထောင်ခဲ့ရာ ၁၉ ရက်သားအရ ဩဂုတ် ၈ ရက်တွင် စိုက်ပျိုးခဲ့သည်။ ရက် ၁၁၀ ဖြစ်သော နိုဝင်ဘာ ၇ ရက်တွင် ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် ပျမ်းမျှတင်း ၁၂၀ ထွက်ရှိခဲ့သည်။

"ကျွန်တော်တို့ စပါးမျိုးက မိုးရာသီဆိုရင် စိုက်ရက် ၁၁၀ ပါ။ GW11 စပါးမျိုးရဲ့ ပုံမှန်စိုက်ရက်က ၁၂၀ ပါ။ တောင်သူများကို မျှဝေချင်တာတော့ သက်တမ်းတိုတိုနဲ့ အထွက်နှုန်းကောင်းတဲ့မျိုးကို အများကြီးစိုက်သင့်ပါတယ်"ဟု မျိုးစပါးထုတ်လုပ်သော ဂရိတ်ဝေါလ်ကုမ္ပဏီမှ မျိုးစပါးစိုက်ကွင်းတာဝန်ခံက ပြောသည်။

ဂရိတ်ဝေါလ်ကုမ္ပဏီအနေဖြင့် အထူးအထွက်တိုးစပ်မျိုးစပါး GW1 အားထုတ်လုပ်ရောင်းချပေးလျက်ရှိပြီး အထူးအထွက်တိုးစပ်မျိုးစပါး GW2၊ GW3 နှင့် အထူးအထွက်တိုး GW11 High Yield မျိုးစပါးများကိုလည်း စမ်းသပ်စိုက်ပျိုးကာ သုတေသနပြုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုဌေး**



# တရုတ်ပြည်သူ့သမ္မတနိုင်ငံက ငြိမ်းချမ်းရေးဆိုင်ရာရန်ပုံငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံက ငြိမ်းချမ်းရေးကော်မရှင်သို့ ငြိမ်းချမ်းရေးဆိုင်ရာရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာ သုံးသိန်းနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသို့ အမေရိကန်ဒေါ်လာ သုံးသိန်း လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) တွင် ကျင်းပသည်။

**ကူညီပေးခဲ့**

ရှေးဦးစွာ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က အမှာစကား ပြောကြားရာတွင် "တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ပြီးခဲ့တဲ့ကာလအတွင်းကလည်း မော်တော်ယာဉ်များ၊ ငွေကြေးများလှူဒါန်းခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို အကြိမ်ပေါင်းများစွာ ဆောင်ရွက်ခဲ့ရပါတယ်။ ဆောင်ရွက်တဲ့အကြိမ်တိုင်းမှာလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဝမ်းမြောက်ဝမ်းသာ ကျွန်တော်တို့ကို ကြိုဆိုပြီးတော့ အစည်းအဝေးတွေ အဆင်ပြေစွာ ဆောင်ရွက်နိုင်အောင် ကူညီပေးခဲ့တာတွေကို အမြဲအမှတ်ရနေပါမယ်။

"အထူးသဖြင့် ပြောကြားလိုတာကတော့ မြန်မာနိုင်ငံအတွင်းမှာ ဒေသအနည်းငယ်မှအပ ကျန်တဲ့နေရာတွေမှာ ပစ်ခတ်တိုက်ခိုက်မှုတွေ မရှိသလောက်ကို ရပ်စဲနေပြီဆိုတာ ပြောကြားလိုပါတယ်။ တရုတ်–မြန်မာ နယ်နိမိတ်မျဉ်းဟာ ရှည်လျားသော်လည်း နယ်နိမိတ်မျဉ်းတစ်လျှောက်မှာ တိုက်ပွဲတွေအားလုံး ရပ်ဆိုင်းလျက်ရှိနေပါတယ်။ အချို့နေရာဒေသ အနည်းငယ်မှာသာ ရှောင်လွှဲလို့မရတဲ့ အကြောင်းကြောင်းတွေကြောင့် ပစ်ခတ်တိုက်ခိုက်မှုတွေ ရှိနေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ညှိနှိုင်းတိုင်ပင်ဆွေးနွေးခြင်းနည်းလမ်းနဲ့ အဖြေရှာဆောင်ရွက်သွားဖို့ အစဉ်သဖြင့် ညှိနှိုင်းတိုင်ပင်ကြိုးပမ်းနေပါတယ်" ဟု ပြောကြားသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းက လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ပြောကြားရာတွင် "ယခုလို ပေးအပ်လှူဒါန်းခြင်းက တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံကြားမှာရှိတဲ့ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးသာမကဘဲ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်ကို စွဲစွဲမြဲမြဲ ထောက်ခံအားပေးခြင်းကို ဖော်ပြနေပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်ရာမှာ အခက်အခဲအမျိုးမျိုးကို တွေ့နိုင်ပေမယ့် ငြိမ်းချမ်းရေးသည် မြန်မာနိုင်ငံ ပြည်သူတွေအားလုံးရဲ့ မျှော်လင့်ချက်ဖြစ်ပါတယ်။ အနာဂတ်မှာလည်း ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဆက်လက်လျှောက်လှမ်းတဲ့အခါ တရုတ်နိုင်ငံက မြန်မာနိုင်ငံရဲ့ လိုအပ်ချက်ကို ဆက်လက်ကူညီသွားမှာဖြစ်ပါတယ်" ဟုပြောကြားသည်။

ယင်းနောက် မစ္စတာ စွန်းဂေါ်ရှန်းက ငြိမ်းချမ်းရေးကော်မရှင်သို့ အမေရိကန်ဒေါ်လာ သုံးသိန်းကို လွှဲပြောင်းပေးအပ်လှူဒါန်းရာ ငြိမ်းချမ်းရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆက်လက်ဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) ခင်ဇော်ဦးနှင့် ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင်များ၊



ငြိမ်းချမ်းရေးကော်မရှင်အကြံပေးအဖွဲ့ဝင်များနှင့် ငြိမ်းချမ်းရေးကော်မရှင် အထောက်အကူပြုအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ နံနက် ၁၀ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC) သို့ ငြိမ်းချမ်းရေးဆိုင်ရာရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာ သုံးသိန်းကို ပေးအပ်လှူဒါန်းရာ JMC–U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**လက်နက်ကိုင်ပဋိပက္ခများ လျော့ကျရပ်စဲရေး**

အခမ်းအနားတွင် JMC–U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က "JMC ကို ပစ်ခတ်တိုက်ခိုက်မှုရပ်စဲခြင်းဆိုင်ရာ သဘောတူစာချုပ်အကောင်အထည်ဖော်ဆောင်မှုတွေ၊ ကျင့်ဝတ်စည်းကမ်းများလိုက်နာမှုကို စောင့်ကြည့်ရေး၊ ချိုးဖောက်မှုများကို စုံစမ်းစိစစ်ရေးနဲ့ ပဋိပက္ခများဖြေရှင်းရေးတို့ကို ဆောင်ရွက်ပေးနိုင်ဖို့အတွက် ဖွဲ့စည်းထားခြင်း ဖြစ်ပါတယ်။ JMC အဆင့်ဆင့်ဖွဲ့စည်းမှုကို ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC–U)၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC–S) ငါးဖွဲ့၊ ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC–L) နှစ်ဖွဲ့ တို့ဖွဲ့စည်းထားရှိပြီး ဖြစ်ပါတယ်။ JMC အဆင့်ဆင့်ရဲ့ ဆောင်ရွက်မှုများသည် လက်နက်ကိုင်ပဋိပက္ခများ လျော့ကျရပ်စဲရေးနဲ့ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးကို အထောက်အကူပြုစေရန် ဦးတည်ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။

"JMC အနေနဲ့ တပ်ပိုင်းဆိုင်ရာ ချိုးဖောက်မှုကိစ္စတွေကို အဓိကစောင့်ကြည့်ရတဲ့အတွက် ပဋိပက္ခအများဆုံး ဖြစ်ပွားနိုင်မယ့် နယ်မြေဒေသတွေမှာ JMC–L တွေ တိုးချဲ့ဖွဲ့စည်းခြင်း၊ ဒေသခံစောင့်ကြည့်သူ (Local Civilians Monitor–LCM) တွေ ဖွဲ့စည်းပြီး စောင့်ကြည့်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနဲ့ JMC လုပ်ငန်းစဉ်တွေကို ပဋိပက္ခဖြစ်ပွားရာ နယ်မြေဒေသရှိ ပြည်သူလူထုက ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေဖို့အတွက် ပြည်သူလူထုကို ရှင်းလင်းပြသခြင်းတွေကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့သည်။

**တက်ရောက်**

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) သို့ အမေရိကန်ဒေါ်လာ သုံးသိန်းပေးအပ်လှူဒါန်းသည့် အခမ်းအနားသို့ JMC–U ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီး၊ အတွင်းရေးမှူး (၁) ဒေါက်တာရွှေခါး၏၊ အတွင်းရေးမှူး (၂) ဗိုလ်မှူးကြီး ဝဏ္ဏအောင်နှင့် JMC–U အဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် မြန်မာနိုင်ငံငြိမ်းချမ်းရေးဆိုင်ရာ ရန်ပုံငွေအဖြစ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) သို့ အမေရိကန်ဒေါ်လာ လေးသိန်း၊ ငြိမ်းချမ်းရေးကော်မရှင်သို့ အမေရိကန်ဒေါ်လာ သုံးသိန်းနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသို့ အမေရိကန်ဒေါ်လာ သုံးသိန်း စုစုပေါင်း အမေရိကန်ဒေါ်လာ တစ်သန်း လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်း..ရဲခေါင်ညွန့်**
**ဓာတ်ပုံ..ဖိုးထောင်**

# ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ပုံနှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိနိုင်ရေးနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့်အချက်များကို ပြင်ပပုံနှိပ်လုပ်ငန်းရှင်များအား ကြိုတင်ရှင်းလင်းပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၈**

၂၀၂၀–၂၀၂၁ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ပုံနှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိနိုင်ရေးနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့်အချက်များကို ပြင်ပပုံနှိပ်လုပ်ငန်းရှင်များအား ကြိုတင်ရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

**အင်မတန်မွန်မြတ်**

အစည်းအဝေးတွင် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက လာမည့် ၂၀၂၀–၂၀၂၁ ပညာသင်နှစ်အတွက် အခြေခံပညာသင်ရိုးသစ်များ ပြဋ္ဌာန်းထားသည်များရှိပါကြောင်း၊ အတန်းအရေအတွက်လည်း တိုးလာသည့်အတွက် ပုံနှိပ်ပေးရသည့် အရေအတွက်မှာလည်း များပြားပါကြောင်း၊ နိုင်ငံအတွင်းရှိ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအတွက် အရည်အသွေး ပြည့်မီသည့် ဆရာကိုင်စာအုပ်များနှင့် ပြဋ္ဌာန်းစာအုပ်များ အချိန်မီ ပုံနှိပ်ထုတ်လုပ်ဖြန့်ချိပေးနိုင်ရေးသည် အင်မတန်မွန်မြတ်ပြီး နိုင်ငံတော်အတွက် အလွန်အရေးကြီးသည့် တာဝန်တစ်ခုဖြစ်ပါကြောင်း။

ယခုနှစ်အတွက် ပုံနှိပ်ရမည့် ကျောင်းသုံး ပြဋ္ဌာန်းစာအုပ်အရေအတွက်သည် သန်း ၁၀၀ ကျော်ရှိပါကြောင်း၊ ထိုအရေအတွက်အထဲမှ ၄၈ ဒသမ ၆၃၈ သန်းကျော်ကို ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ဆောင်ရွက်သွားမည်ဖြစ်ပြီး ၇၆ ဒသမ ၆၂ သန်း



ကျော်ကို ပြင်ပပုံနှိပ်လုပ်ငန်းရှင်များထံ တင်ဒါစနစ်ဖြင့် အပ်နှံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ပုံနှိပ်ထုတ်လုပ်ဖြန့်ချိပေးနိုင်ရေး လုပ်ငန်းတာဝန်ကို နိုင်ငံတော်မှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြင်ပပုံနှိပ်လုပ်ငန်းရှင်များထံ လုပ်ငန်းအပ်နှံဆောင်ရွက်စေရာတွင်လည်း တစ်စုံတစ်ရာ ခွဲခြားမှုမရှိဘဲ အားလုံး တစ်ပြေးညီ သိက္ခာရှိစွာ ပါဝင်ယှဉ်ပြိုင်ခွင့်ရအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် အရည်အသွေးပြည့်မီသည့် ဆရာကိုင်စာအုပ်များနှင့် ပြဋ္ဌာန်းစာအုပ်များ အချိန်မီ ပုံနှိပ်ထုတ်လုပ်ဖြန့်ချိပေးနိုင်ရေးအတွက် ယခင်နှစ်များကဲ့သို့ ပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်း၊ ပြီးခဲ့သည့် အတွေ့အကြုံများအပေါ် အခြေခံ၍ အားသာချက်၊ အားနည်းချက်များကို ယနေ့ အစည်းအဝေးတွင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေးဆပ်ကော်မတီအတွင်းရေးမှူး ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်က ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ သတ်မှတ်ချိန်အတွင်း အချိန်မီပုံနှိပ်ထုတ်လုပ်ဖြန့်ချိရာတွင် ပြင်ပပုံနှိပ်လုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းဆွေးနွေးသည်။

**ရှင်းလင်းဆွေးနွေး**

ယင်းနောက် ကျောင်းသုံးစာအုပ်များ ဖြန့်ချိရေးဆပ်ကော်မတီ အတွင်းရေးမှူး အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက ဆရာကိုင်စာအုပ်များနှင့် ပြဋ္ဌာန်းစာအုပ်များ အရည်အသွေးပြည့်မီစေရန်နှင့် အချိန်မီဖြန့်ချိနိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ပေးစေလိုသည့် အချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေးဆပ်ကော်မတီဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ဆွေးနွေးပြောကြားသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသူများက အခြေခံပညာကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ပုံနှိပ်ထုတ်လုပ်ဖြန့်ချိနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**



## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးဝင်းကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# (၄) ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ခေါင်းဆောင်မှုအရည်အချင်းဆုများ ပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၈**

(၄) ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ခေါင်းဆောင်မှုအရည်အချင်းဆုများ ပေးအပ်ပွဲ (4th ASEAN Leadership Award on Rural Development and Poverty Eradication) နှင့် (၁၁)ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ ဂုဏ်ပြုညစာစားပွဲအခမ်းအနား (Gala Dinner) ကို ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ရှိ Horizon Lake View Resort Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်၊ သံတမန်များ၊ အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် အာဆီယံဒုတိယအတွင်းရေးမှူးချုပ် Mr.Kung Phoak တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ထို့နောက် Awardees of 4th ASEAN Leadership Award on Rural Development and Poverty Eradication Video Presentation ကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် အာဆီယံဒုတိယအတွင်းရေးမှူးချုပ် Mr. Kung Phoak တို့က (၄) ကြိမ်မြောက်အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ခေါင်းဆောင်မှုအရည်အချင်းဆုများရရှိကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ NGOs / CSOs များနှင့် Private Sector အဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ်အတွင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ မြန်မာရိုးရာယဉ်ကျေးမှုအကပဒေသာများဖြင့် ကပြဖျော်ဖြေသည်။

**သတင်းစဉ်**

# တန်ဆောင်တိုင်ရုံးပိတ်ရက်တွင် ဆံတော်ရှင် ကျိုက်နဲရေလယ်ဘုရားပွဲတော်သို့ လာရောက်ရန် ဖိတ်ခေါ်

**သံဖြူဇရပ် နိုဝင်ဘာ ၈**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ဝဲကလောင်းကျေးရွာနှင့် အံခဲကျေးရွာကြား ပင်လယ်ပြင်၌ နတ်တွေခင်းသည့် နတ်လမ်းရှိသည်ဆိုသော ဆံတော်ရှင်ကျိုက်နဲရေလယ်ဘုရားပွဲတော်ကို နှစ်စဉ်တန်ဆောင်တိုင်ရုံးပိတ်ရက်များတွင် ကျင်းပရာ ဘုရားဖူးလာရောက်ကြရန် ဒေသခံများက ဖိတ်ခေါ်ထားကြောင်း သိရသည်။

အဆိုပါ ဆံတော်ရှင်ရေလယ်စေတီဘုရားတည်ရှိရာနေရာမှာ ဝဲကလောင်းရွာကမ်းခြေနှင့် အံခဲရွာကမ်းခြေတို့ကြားတွင် တည်ရှိပြီး နိုဝင်ဘာ ၁၃ ရက် ညပိုင်းမှ နတ်လမ်းပေါ်ချိန်ဖြစ်သည့် နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းအထိ အထူးစည်ကားကြောင်း သိရသည်။

ဆံတော်ရှင်ကျိုက်နဲရေလယ်ဘုရားပွဲတော်၏ ထူးခြားချက်မှာ မည်မျှရေတက်စေကာမူ ဘုရားပေါ်ရေမတက်နိုင်ဘဲ ဘုရားဖူးလာသူများ နေစရာလုံလောက်စွာရရှိကြောင်း၊ တစ်နှစ်မှတစ်ခါသာ ပေါ်လာတတ်သည့် နတ်လမ်းမြင်ကွင်းဖြစ်ပြီး အဆိုပါနတ်လမ်း၌ ယာဉ် ခြောက်စီး တစ်ပြိုင်တည်း ဖြတ်သန်းမောင်းနှင်နိုင်ကာ လှပသည့်ကျောက်တုံးများဖြင့် ဖန်ဆင်းခင်းကျင်းထားသည်ကို ဘုရားပွဲချိန် တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက် နံနက်ပိုင်းတွင် ထင်ရှားစွာတွေ့မြင်နိုင်ကြောင်း ဒေသခံများထံမှ သိရသည်။

**သတင်း- ပွင့်သစ္စာ**

**ဓာတ်ပုံ- Zara Man**



# တန်ဆောင်တိုင်ရုံးပိတ်ရက်အတွင်း သာမန်ရက်များထက် ရထားစီးနင်းမှုများပြား

**ရန်ကုန် နိုဝင်ဘာ ၈**

တန်ဆောင်တိုင် အများပြည်သူ ရုံးပိတ်ရက်အတွင်း အနယ်နယ်အရပ်ရပ်သို့ ခရီးသွားသူများ၊ နေရပ်ပြန်သူများအနေဖြင့် သာမန်ရက်များထက် ရထားစီးနင်းမှုများပြားကြောင်း ရန်ကုန်ဘူတာကြီးမှ ရုံပိုင်ချုပ်ကြီး ဦးသောင်းထိုက်က ပြောသည်။

သာမန်ရက်များတွင် နေ့စဉ်ရထားစီးနင်းသူဦးရေ ၃၀၀၀ ကျော်သာရှိခဲ့ပြီး တန်ဆောင်တိုင် ရုံးပိတ်ရက်နီးလာသည့် နိုဝင်ဘာ ၇ ရက်မှစကာ ခရီးသွားပြည်သူ ၄၀၀၀ ကျော်နှင့် ၅၀၀၀ ဝန်းကျင်ရှိလာကြောင်း ၎င်းက ပြောသည်။

**ကြပ်မတ်ဆောင်ရွက်**

ထိုသို့ ရုံးပိတ်ရက်အတွင်း ရထားစီးနင်းမှုများပြားလာခြင်းကြောင့် ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရန် လက်မှတ်များကို သတ်မှတ်ထားသည့်အတိုင်း ရောင်းချပေးလျက်ရှိပြီး မှောင်ခိုရောင်းချမှုများ မဖြစ်ပေါ်စေရန် တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ လိုအပ်ပါက ခုံမဲ့ရောင်းချမှုများကို ဆောင်ရွက်ပေးလျက်ရှိကာ ယင်းသို့ ရောင်းချပေးခြင်းသည် သတ်မှတ်ထားသည့် လက်မှတ်များ ကုန်သွားခြင်းကြောင့် ခရီးသွားပြည်သူများ လိုက်ပါစီးနင်းမှုတွင် အဆင်ပြေစေရန်နှင့် ဘေးရှင်းစေရန် ချိန်ဆဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ဦးသောင်းထိုက်က ဆက်လက်ပြောသည်။



ရထားလက်မှတ် ရောင်းချမှုအနေဖြင့် လေအိပ်ရထားကို အထက်တန်းနှင့် ရိုးရိုးတန်းကို သုံးရက်ကြိုရောင်းချပေးပြီး ကျန်ရထားများကို အထက်တန်း သုံးရက်ကြိုနှင့် ရိုးရိုးတန်း တစ်ရက်ကြို ပုံမှန်ရောင်းချပေးနေကြောင်း သိရသည်။

"ကျွန်တော်တို့က ညနေ ၆ နာရီ ရထားနဲ့ မော်လမြိုင်ကို ပြန်မှာပါ။ ရထားလက်မှတ်ကို ကြိုမဝယ်ဖြစ်တော့ ဒီနေ့ ဘူတာရောက်မှ မွန်းတည့် ၁၂ နာရီလောက်က ဝယ်တာ မရလို့ ခုံမဲ့နဲ့လိုက်ရတယ်။ ဈေးနှုန်းကတော့ အတူတူပါပဲ"ဟု ခရီးသွားပြည်သူတစ်ဦးက ပြောသည်။

ယခု တန်ဆောင်တိုင်ရုံးပိတ်ရက်သည် သာမန်ရက်များထက် ခရီးသွားမှုများပြားသော်လည်း သီတင်းကျွတ်ရုံးပိတ်ရက်လောက် ခရီးသွားများပြားမှု မရှိခြင်းကြောင့် အထူးရထားပြေးဆွဲခြင်းမရှိဘဲ ပုံမှန်အတိုင်း ပြေးဆွဲပေးကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**

**အေးမင်းသူ၊ ဇာနည်မောင်**

# တန်ဆောင်တိုင်ပိတ်ရက်များတွင် မိသားစုရှိရာနေရပ်သို့ ပျော်ရွှင်စွာပြန်ကြမည့် ဝန်ထမ်းများ၏စကားသံများ


ဦးမျိုးချစ်


ဦးအောင်ငွေးမြင့်


ဦးကျော်ဇင်စိုး


မအင်ကြင်းဦး


မအေးမြတ်မွန်


မစန်းသူဇာဝင်း

ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်(၄၉/၂၀၁၉)အရ နိုဝင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ တန်ဆောင်တိုင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးထားရာ ဝန်ထမ်းများအနေဖြင့် စုစုပေါင်း တန်ဆောင်တိုင်ရုံးပိတ်ရက် လေးရက် ရရှိကြမည်ဖြစ်သည်။ အဆိုပါ တန်ဆောင်တိုင်ပိတ်ရက်များတွင် မိသားစုများရှိရာနေရပ်သို့ ပျော်ရွှင်စွာပြန်ကြမည့် ဝန်ထမ်းများ၏စကားသံများကို ပြန်လည်ဝေမျှလိုက်ပါသည်-

**ဦးမျိုးချစ် (လက်ထောက်ညွှန်ကြားရေးမှူး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**

ကျွန်တော် တန်ဆောင်တိုင်ရုံးပိတ်ရက်လေးရက်မှာ မိသားစုတွေရှိတဲ့ ရန်ကုန်မြို့ကို ပြန်မှာဖြစ်ပါတယ်။ ရန်ကုန်မြို့ကအိမ်မှာ မိသားစုတွေနဲ့အတူ ရုံးပိတ်ရက်ကို ပျော်ရွှင်စွာဖြတ်သန်းသွားမှာဖြစ်ပါတယ်။ အစိုးရကနေ ဝန်ထမ်းတွေ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ ရရှိအောင် အစားထိုးပိတ်ရက်တွေနဲ့ ဆောင်ရွက်ပေးတဲ့အတွက် ကောင်းမွန်ပါတယ်။ တရားဝင်ပိတ်ရက်တွေ ဆောင်ရွက်ပေးတဲ့အတွက် ဝန်ထမ်းတွေလည်း ပျော်ရွှင်စွာနဲ့ မိသားစုတွေရှိတဲ့ဆီကို ပြန်လို့ရတယ်။ အခက်အခဲတစ်ခုရှိတာကတော့ ဝန်ထမ်းတွေအားလုံးနီးပါး ပြန်ကြတဲ့အတွက် သွားလာရေးကတော့ အနည်းငယ်ခက်ခဲမှုတွေရှိသွားပါတယ်။ ဒါပေမယ့် ဒီအခက်အခဲကလည်း ကိုယ့်မိသားစုတွေရှိရာကို ပြန်ရမှာနဲ့ယှဉ်ရင် ကြီးမားတဲ့အခက်အခဲတော့ မဟုတ်ပါဘူး။

ဒီလိုထိုက်သင့်တဲ့ ပိတ်ရက်တွေရတဲ့အတွက် ဝန်ကြီးဌာနတွေရဲ့ လုပ်ငန်းတွေအပေါ်မှာလည်း ကောင်းမွန်တဲ့သက်ရောက်မှုတွေရရှိစေပါတယ်။ လူတိုင်းက ကိုယ်လုပ်နေတဲ့လုပ်ငန်းခွင်မှာ ပျော်ရွှင်ဖို့ကအရေးကြီးပါတယ်။ ဒီအတွက် နိုင်ငံတော်အဆင့်နဲ့ ဌာနဆိုင်ရာတာဝန်ရှိသူတွေက အခုလိုစီစဉ်ဆောင်ရွက်ပေးတဲ့အခါမှာ ပျော်ရွှင်မှုရတာပေါ့။ လုပ်ငန်းခွင်ကို ပြန်လည်ဝင်ရောက်တဲ့အခါမှာလည်း motivation ရစေပါတယ်။ ခုလိုပိတ်ရက်ရှည်ရပြီး မိသားစုဆီကို ပြန်ကြရတဲ့အခါ လုပ်ငန်းခွင်ဝင်တဲ့အခါမှာလည်း ပျော်ပျော်ရွှင်ရွှင်ဖြစ်ပြီး လုပ်ငန်းပိုင်းမှာ အကျိုးအများကြီးရှိမယ်လို့ထင်ပါတယ်။

**ဦးအောင်ငွေးမြင့် ( မြို့မစျေးဂိတ်တာဝန်ခံ၊ ကုန်းလမ်းပို့ဆောင်ရေး)**

တန်ဆောင်တိုင်ရုံးပိတ်ရက်မှာ မိသားစုတွေဆီပြန်ကြတဲ့ ဝန်ထမ်းတွေနဲ့ ခရီးသွားလာကြသူတွေ သွားလာရေးအဆင်ပြေစေဖို့အတွက် ပုံမှန်ပြေးဆွဲနေကျ ဝန်ထမ်းဖယ်ရီတွေအပြင် အထူးကားတစ်စီးကိုလည်း ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဒီလိုရုံးပိတ်ရက်ရှည်တွေဆိုရင် ကျွန်တော်တို့ကဝန်ကြီးဌာနတွေကို ခွဲတမ်းချပြီး လက်မှတ်ရောင်းပေးပါတယ်။ ပုံမှန် ဝန်ထမ်းဖယ်ရီကား ခြောက်စီးအပြင် အထူးကားတစ်စီးနဲ့ ပြေးဆွဲပေးသွားမှာဖြစ်ပါတယ်။ ရန်ကုန်မြို့ကို ပြန်ကြမယ့် ဝန်ထမ်းတွေအတွက် ကမ္ဘာအေးလမ်းဘက်ကို ကားလေးစီးနဲ့ ပြည်လမ်းဘက်ကို ကားသုံးစီးဆိုပြီး ခွဲထားပါတယ်။ ဘူတာကြီး၊ ဗိုလ်တထောင်အထိ ပြေးဆွဲပေးသွားမှာဖြစ်ပါတယ်။

ဝန်ထမ်းတွေ နေပြည်တော်ကို ပြန်လာတဲ့အခါမှာလည်း အဆင်ပြေစေဖို့ အသွား၊ အပြန် ကားလက်မှတ်ကို တစ်ခါတည်းရောင်းပေးထားပါတယ်။ ဘူတာကြီး၊ ဗိုလ်တထောင်ကနေ အဆင့်ဆင့်ကြိုပြီးပေးပါတယ်။ ဝန်ထမ်းတွေ သွားလာရေးအဆင်ပြေစေဖို့အတွက် ပုံမှန် စနေ၊ တနင်္ဂနွေရက်တွေမှာလည်း ဝန်ထမ်းဖယ်ရီအနေနဲ့ ကားခြောက်စီးပြေးဆွဲပေးလျက်ရှိပါတယ်။



**ဦးကျော်ဇင်စိုး (ဒုတိယဦးစီးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန)**

တန်ဆောင်တိုင်ရုံးပိတ်ရက်မှာ ဇာတိမြို့ဖြစ်တဲ့ ရေဦးမြို့ကို ပြန်မှာဖြစ်ပါတယ်။ တခြားအစီအစဉ်တော့ မရှိပါဘူး။ မိဘတွေနဲ့တွေ့ရဖို့ရယ်၊ မိဘဆွေမျိုးတွေကို ကန်တော့ဖို့ရယ် ဖြစ်ပါတယ်။ ပြီးရင်ကိုယ့်ရပ်ဌာနေက ငယ်သူငယ်ချင်းတွေနဲ့ တွေ့မယ်။ ဝန်ထမ်းတွေကတော့ ပိတ်ရက်ရရင် ပျော်ကြပါတယ်။ အစားထိုးပိတ်ရက်တွေလည်းရှိတော့ ပိတ်ရက်ပိုရတဲ့အတွက် ပိုပြီးပျော်ရွှင်ရပါတယ်။ မိဘတွေရှိတဲ့ဆီကိုပြန်ရမယ်ဆိုတဲ့အသိစိတ်က တော်တော်ပျော်စရာ ကောင်းပါတယ်။ ရုံးမပိတ်ခင် နှစ်ရက်လောက်ကတည်းက ကြိုပြီးပျော်ရွှင်နေပါတယ်။

**မအင်ကြင်းဦး (စာရင်းအင်းဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)**

တန်ဆောင်တိုင်ရုံးပိတ်ရက်မှာ မိဘတွေရှိတဲ့ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ကို ပြန်မှာဖြစ်ပါတယ်။ မိဘတွေဆီပြန်ရောက်ရင် မိဘတွေနဲ့အတူ အလှူလုပ်ဖို့ရှိပါတယ်။ ဝန်ထမ်းတွေအတွက် အစားထိုးပိတ်ရက်တွေနဲ့ ဆောင်ရွက်ပေးတာကောင်းပါတယ်။ ကျွန်မတို့လည်းပိတ်ရက်ပိုရတဲ့အတွက် ပျော်တယ်။ မိဘတွေနဲ့ အတူတူနေဖို့ အချိန်ပိုရတယ်။ အစိုးရကလည်း ဝန်ထမ်းတွေ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေရအောင် ဆောင်ရွက်ပေးတယ်။ ကျွန်မတို့ ဝန်ထမ်းတွေအနေနဲ့လည်း လုပ်ငန်းမှာလစ်ဟာမှုမရှိစေအောင် ဆောင်ရွက်ပေးရမယ်လို့ မြင်မိပါတယ်။ ကျွန်မအနေနဲ့လည်း ဒီလိုစိတ်နဲ့ပဲ အလုပ်တာဝန်တွေကို ထမ်းဆောင်ပါတယ်။

**မအေးမြတ်မွန် ( မြန်မာနိုင်ငံတော်ဗဟိုဘဏ်)**

တန်ဆောင်တိုင်ပိတ်ရက်ရှည်ရတဲ့အတွက် မိဘတွေနဲ့တွေ့ဆုံဖို့ အချိန်ပိုရတဲ့အပေါ်မှာ ပျော်ရွှင်ပါတယ်။ ခရီးတွေတော့မထွက်ဖြစ်တော့ဘူး။ ဝန်ထမ်းဆိုတော့ ပိတ်ရက်ရတဲ့အချိန်မှာ မိဘတွေဆီသွားပြီးတော့ပဲနေဖြစ်တယ်။ သီတင်းကျွတ်ပိတ်ရက်တုန်းက သင်တန်းတွေရှိတော့ မိဘတွေဆီမပြန်ဖြစ်ခဲ့ဘူး။ ပိတ်ရက်နည်းတဲ့အခါ မှာလည်း သွားရပြန်ရတဲ့အချိန်နဲ့ မိဘတွေဆီမှာနေဖို့ အချိန်သိပ်မရဘူး။ အခုလို ပိတ်ရက်ရှည်ရတော့ မိဘတွေ၊ မောင်နှမတွေရှိတဲ့ဆီမှာ အချိန်ပိုပြီးနေခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။

**မစန်းသူဇာဝင်း(ဒုတိယဦးစီးမှူး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန)**

ပိတ်ရက်မှာ ကျွန်မကအမေရှိတဲ့ မုံရွာကို ပြန်မှာပါ။ ကျွန်မတို့ဝန်ထမ်းတွေက ပိတ်ရက်တွေကိုအဓိကထားပြီး ပြန်ရတာဆိုတော့ အခုလိုပိတ်ရက်ရှည်မှာ အမေနဲ့အတူနေပြီးတော့ ဖြတ်သန်းရမှာဖြစ်တဲ့အတွက် ပျော်နေမိပါတယ်။ ပိတ်ရက်အတွင်းမှာ အမေနဲ့အတူ ကုသိုလ်ကောင်းမှု အလှူတွေလုပ်မယ်။ အဘိုးအဘွား၊ အမိအဖတွေကို ကန်တော့မယ်။ မုံရွာပတ်ဝန်းကျင်က အပန်းဖြေနေရာတွေကို လည်ပတ်မယ်။ ပိတ်ရက်ကို ပျော်ပျော်ရွှင်ရွှင်ဖြတ်သန်းသွားပါမယ်။

**ဦးချစ်စံဝင်း(လက်ထောက်မီးသတ်ဦးစီးမှူး ၊မီးသတ်ဦးစီးဌာန)**

အခုရက်ရှည်ပိတ်ရက်ကတော့ ဝန်ထမ်းတွေအတွက် ကောင်းပါတယ်။ ပြီးတော့ လေးရက်ပိတ်ရက်ကို ဝန်ထမ်းတွေက အားခဲထားကြတယ်။ မိသားစုတွေ၊ ကိုယ်ချစ်ခင်တဲ့သူတွေနဲ့ ပျော်ပျော်ရွှင်ရွှင် အနားယူနိုင်တယ်။ ခရီးတွေ အတူတူထွက်နိုင်တယ်။ အခုပိတ်ရက်မှာတော့ပြန်ဖို့မရှိပါဘူး။ နေပြည်တော်မှာရှိတဲ့ အပန်းဖြေနေရာတွေမှာပဲ သူငယ်ချင်းတွေနဲ့အတူ လည်ပတ်ဖို့ရှိပါတယ်။

တွေ့ဆုံမေးမြန်း- မျိုးသူဟိန်း
ဓာတ်ပုံ- ကျော်ဇင်ထိုက်

## တန်ဆောင်တိုင်ကာလ ဇာတိမြေအသီးသီးသို့ပြန်ကြသည့် ဝန်ထမ်းများနှင့် ပြည်သူများ စည်ကားလျက်ရှိ



**လှိုင်ကော် နိုဝင်ဘာ ၈**

နိုင်ငံတော်အစိုးရမှ မြန်မာနိုင်ငံအနှံ့အပြားတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအား တနင်္ဂနွေနေ့နှင့် တိုက်ဆိုင်နေသော တန်ဆောင်တိုင်ရုံးပိတ်ရက် တစ်ရက်ကို အင်္ဂါနေ့ (၁၂-၁၁-၂၀၁၉) ရက်နေ့ဖြင့် အစားထိုးပိတ်ပေးခဲ့ရာ တန်ဆောင်တိုင် ရုံးပိတ်ရက် သုံးရက်တာ ကာလအတွင်း ကယားပြည်နယ်တွင် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လာရောက်တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများသည် ယနေ့ညနေပိုင်းက လွိုင်ကော်မြို့ အဝေးပြေးကားဂိတ်တွင် မိမိတို့ ဇာတိမြေအသီးသီးသို့ ပြန်ကြမည့်ဝန်ထမ်းများ၊ ပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

လှိုင်ကော်သား

# ထာဝရငြိမ်းချမ်းရေးစေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲအခမ်းအနားအား တန်ဆောင်မုန်းလပြည့်နေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်



**နေပြည်တော် နိုဝင်ဘာ ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်းအနီး၌ တည်ထားကိုးကွယ်လျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးစေတီတော် ရွှေထီးတော်တင်၊ အထက်ဌာပနာတော်သွင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားများကို တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာ ၁၁ ရက်) နံနက်ပိုင်းတွင် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည် ဖြစ်သည်။

ထာဝရငြိမ်းချမ်းရေးစေတီတော်မြတ်ကြီးအား ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ဦးဆောင်မှုဖြင့် နိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံသူနိုင်ငံသားများစုပေါင်း၍ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရန် ရည်သန်ကာ တည်ထားကိုးကွယ်ခြင်းဖြစ်ပြီး စေတီတော် တည်ထားကိုးကွယ်ရေးဆိုင်ရာ မဟာမင်္ဂလာ ကိုးမျိုးအနက် အနန္တရာယိက မြေသန့်မဟာမင်္ဂလာကို ၂၀၁၈ ခုနှစ် မေ ၁၇ ရက်တွင်လည်းကောင်း၊ ရတနာပန္နက်တော်တင် တွင်းတော်ဝန်း မဟာမင်္ဂလာကို ၂၀၁၈ ခုနှစ် မေ ၁၈ ရက်တွင်လည်းကောင်း၊ ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာကို ၂၀၁၈ ခုနှစ် မေ ၂၄ ရက်တွင်လည်းကောင်း၊ သတ္တဌာနမူလဌာပနာတော်သွင်း မဟာမင်္ဂလာကို ၂၀၁၈ ခုနှစ် ဇွန် ၁၉ ရက်တွင်လည်းကောင်း၊ အလယ်ဌာပနာတော်သွင်း မဟာမင်္ဂလာကို ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁ ရက်တွင်လည်းကောင်း၊ ပန်းလည်တိုင်စိုက်ထူ ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားများကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၂ ရက်တွင်လည်းကောင်း အောင်မြင်စွာ ကျင်းပခဲ့ပြီးဖြစ်သည်။

**အလှူငွေများ ထည့်ဝင်လှူဒါန်း**

ထာဝရငြိမ်းချမ်းရေးစေတီတော်မြတ်ကြီးတွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ရွှေစင်ရွှေသားငှက်မြတ်နားတော်နှင့် ရွှေထီးတော်များကို အများပြည်သူ ဖူးမြော်ကြည်ညိုနိုင်ရန် တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၁ ခုသို့ ၂၀၁၉ ခုနှစ် မတ် ၃၁ ရက်မှ မေ ၂၀ ရက်အထိ လှည့်လည်အပူဇော်ခံခဲ့သည်။ ပူဇော်ခံထားရှိသည့် မြို့ကြီးများတွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက က ငြိမ်းချမ်းရေးတရားတော်များ ဟောကြားချီးမြှင့်ပြီး စေတနာရှင်ပြည်သူများက စေတီတော်ကြီး တည်ထားကိုးကွယ်ရေးအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်း၍ ကုသိုလ်ယူခဲ့ကြသည်။

ထာဝရငြိမ်းချမ်းရေးစေတီတော်၏ ဉာဏ်တော်အမြင့်မှာ ၁၀၈ ပေရှိသည်။ စေတီတော်အရန် ၈၀ ပါရှိကာ ရင်ပြင်တော်အကျယ် ၃၀၆ ပေ ရှိသည်။ ဂန္ဓကုဋိတိုက် အတွင်းအပြင်နံရံများကို စကျင်ကျောက်သားများဖြင့် ကာရံထားပြီး အမြင့် ၇၄ ပေရှိ တံခွန်တိုင်အား စကျင်ကျောက်သားများဖြင့် ထုလုပ်ထားသည်။

စေတီတော်ကြီး ရွှေထီးတော်တင်လှူပွဲ မဟာမင်္ဂလာအခမ်းအနား ကျင်းပနေမှုများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဟန်လင်းနိုင်၊ ဟိန်းမင်းစိုး**

# ထာဝရငြိမ်းချမ်းရေးစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနား ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး အစဉ်ထာဝရငြိမ်းချမ်းစေရေးအတွက် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက အမှူးပြုသော စေတနာရှင်၊ အလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်းအနီး၌ တည်ထားကိုးကွယ်လျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို (တန်ဆောင်မုန်းလပြည့်နေ့) နိုဝင်ဘာ ၁၁ ရက် နံနက် ၇ နာရီ မိနစ် ၂၀ တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနား ကျင်းပနေမှုများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့် ပြသပေးသွားမည်ဖြစ်ပြီး အခမ်းအနားသို့ ကိုယ်တိုင်တက်ရောက် ကြည်ညိုပူဇော်လိုသည့် အလှူရှင်များအနေဖြင့် ယာဉ်ဝင်ခွင့်နှင့် ရင်ထိုးတံဆိပ်များကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဖုန်း-၀၆၇-၃၄၀၆၂၈၊ ၀၆၇-၃၄၀၆၁၅၇ သို့ ဆက်သွယ်ပြီး နိုဝင်ဘာ ၇၊ ၈၊ ၉ ရက်တို့တွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အသိပေးနှိုးဆော်ထားသည်။

**သတင်းစဉ်**

**❂ ပွဲတော်နွဲပျော်တောင်ကြီးမြို့မှ**

သတ်မှတ်ထားကာ မီးပုံးပျံတစ်လုံး၏ ကုန်ကျစရိတ်မှာ ယမ်းအသုံးပြုမှုအနည်းအများပေါ်မူတည်ပြီး ငွေကျပ် ၁ သိန်းမှ ၁၀ သိန်းအထိ အသုံးပြုရသည်။

မီးပုံးပျံကိုအမျိုးအစားအားဖြင့် နေ့လွှတ်(တိရစ္ဆာန်ရုပ်များ ပြုလုပ်ကာ လွှတ်တင်ခြင်း)၊ စိန်နားပန်(မီးပုံးပျံတွင်မီးပုံးငယ်များချိတ်ဆွဲပြီး အယူအဆ၊ အကြောင်းအရာ၊ ဘာသာရေးဆိုင်ရာ ရုပ်ပုံများ၊ ဒီဇိုင်းများရေးဆွဲပြီး လွှတ်တင်ခြင်း)၊ ညမီးကြီး (မီးပုံးပျံကိုလက်ရာမြောက်သော အရုပ်များရေးဆွဲပြီး မီးရှူး၊ မီးကျည်၊ မီးပန်းများအောက်တွင် ချိတ်ဆွဲကာ လေထဲရောက်မှ မီးပန်းများ လှပစွာပေါက်အောင် လွှတ်တင်ခြင်း)ဟူ၍ သုံးမျိုးခွဲခြားထားပြီး ညမီးကြီးမီးပုံးပျံမှာ လူကြိုက်အများဆုံး ဖြစ်သည်။

ခေတ်အဆက်ဆက်လက်ဆင့်ကမ်းခဲ့သော ပညာနှင့်အတွေ့အကြုံများကို အကောင်းဆုံး အသုံးချယှဉ်ပြိုင်နေကြသည့် တောင်ကြီးမီးပုံးပျံပွဲတော်သို့ တန်ဆောင်တိုင်ရုံးပိတ်ရက်များမှာ အရောက်လာကြပြီး လူအား၊ ငွေအား၊ အသက်ပဓာနမထားကာ ပြိုင်ပွဲဝင်အသင်းများ၏ စည်းလုံးညီညွတ်မှုနှင့် ရိုးရာထိန်းသိမ်းမှုစေတနာများကို ရောယှက်ခံစားရင်း အောင်မြင်စွာလွှတ်တင်နိုင်သည့် မီးပုံးပျံ၏ ပျော်ရွှင်မှုအရသာမုဒိတာနှင့် အခန့်မသင့်၍ ပျက်ကျမီးလောင်သွားသည့် မီးပုံးပျံကြောင့် ထိတ်လန့်မှု၊ ပြေးလွှားရမှု၊ စွန့်စားမှုရသများကိုလည်း ကိုယ်တိုင်ကိုယ်ကျခံစားထိတွေ့ကြရမည် ဖြစ်သည်။

ထို့အပြင် နိုဝင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်များတွင် စူဠာမုနိလောကချမ်းသာဘုရားအား ဆက်ကပ်လှူဒါန်းမည့် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲ၊ ကပ်လှူပူဇော်ပွဲ၊ မီးပဒေသာလှည့်လည်ပူဇော်ပွဲနှင့် နိုဝင်ဘာ ၁၂ ရက်တွင် တောင်ကြီးတန်ဆောင်တိုင်ပိတ်ပွဲ၊ ဆုချီးမြှင့်ပွဲတို့ကို ကျင်းပသွားမည်ဖြစ်ရာ ရှမ်းတိုင်းရင်းသားတိုင်းရင်းသူများ၏ဘဝအလှ၊ ရိုးရာသဘာဝများကို လေ့လာခံစားကြရမည် ဖြစ်သည်။

ပင်လယ်ရေမျက်နှာပြင်အထက် ၄၇၁၂ ပေတွင် မြို့တည်ထားသည့် တောင်ကြီးမြို့သည် မြို့တည်သက်တမ်း ၁၂၅ နှစ်ပြည့်ခဲ့ပြီဖြစ်ပြီး တစ်နှစ်ပတ်လုံး အေးမြသာယာလျက်ရှိသော ရာသီ၊ မြင့်မားသော တောင်တန်း၊ အတက်အဆင်း၊ အကွေ့အဝိုက်လမ်းများ၊ ငုဝါ၊ ချယ်ရီအစီအရီနှင့် ထာဝစဉ်လှပစိမ်းလန်းနေမှုများကြောင့် အားလပ်ရက်ခရီးသွားလေ့လာစရာနေရာတစ်ခုအဖြစ် ရေးသားဖိတ်ခေါ်လိုက်ရပါသည်။

**ကျော်ဇေယျာမြင့်(ခေတ္တ-တောင်ကြီး)**

## ထာဝရငြိမ်းချမ်းရေးစေတီတော်

❖ ထေရဝါဒ မြတ်ဗုဒ္ဓ၏
မြွက်ဟတရား ကျင့်ကြံပွားသော်
လူများရဟန်း ဘေးမသန်းဘဲ
ငြိမ်းချမ်းအေးမြ ထာဝရ။
နိဗ္ဗာန်နန်းသို့ လျှောက်လှမ်းကြ။

❖ ထာဝရအေး ငြိမ်းချမ်းရေးကို
မနေ့အမြန် တို့ပြည်မြန်တွင်
ရည်သန်ကြိုးကုတ် အားထုတ်နှောင်ဘွား
သွေးချင်းများသည် ကယား၊ ကရင်
ချင်း၊ ကချင်နှင့် ချစ်ခင်ဗမာ
မခွဲကွာဘဲ သဟာမွန်၊ ရှမ်း
ရခိုင်ပန်းတို့ မျှော်မှန်းပေါင်းဆုံ
ပင်လုံစိတ်ဓာတ် ရင်ဝယ်အပ်၍
ထပ်မျှထပ်တူမြဲကြည်ဖြူ။
ငြိမ်းချမ်းရေးတွက် လက်တွဲကူ။

❖ ဩော်........
သွေးချင်းပေါင်းစုံ ညီညွတ်ဆုံ၍
တွေ့ကြုံခက်ခဲ လက်ချင်းတွဲကာ
အမြဲအေးချမ်း မေတ္တာဖြန်းသော်
ပန်းများမွှေးပျံ့ ပြည်အနှံ့။
ပန်းပေါင်းရနံ့ ထုံသင်းပျံ့။

❖ 'ထာဝရငြိမ်းချမ်းရေး' ရည်မျှော်တွေးကာ
ရွှေပါရမီတောရ အရှင်ဆန္ဒာဓိကနှင့်......
ဗုဒ္ဓသားတော် ရဟန်းကျော်တို့.......
ထင်ပေါ်မင်းလူ သဒ္ဓါတူ၍
ရည်ဖြူစိတ်ပွား တည်ကာထား 'ခေါ်'
ထာဝရငြိမ်းချမ်းရေးစေတီတော်။
နတ်လူသာစု ခေါ်စေသော်ဝ်။

❖ မြို့နေပြည်တော် အေးချမ်းပျော်လှ
'ဒက္ခိဏ'တွင် 'ရာဇသင်္ဂဟ'
လမ်းမည်ရသည့် လှပပန်းဆိုင်း
ကံ့ကော်ဝိုင်းအနီး ပရိဝုဏ်ကြီးတွင်
ရွှေထီးတင်ကာ မင်္ဂလာအပေါင်း
လွှန်ခညောင်း၍ သောင်းထုဝန်းရံ
မျှဝေသံတို့...........
ဘဝဂ်ထက်တိုင် ကြားစေသော်ဝ်။
နတ်လူသာစု ခေါ်စေသော်ဝ်။
ကြည်ညိုဖူးမြော် ဖိတ်လို့ခေါ်။
ထာဝရငြိမ်းချမ်းရေးစေတီတော်။ ။

**ဇင်ခန့်နိုင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရုံးကြီးလမ်း၊ တိတ်နန်းတံတားအနီး၊ ကံသာရပ်၊ ညောင်ရွှေမြို့၊ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် ပါတီရုံးချုပ်တည်ရှိသော **အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ (Inn National League Party)** က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၄-၁၁-၂၀၁၉ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ (Inn National League Party) ၏ အလံပုံစံ**



**အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ (Inn National League Party) ၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ ပဲခူးလမ်းရပ်ကွက်၊ ဦးဘသင်းလမ်း၊ အမှတ်(၃)တွင် ပါတီရုံးချုပ်တည်ရှိသော **မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ(MPD)** သည် ယင်းပါတီ၏ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်းပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီ၏ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ(MPD)၏ အလံပုံစံ**



**မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ(MPD)၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ မြို့မရပ်ကွက်၊ ကံသာဓမ္မာရုံအရှေ့ဘက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(မ/၁၉၅)တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (ပ.အ.မ.ဖ)ပါတီ**သည် ယင်းပါတီ၏ အလံနှင့် တံဆိပ်တို့ကိုဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီ၏ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(ပ.အ.မ.ဖ)ပါတီ၏ အလံပုံစံ**



**ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(ပ.အ.မ.ဖ)ပါတီ၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းက အသိပညာပေးဟောပြောဆွေးနွေးပွဲ ပြုလုပ်



**ကော့သောင်း နိုဝင်ဘာ ၈**

၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းနှင့် ပညာရေးဌာနတို့ ပူးပေါင်းပြုလုပ်သည့် အသိပညာပေးဟောပြောဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ကော့သောင်းမြို့ မေတ္တာစိုးကိုယ်ပိုင်အလယ်တန်းကျောင်း ကွင်းပြင်၌ ကျင်းပခဲ့သည်။

**ပြန်လည်ဆွေးနွေးဖြေကြား**

ဟောပြောပွဲတွင် ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးဂျင်မီ (ခ)ကျော်မင်းယုနှင့် ဦးမင်းကိုနိုင်(ခ)ပေါ်ဦးထွန်းတို့က “အနာဂတ်လူငယ်များနှင့် ပညာ” ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဆွေးနွေးဖြေကြားပေးခဲ့ကြသည်။

အဆိုပါ အသိပညာပေးဟောပြောဆွေးနွေးပွဲသို့ ကော့သောင်းမြို့၏ ကိုယ်ပိုင်ကျောင်းများဖြစ်သည့် မေတ္တာစိုးနှင့် အလင်းရောင်ကိုယ်ပိုင်ကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့ကြပြီး အလားတူ ဟောပြောပွဲများကို ကော့သောင်းမြို့ အမှတ်(၁)နှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



နိုဝင်ဘာ ၈ ရက် ည ၇ နာရီတွင် နေပြည်တော်တိုးဂိတ်အနီး မထသကညနှ၊ ယာဉ်ထိန်းရဲများ၊ လုပ်ငန်းလိုင်စင်ဌာန၊ မီးသတ်ဦးစီးဌာနတို့မှ တာဝန်ရှိသူများ ပူးပေါင်းကာ ဘုရားဖူးယာဉ်များ ကြံ့ခိုင်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ ခရီးသည်များ ခါးပတ်ကြိုးတပ်ဆင်ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်းများ ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။ ကြေးမုံ

**❖ မန္တလေးနှင့် ရန်ကုန်မှ**

ရင်လုံဂေါက်သီးရိုက်အသင်းထံ MYM CUP (Myanmar Yunlong Man City Cup) ဖလားကို မန်းစီးတီးဂေါက်သီးရိုက်အသင်းက လွှဲပြောင်းပေးအပ်သည်။

MYM CUP (Myanmar Yunlong Man City Cup) ပြိုင်ပွဲကို ၂၀၁၃ ခုနှစ် ရန်ကုန်မြို့ရှိ Royal Mingalardon Golf & Country Club ၌ ကျင်းပသည့် ပထမအကြိမ်တွင် ရင်လုံအသင်းကလည်းကောင်း၊ ၂၀၁၄ ခုနှစ် မန္တလေးမြို့ ရွှေစာရံဂေါက်ကွင်း၌ ကျင်းပသည့် ဒုတိယအကြိမ်တွင် မန်းစီးတီးအသင်းကလည်းကောင်း၊ ၂၀၁၅ ခုနှစ် ရန်ကုန်မြို့ ရန်ကုန်ဂေါက်ကလပ်၌ ကျင်းပသည့် တတိယအကြိမ်တွင် ရင်လုံအသင်းကလည်းကောင်း၊ ၂၀၁၆ ခုနှစ် မန္တလေးမြို့ ရွှေမန်းတောင်ဂေါက်ကွင်း၌ ကျင်းပသည့် စတုတ္ထအကြိမ်တွင် ရင်လုံအသင်းကလည်းကောင်း၊ ၂၀၁၇ ခုနှစ် ပုဂံဂေါက်ကွင်း၌ ကျင်းပသည့် ပဉ္စမအကြိမ်ပြိုင်ပွဲတွင် မန်းစီးတီးအသင်းကလည်းကောင်း အသီးသီးအနိုင်ရဗိုလ်စွဲခဲ့သည်။

**သတင်း-ဖိုးသော်ဇင်**

**ဓာတ်ပုံ-ဂေါက်သီးအဖွဲ့ချုပ်**



# အမေရိကန်ကာကွယ်ရေးဝန်ကြီး တောင်ကိုရီးယားနှင့် အာဆီယံနိုင်ငံတချို့သို့ သွားရောက်မည်




**ဝါရှင်တန် နိုဝင်ဘာ ၈**
အမေရိကန်ကာကွယ်ရေးဝန်ကြီး မာ့ခ်အက်စ်ပါသည် ဒေသတွင်း လုံခြုံရေးကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှုများပြုလုပ်ရန် လာမည့် သီတင်းပတ်တွင် တောင်ကိုရီးယား၊ ထိုင်း၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံတို့သို့ ခရီးနှင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၇ ရက်က ထုတ်ပြန်သည့် ပင်တဂွန်စစ်ဌာနချုပ်၏ ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အက်စ်ပါသည် ၎င်း၏ ခရီးစဉ်ကို နိုဝင်ဘာ ၁၃ ရက်မှ စတင်မည်ဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံတွင် ခရီးတစ်ထောက်ရပ်နားမည်ဖြစ်ကြောင်း သိရသည်။ အက်စ်ပါသည် နိုဝင်ဘာ ၁၅ ရက်တွင် တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနရုံးချုပ်၌ ကျင်းပမည့် (၅၁) ကြိမ်မြောက် အမေရိကန်-တောင်ကိုရီးယား လုံခြုံရေးအကြံပေး အစည်းအဝေးသို့ တက်ရောက်မည်ဖြစ်ပြီး တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီး ဂျီယောင်ကေယောင်ဒူးနှင့် အခြားတောင်ကိုရီးယား အဆင့်မြင့်အရာရှိများနှင့်အတူ ဒေသတွင်းရှိ အမျိုးမျိုးသော လုံခြုံရေးဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်စ်ပါသည် ထိုင်းနိုင်ငံတွင် ကျင်းပမည့် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်မည်ဖြစ်သည်။ ယင်းနောက် ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံတို့သို့ ခရီးဆက်မည်ဖြစ်ပြီး ဒေသဆိုင်ရာ လုံခြုံရေးကိစ္စများနှင့် စပ်လျဉ်း၍ ဖိလစ်ပိုင်နှင့် ဗီယက်နမ် ကာကွယ်ရေးဝန်ကြီးတို့နှင့်အတူ ညှိနှိုင်းဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

အာဆီယံ ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးသည် ဘက်ပေါင်းစုံပါဝင်သည့် အစည်းအဝေးဖြစ်ပြီး အာဆီယံကာကွယ်ရေးဝန်ကြီးများနှင့် အာဆီယံ၏ မိတ်ဖက်နိုင်ငံများဖြစ်သည့် ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ နယူးဇီလန်၊ တောင်ကိုရီးယား၊ ရုရှားနှင့် အမေရိကန် အစရှိသည့် ရှစ်နိုင်ငံတို့မှ တာဝန်ရှိသူများလည်း တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ဂျေတီ**

# အီရန်နိုင်ငံတွင် မြေငလျင်လှုပ်ခတ်၊ ငါးဦးသေပြီး ၁၂၀ ဒဏ်ရာရ

**တီဟီရန် နိုဝင်ဘာ ၈**
အီရန်နိုင်ငံ အနောက်မြောက်ဒေသတွင် သောကြာနေ့နံနက်က မြေငလျင်တစ်ခုလှုပ်ခတ်ရာ ငါးဦးသေဆုံးပြီး ၁၂၀ ဒဏ်ရာရရှိကြောင်း နိုင်ငံပိုင် ရုပ်မြင်သံကြားဌာနက ကြေညာသည်။

ပြင်းအား ၅ ဒသမ ၉ ပမာဏ ရှိသည့် မြေငလျင်သည် အရှေ့အဇာဘိုင်ဂျန်ပြည်နယ်ရှိ တာဘရစ်မြို့၏ အရှေ့တောင်ဘက် ကီလိုမီတာ ၁၂၀ ခန့် (၇၅မိုင်) အကွာတွင် နံနက်အစောပိုင်း၌ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အီရန်မြေငလျင်ဗဟိုဌာနက ပြောကြားသည်။ ပြင်းအားပမာဏ အသင့်အတင့် ရှိသည့် ထိုမြေငလျင်သည် မြေအောက်အနက် ရှစ်ကီလိုမီတာ (ငါးမိုင်)တွင် လှုပ်ခတ်ပြီးနောက် နောက်ဆက်တွဲမြေငလျင် ငါးခု ထပ်မံလှုပ်ခတ်ခဲ့သည်။

ပြည်နယ်အုပ်ချုပ်ရေးမှူး မိုဟာမက်ရီဇာ ပေါ်မိုဟမ်မာဒီက အနည်းဆုံးအိမ်အလုံး ၃၀ ပျက်စီးကြောင်း ဒေသန္တရမီဒီယာများကို ပြောကြားသည်။ ကျေးရွာ ၄၀ ရွာတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေဆဲဖြစ်သည်။ အမေရိကန် ဘူမိဗေဒလေ့လာရေးဌာနက သိသာထင်ရှားသည့် သေကျေဒဏ်ရာရရှိမှုများ ရှိနိုင်ကြောင်းနှင့် ယင်းမြေငလျင်သည် ကျယ်ကျယ်ပြန့်ပြန့် လှုပ်ခတ်ခြင်းဖြစ်နိုင်ကြောင်း သတိပေးချက်ထုတ်ပြန်သည်။



အီရန်နိုင်ငံသည် မကြာသေးမီ ဆယ်စုနှစ်များအတွင်းက ကြီးမားသည့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ခဲ့ရသည်။ ၂၀၀၃ ခုနှစ်က အီရန် ရှေးဟောင်းမြို့ဖြစ်သည့် ဘမ်မြို့တွင် ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့ရာ အနည်းဆုံး လူ ၃၁၀၀၀ သေဆုံးခဲ့သည်။ ၁၉၉၀ ပြည့်နှစ်က အီရန်နိုင်ငံ မြောက်ပိုင်းတွင် လှုပ်ခတ်ခဲ့သည့် ပြင်းအား ၇ ဒသမ ၄ ပမာဏရှိသည့် မြေငလျင်ကြောင့် လူ ၄၀၀၀၀ သေဆုံးပြီး လူသုံးသိန်း ဒဏ်ရာရရှိကာ လူငါးသိန်း အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ကြသည်။

မကြာသေးမီနှစ်များကလည်း အီရန်နိုင်ငံသည် ပြင်းထန်သည့် မြေငလျင်နှစ်ခု လှုပ်ခတ်မှုကို ခံစားခဲ့ရသည်။ ၂၀၀၅ ခုနှစ် မြေငလျင်ကြောင့် လူ ၆၀၀ ကျော်သေဆုံးပြီး ၂၀၁၂ ခုနှစ် မြေငလျင်ကြောင့် လူ ၃၀၀ သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား–အေအက်ဖ်ပီ**
**ဘာသာပြန်–အောင်ဇော်လင်း**

# ဆီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းတွင် တူရကီနှင့် ရုရှားတို့ ပူးပေါင်း၍ တတိယအကြိမ် ကင်းလှည့်

**အန်ကာရာ နိုဝင်ဘာ ၈**
တူရကီနှင့် ရုရှားတပ်ဖွဲ့များ ပူးပေါင်း၍ ဆီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းဒေသ၌ တတိယအကြိမ် ကင်းလှည့်မှုများကို နိုဝင်ဘာ ၈ ရက် တွင် စတင်ပြုလုပ်ခဲ့သည်။ ကင်းလှည့်မှုပြုလုပ်သည့်ဒေသမှာ ဆီးရီးယားနိုင်ငံအတွင်းရှိ ကွာမစ်ရှီလီနှင့် ဒါရက်စ်မြို့အကြားတွင်ဖြစ်ပြီး ယင်းဒေသမှာ တူရကီနှင့် ဆီးရီးယားနှစ်နိုင်ငံနယ်စပ်အနီး ဆီးရီးယားဘက်ခြမ်းမှ ကာ့ဒ်ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ ဆုတ်ခွာပေးရမည်ဟု သဘောတူညီထားသည့်ဒေသများ ဖြစ်သည်။

၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၂ ရက်တွင် ပင်လယ်နက်ဒေသအပန်းဖြေမြို့တော် ဆိုချီတွင် ရုရှားနိုင်ငံနှင့် သဘောတူညီမှုရခဲ့သည့် မူဘောင်ဆိုင်ရာ သဘောတူညီမှုအရ ရုရှားနှင့် တူရကီတပ်ဖွဲ့ဝင်များ၏ ပူးတွဲကင်းလှည့်စောင့်ကြပ်မှုများကို ဆီးရီးယားနိုင်ငံအတွင်းရှိ ယူဖရေးတီးမြစ်၏ အရှေ့ဘက်ကမ်းရှိ ကာမီရှီလီနှင့် ဒါရက်စ်မြို့အကြား၌ စတင်ဆောင်ရွက်ခဲ့ကြောင်း တူရကီကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

ယင်း ပူးတွဲကင်းလှည့်မှု၏ ရည်ရွယ်ချက်မှာ အဆိုပါဒေသအတွင်း၌ ဆီးရီးယားကာ့ဒ်တိုက်ခိုက်ရေးသမားများ ဆုတ်ခွာမှုကို အာမခံချက်ပေးနိုင်ရန်ဖြစ်ပြီး ရုရှားနှင့် တူရကီတပ်ဖွဲ့များ၏ ဒုတိယ အကြိမ် ပူးတွဲကင်းလှည့်မှုကို အန်အယ်လ်အာရပ်မြို့ အရှေ့ဘက်နှင့် အယ်လ်တော့ဗ်ခရိုင်အနောက်ပိုင်းအကြား၌ ဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။

ကာဒစ်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (ဝိုင်ပီဂျီ) တိုက်ခိုက်ရေးသမားများအား တူရကီနိုင်ငံ၏ နယ်စပ်ဒေသမှ ကီလိုမီတာ ၃၀ ခန့်အကွာမှ ဖယ်ရှားရေးအတွက် တူရကီနှင့် ရုရှားနိုင်ငံတို့၏ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးမှု၏ အစိတ်အပိုင်းတစ်ရပ်အရ ယင်းသို့ နှစ်နိုင်ငံ ပူးတွဲကင်းလှည့်မှု ဆောင်ရွက်ခြင်းဖြစ်သည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–ဇော်ဝင်း**

# ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ကုန်သိုလှောင်ရုံတွင် ရေဒီယိုသတ္တိယိုစိမ့်မှုဖြစ်ပွား

**ကွာလာလမ်ပူ နိုဝင်ဘာ ၈**
မလေးရှားနိုင်ငံ ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ ကုန်လှောင်ရုံအနီး၌ နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက ရေဒီယိုသတ္တိယိုစိမ့်မှု ဖြစ်ပွားခဲ့မှုကို မလေးရှားတာဝန်ရှိသူများက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

ဒေသဆိုင်ရာ မီးသတ်တပ်ဖွဲ့သည် သင်္ကာမကင်းဖွယ်ရှိသော ရေဒီယိုသတ္တိယိုစိမ့်မှုတစ်ခု နိုဝင်ဘာ ၆ ရက် နံနက် ၁၀နာရီ မိနစ် ၃၀ မတိုင်မီ ဖြစ်ပွားခဲ့ကြောင်း သတင်းပေးမှုတစ်ခုကို လက်ခံရရှိခဲ့သည်။

ယင်းသတင်းပေးပို့မှုအရ မီးသတ်ဌာနမှအဖွဲ့တစ်ဖွဲ့က ဆေးကိရိယာများဟု စာတန်းများ ကပ်နှိပ်ထားသည့် သေတ္တာတစ်လုံးကို စုံစမ်းစစ်ဆေးရာမှ ရေဒီယိုသတ္တိယိုစိမ့်မှုကို တွေ့ရှိခဲ့ရခြင်းဖြစ်သည်။ ယင်းဆေးကိရိယာများကို ဘော်နီယိုကျွန်းမှ ပို့ဆောင်ပေးသည်ဟု စစ်ဆေးတွေ့ရှိရသည်။

ယင်းဆေးကိရိယာသေတ္တာကို အစိုးရဆေးတက္ကသိုလ်မှ ကိုင်တွယ်ဆောင်ရွက်မည့် အဏုမြူပစ္စည်းများ စုံစမ်းစစ်ဆေးသည့်ဌာနသို့ ပို့ဆောင်ပေးခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းဖြစ်ရပ်ကြောင့် ကွာလာလမ်ပူလေဆိပ်မှ လေကြောင်းကုန်ပို့ဆောင်ရေးစခန်း၏ လုပ်ငန်းဆောင်ရွက်မှုများကို ရပ်ဆိုင်းစေခဲ့ရကာ ယင်းကုန်စခန်းအတွင်း လုပ်ငန်းတာဝန်ထမ်းဆောင်နေသူများအား ဘေးအန္တရာယ်ကင်းလွတ်ရာနေရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

ယင်းဖြစ်ရပ်ကြောင့် ယင်းလေဆိပ်မှ ခရီးသည်တင်လေယာဉ်များ ပျံသန်းထွက်ခွာမှုအတွက် သက်ရောက်မှုတစ်စုံတစ်ရာမရှိခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

**ကိုးကား–အင်န်အိတ်ချ်ကေ၊ ဘာသာပြန်–ဇော်ဝင်း**

# နယူးယောက်မြို့တော်ဝန်ဟောင်း ဘလွန်းဘာ့ဂ် သမ္မတလောင်းရွေးကောက်ပွဲဝင်ရန် ပြင်ဆင်နေ

**ဝါရှင်တန် နိုဝင်ဘာ ၈**
၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် အမေရိကန် သမ္မတရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီ၏ သမ္မတလောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ရန် နယူးယောက်မြို့တော်ဝန်ဟောင်း မိုက်ကယ် ဘလွန်းဘာ့ဂ်က ပြင်ဆင်နေကြောင်း အမေရိကန် ပြည်တွင်းသတင်းမီဒီယာများက နိုဝင်ဘာ ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

အသက်(၇၇)နှစ်အရွယ် ရှိပြီဖြစ်သည့် နယူးယောက်မြို့တော်ဝန်ဟောင်းနှင့် ကုဋေကြွယ်သူဌေး စီးပွားရေးလုပ်ငန်းရှင်တစ်ဦးလည်းဖြစ်သည့် မိုက်ကယ်ဘလွန်းဘာ့ဂ်သည် ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ရေးအတွက် အမေရိကန် ပြည်ထောင်စုအတွင်းရှိ ပြည်နယ်တစ်ခုထက်မနည်းမှ ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ရေးအတွက် စာရွက်စာတမ်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်အပြီးတွင် ဒီမိုကရက်တစ်ပါတီ၏ သမ္မတလောင်းကိုယ်စားလှယ်အဖြစ် ပါဝင်ယှဉ်ပြိုင်မည်ဟု ၎င်းကိုယ်တိုင်ကြေညာခဲ့သည်။

ကုဋေကြွယ်သူဌေးတစ်ဦးနှင့် စီးပွားရေးသမားတစ်ဦးဖြစ်သည့် မိုက်ကယ်ဘလွန်းဘာ့ဂ်က လွန်ခဲ့သည့် မတ်လအတွင်း၌ ၎င်းအနေဖြင့် သမ္မတလောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်လိမ့်မည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ဘလွန်းဘာ့ဂ်က အယ်လ်ဘားမား ပြည်နယ်သို့ ၎င်း၏ ရုံးအဖွဲ့ဝင်အချို့အား စေလွှတ်ခဲ့ပြီး ယင်းပြည်နယ်၌ မူလသမ္မတလောင်းကိုယ်စားလှယ်အဖြစ် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ထောက်ခံလက်မှတ်များရယူကာ ကိုယ်စားလှယ်လောင်းအဖြစ် နောက်ဆုံးတင်သွင်းရန် သတ်မှတ်ထားသည့် နိုဝင်ဘာ ၇ ရက်မတိုင်မီ မှတ်ပုံတင်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ယင်းသို့ လုပ်ဆောင်ခဲ့မှုသည် အမေရိကန် သမ္မတလောင်းတစ်ဦးအဖြစ် ရွေးကောက်ပွဲဝင်ရန်အတွက် ဘလွန်းဘာ့ဂ်ကာလရှည်ကြာစွာ ရှောင်လွှဲပြုမှုများကို



သိသာထင်ရှားစွာ ပထမဆုံးအကြိမ် အချက်ပြမှုဖြစ်ပြီး သမ္မတဒေါ်နယ်ထရန့်အား သမ္မတရာထူးမှ ဖယ်ရှားရေးအတွက် တိုက်ပွဲဝင်ရန် အဆင်သင့်ဖြစ်မှုကို ပြသခြင်းလည်း ဖြစ်သည်။

**ကိုးကား–အေအက်ဖ်ပီ**
**ဘာသာပြန်–ဇော်ဝင်း**

# အိန္ဒိယထိန်းချုပ်သော ကက်ရှ်မီးယားဒေသ၌ ဆီးနှင်းကျဆင်းမှုကြောင့် လူခုနစ်ဦးထက်မနည်း သေဆုံး

**စရီနာဂါ (အိန္ဒိယ ထိန်းချုပ်သော ကက်ရှ်မီးယား) နိုဝင်ဘာ ၈**
အိန္ဒိယထိန်းချုပ်သော ကက်ရှ်မီးယားဒေသတွင် ဆီးနှင်းထူထပ်စွာ ကျဆင်းမှုကြောင့် တပ်ဖွဲ့ဝင်နှစ်ဦး အပါအဝင် လူခုနစ်ဦး သေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ယနေ့ပြောကြားသည်။

အိန္ဒိယထိန်းချုပ်သော ကက်ရှ်မီးယားဒေသ၌ နိုဝင်ဘာ ၆ ရက်ညပိုင်းမှစ၍ ၇ ရက်အထိ ဆီးနှင်းများ ထူထပ်စွာ ကျဆင်းမှုကြောင့် ကားလမ်းများပိတ်ဆို့မှုဖြစ်ပွားပြီး ဒေသတွင်း လေယာဉ်သွားလာမှုများကို ဟန့်တားခဲ့သည့်အပြင် လျှပ်စစ်မီးပြတ်တောက်မှုများလည်း ဖြစ်ပွားခဲ့သည်။

ဆီးနှင်းကျဆင်းမှုနှင့် ဆက်စပ်သည့် မတော်တဆမှုများကြောင့် အဆိုပါဒေသတွင် တစ်ရက်တာအတွင်း တပ်ဖွဲ့ဝင်နှစ်ဦးအပါအဝင် လူခုနစ်ဦး သေဆုံးခဲ့သည်။

ထို့အပြင် ဆီးနှင်းထူထပ်စွာ ကျဆင်းမှုကြောင့် ဒေသအတွင်း သစ်ပင်များနှင့် လျှပ်စစ်ဓာတ်တိုင်များကိုလည်း ထိခိုက်သွားသကဲ့သို့ ကားလမ်းများပေါ်တွင် ဆီးနှင်းများစုပုံမှုများကြောင့် ဒေသတွင်း တစ်နေရာနှင့်တစ်နေရာ ဆက်သွယ်သွားလာမှုကိုလည်း နှောင့်ယှက်ဟန့်တားခဲ့ကြောင်း သိရသည်။

တာဝန်ရှိသူများသည် ကားလမ်းပေါ် စုပုံနေသော ဆီးနှင်းများနှင့် ဆီးနှင်းထူထပ်စွာ ကျဆင်းမှုကြောင့် လဲကျသွားသည့် သစ်ပင်များကို ရှင်းလင်းဖယ်ရှားရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ဂျေတီ**





## ဆီးရီးယားနိုင်ငံမြောက်ဘက်၌ ရုရှားရဟတ်ယာဉ်များ လေကြောင်းကင်းလှည့်မှု စတင်

**မော်စကို နိုဝင်ဘာ ၈**
ရုရှားလေတပ်၏ ရဟတ်ယာဉ်များသည် ဆီးရီးယားနိုင်ငံမြောက်ဘက်တွင် လေကြောင်းကင်းလှည့်မှုတာဝန်များ စတင်နေပြီဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

ရုရှား လေတပ်အနေဖြင့် ဆီးရီးယားနိုင်ငံမြောက်ဘက်၌ လေကြောင်းကင်းလှည့်မှု ပြုလုပ်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ကင်းလှည့်မှုပြုလုပ်သည့် ဒေသများ၌ လုံခြုံရေးသေချာစေရေးနှင့် ရုရှားစစ်ရဲ၏ ယာဉ်တန်းများအား လိုက်ပါစောင့်ရှောက်ရေးအတွက်ပင်ဖြစ်ကြောင်း ရုရှား လေယာဉ်မှူး ဒီမီထရီအီဗာနော့ဗ်က ပြောကြားသည်။

ရုရှားရဟတ်ယာဉ်များသည် လေကြောင်းကင်းလှည့်မှုလုပ်ငန်းကို မြေပြင်မှ အမြင့်မီတာ ၅၀-၆၀ ကြားတွင် လမ်းကြောင်းအမျိုးမျိုးဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ရုရှားရဟတ်ယာဉ်များသည် နိုဝင်ဘာ ၇ ရက်တွင်လည်း ဆီးရီးယားနိုင်ငံမြောက်ဘက်တွင် အခြားကင်းလှည့်မှုတစ်ခုကိုလည်း သီးသန့်ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထို့အတူ တူရကီနှင့် ရုရှားမြေပြင်တပ်ဖွဲ့ဝင်များသည် သံချပ်ကာယာဉ်များဖြင့် ဆီးရီးယားနှင့် တူရကီနယ်စပ်တစ်လျှောက်တွင် တတိယအကြိမ်မြောက် ပူးတွဲကင်းလှည့်မှုတစ်ခု ပြုလုပ်ခဲ့သည်။

ရုရှားနှင့် တူရကီတပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၂ ရက် က ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တူရကီသမ္မတ အာဒိုဂန်တို့၏ သဘောတူညီချက်များနှင့်အညီ ပူးတွဲကင်းလှည့်မှုများကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ဂျေတီ**

## အအေးခန်းကားအတွင်းမှ သေဆုံးသူများမှာ ဗီယက်နမ်လူမျိုးများဖြစ်ကြောင်း ဗီယက်နမ်အတည်ပြုပြောကြား

**ဟန္နွိုင်း နိုဝင်ဘာ ၈**
အင်္ဂလန်နိုင်ငံ အက်ဆက်တွင်ဖြစ်ပွားသော အအေးခန်းကားအတွင်းမှ သေဆုံးမှုဖြစ်ရပ်တွင် သေဆုံးသူ ၃၉ ဦးမှာ ဗီယက်နမ်နိုင်ငံသားများဖြစ်ကြောင်း ဗီယက်နမ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနမှ ပြောကြားသည်။

အဆိုပါသေဆုံးသူများမှာ ဗီယက်နမ်နိုင်ငံ ဟိုင်ဖောင်၊ ဟိုင်ဒေါင်း၊ ငှအင်း၊ ဟာတင်းကွမ်ဘင်းနှင့် သွာသန်ဟီဒေသများမှဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနမှ ထုတ်ပြန်သည်။

ယခုသေဆုံးမှုတွင် ကျန်ရစ်သူမိသားစုများ၏ ကြီးမားသောဆုံးရှုံးမှုအား ဖြေသိမ့်နိုင်ရန် တာဝန်ရှိသူများနှင့် ပြည်သူများက ဝိုင်းဝန်းဆောင်ရွက်ကြရန် ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်စွမ်းဖုက တိုက်တွန်းခဲ့သည်။ အဆိုပါကိစ္စတွင် အရေးကြီးသောအချက်အလက်များ အတည်ပြုနိုင်ရေး၊ သေဆုံးသူများ၏အမည်ကို အတည်ပြုနိုင်ရေးနှင့် ရုပ်အလောင်းများအား ဗီယက်နမ်နိုင်ငံသို့ပြန်လည်သယ်ယူရာတွင် အဆင်ပြေစေရေးအတွက် ဗြိတိန်နှင့်ပူးပေါင်းဆောင်ရွက်ရန် ဗီယက်နမ်ဝန်ကြီးချုပ်က ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဗီယက်နမ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနနှင့် အခြားဌာနမှ တာဝန်ရှိသူများအား တိုက်တွန်းထားကြောင်း ဗီယက်နမ်အစိုးရ၏ သတင်းစာမျက်နှာတွင် ဖော်ပြထားသည်။ အဆိုပါဖြစ်ရပ်နှင့် အလားတူဖြစ်ရပ်များ ထပ်မံမဖြစ်ပွားစေရန်အတွက် ဗီယက်နမ်အစိုးရမှ ဒေသတွင်းရှိနိုင်ငံများနှင့် ကမ္ဘာတစ်ဝန်းလုံးအား လူကုန်ကူးမှုတားဆီးရေးအတွက် ဆောင်ရွက်ကြရန် တိုက်တွန်းခဲ့သည်။ ဗီယက်နမ်အစိုးရအနေဖြင့် ဗြိတိန်အစိုးရ၏ ပူးပေါင်းဆောင်ရွက်မှုကို အသိအမှတ်ပြုကြောင်းနှင့် ဗြိတိန်ပြည်သူများအပါအဝင် ဗြိတိန်ရှိ ဗီယက်နမ်လူမျိုးများနှင့် အခြားနိုင်ငံများမှ ယခုကိစ္စအတွက် ကူညီဆောင်ရွက်ပေးသူများကို အသိအမှတ်ပြုပြီး ကျေးဇူးတင်ကြောင်း ငုယင်စွမ်းဖုက ပြောကြားခဲ့သည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**

## ဂျပန်အစိုးရက သဘာဝဘေးသင့်ပြည်သူများအတွက် ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံ သုံးစွဲမည်

**တိုကျို နိုဝင်ဘာ ၈**
မကြာသေးမီက တိုက်ခတ်ခဲ့သည့် တိုင်ဖွန်းမုန်တိုင်း "ဟာဂီဘစ်" ကဲ့သို့သော သဘာဝဘေးအန္တရာယ်များ ဒဏ်ခံခဲ့ရသည့် ပြည်သူများအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံသုံးစွဲရန် ဂျပန်အစိုးရက ဆုံးဖြတ်လိုက်ပြီဖြစ်သည်။ မုန်တိုင်းသင့်ပြည်သူများအတွက် ရန်ပုံငွေကို ယခုဘဏ္ဍာနှစ် ဘတ်ဂျက်မှ သုံးစွဲမည်ဖြစ်သည်။



အိမ်များ ပျက်စီးသွားခဲ့သည့် ပြည်သူများမှာ အိမ်ထောင်စုတစ်ခုလျှင် အမေရိကန်ဒေါ်လာ ၂၇၀၀၀ အထိ ရရှိမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်သင့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၄၆၀ ခွဲဝေသတ်မှတ်ပေးမည်ဖြစ်သည်။ အမေရိကန်ဒေါ်လာသန်း ၁၄၀ ကို လယ်သမားများ၊ သစ်တောနှင့် ရေလုပ်သားများသို့ ထောက်ပံ့မည်ဖြစ်ပြီး ပစ္စည်းကိရိယာများနှင့် မွေးမြူရေးအဆောက်အအုံများ ပြင်ဆင်ရန် သို့မဟုတ် အစားထိုးရန် သုံးစွဲမည်ဖြစ်သည်။

ခရီးသွားလုပ်ငန်း ပြန်လည်ကောင်းမွန်လာရန် အမေရိကန်ဒေါ်လာ ၂၆ သန်း ပံ့ပိုးမည်ဖြစ်သည်။ လူအများအပြားက သဘာဝဘေးသင့်နေရာများသို့ သွားရောက်မည့် အစီအစဉ်များနှင့် နေရာထိုင်ခင်းများကို ဖျက်သိမ်းခဲ့ကြသည်။ အစီအစဉ်အရ နေရာထိုင်ခင်းများအတွက် တစ်ညလျှင် အမေရိကန်ဒေါ်လာ ၄၆ ဒေါ်လာထိ ကုန်ကျမည့် ထောက်ပံ့ကြေးများ ပါဝင်သည်။

**ကိုးကား–အင်န်အိတ်ချ်ကေ**
**ဘာသာပြန်–ကျော်ထိုက်စိုး**



# သပိတ်ကျင်း၊ တာချီလိတ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၈**

မူးယစ်တပ်ဖွဲ့စု(၁၆) ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၇ ရက် ညပိုင်းက သပိတ်ကျင်းမြို့နယ် တောင်လယ်ကျေးရွာအနီး မိုးမိတ်-တွင်းငယ်သွားကားလမ်း၌ ဖိုးဇော် မောင်းနှင်လာသည့် ဆိုင်ကယ်နှင့် ဇော်ထက်အောင်(ခ)ကျီးဖြူ မောင်းနှင်ပြီး ချစ်ယုံ လိုက်ပါလာသည့် ဆိုင်ကယ်တို့ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ ညပိုင်းတွင် မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု တာချီလိတ်-မိုင်းဆတ်သွားကားလမ်း ပုန်းထွန်ကားဂိတ်အနီး၌ ဖီလူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



ဖီလူအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# သုဝဏ္ဏဝတီမြို့၌ ယာဉ်တိုက်မှုဖြစ်၊ တစ်ဦးသေ

**သုဝဏ္ဏဝတီ နိုဝင်ဘာ ၈**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ကျိုက္ကော်ရပ်ကွက်၌ နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းက ဘေးတွဲဆိုင်ကယ်နှင့် ဆိုင်ကယ်တို့တိုက်မိပြီး ဆိုင်ကယ်မောင်းနှင်သူ သေဆုံးခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သိမ်ဆိပ်နယ်မြေရဲစခန်းမှ ဒုရဲအုပ်ကျော်စွာလင်း၊ ရဲတပ်ကြပ်စိန်ဝင်း၊ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးရာ ဘီးလင်းမြို့မှ သထုံမြို့သို့ မိုးဝင်း သိမ်ဆိပ်ရပ်ကွက် သုဝဏ္ဏဝတီမြို့နေသူ မောင်းနှင်လာသော ဘေးတွဲဆိုင်ကယ်က ဖြတ်ကျော်စဉ် မျက်နှာချင်းဆိုင်ဘက်မှ ဦးတင်ညွန့် နောင်ဘိုကျေးရွာ သထုံမြို့နယ်နေသူ မောင်းနှင်လာသော ဆိုင်ကယ်အား ဝင်တိုက်မိရာ ဆိုင်ကယ်မောင်းသူ သေဆုံးသွားသဖြင့် မိုးဝင်းအား သိမ်ဆိပ်နယ်မြေရဲစခန်းက ဖမ်းဆီးစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခွန်(ဝင်းပ)

# ပန်းတနော်မြို့နယ် ရန်ကုန်-ပုသိမ်ကားလမ်းတွင် ခရီးသည်တင်ယာဉ် တိမ်းမှောက်၊ ၂၈ ဦး ဒဏ်ရာရ

**ပန်းတနော် နိုဝင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ရန်ကုန်-ပုသိမ်ကားလမ်း တလိုင်းစုကျေးရွာအနီး မိုင်တိုင် (၅၉/၆) နှင့် (၅၉/၇) အကြား၌ နိုဝင်ဘာ ၈ ရက် နံနက် ၂ နာရီခန့်က ခရီးသည်တင်ယာဉ်တစ်စီး တိမ်းမှောက်ခဲ့သဖြင့် ၂၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ ပုသိမ်သို့ မောင်းနှင်လာသော ခရီးသည်တင်ယာဉ်သည် ရန်ကုန်-ပုသိမ်ကားလမ်းမကြီးရှိ ပန်းတနော်မြို့နယ် တလိုင်းစုကျေးရွာအနီး မိုင်တိုင် (၅၉/ ၆) နှင့် (၅၉/၇) အကြား၌ အရှိန်မထိန်းနိုင်ဘဲ လမ်းချော်ကာ တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ ယာဉ်မောင်း ဝင်းလှိုင်မှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ပန်းတနော်မြို့နယ်ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ပြည့်ဖြိုးကျော်(ပန်းတနော်)

# ရွှေဘို၌ လူသုံးဦး စီးနင်းလာသောဆိုင်ကယ် လမ်းလယ်မီးတိုင်အုတ်ခုံကို တိုက်မိ၊ တစ်ဦးသေ

**ရွှေဘို နိုဝင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် နိုဝင်ဘာ ၇ ရက် ညပိုင်းက လူသုံးဦး စီးနင်းလာသောဆိုင်ကယ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်မီးတိုင်အုတ်ခုံကို တိုက်မိ၍ တစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၇ ရက် ည ၈ နာရီက ရွှေဘိုမြို့ အမှတ်(၁၀)ရပ်ကွက် ရွှေဘို -မြစ်ကြီးနား ကားလမ်းအတိုင်း အနောက်မှအရှေ့သို့ အောင်ကိုကိုထက် ရွှေဘိုမြို့နေသူ မောင်းနှင်ပြီး ဇော်မျိုးထက်နှင့် ရဲစိုး ရွှေဘိုမြို့နေသူတို့ လိုက်ပါလာသော ဆိုင်ကယ်သည် အရှိန်မထိန်း နိုင်ဘဲ လမ်းလယ်မီးတိုင်အုတ်ခုံကို တိုက်မိ၍ သုံးဦးစလုံး ထိခိုက်ဒဏ်ရာများရရှိခဲ့သဖြင့် ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသစဉ် ရဲစိုးမှာ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ အောင်ကိုကိုထက်အား ရွှေဘိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မိုးသောက်(ရွှေဘို)

# မိုးညှင်းမြို့နယ်၌ ငါးမိုင်းခွဲရာမှ ပေါက်ကွဲမှုဖြစ်

**မိုးညှင်း နိုဝင်ဘာ ၈**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ထန်းတစ်ပင်ကျေးရွာ၌ နိုဝင်ဘာ ၇ ရက် မွန်းလွဲပိုင်းက အမျိုးသားတစ်ဦး ရေချောင်းအတွင်း ငါးမိုင်းခွဲရာမှ ပေါက်ကွဲမှုဖြစ်ပြီး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၇ ရက် မွန်းလွဲ ၂ နာရီက မိုးညှင်းမြို့နယ် ထန်းတစ်ပင်ကျေးရွာနေ မောင်မျိုးသည် နန့်ရင်းချောင်းအတွင်း ငါးမိုင်းခွဲရာမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့၍ ဒဏ်ရာများ (စိုးရိမ်ရ) ရရှိခဲ့ကြောင်း သိရသည်။

ဝင်းနိုင်(ကချင်မြေ)

# စာသင်ကျောင်း ဝရန်တာပြိုကျ၊ ကျောင်းသူ ၁၈ ဦး ဒဏ်ရာရ

**သထုံ နိုဝင်ဘာ ၈**

မွန်ပြည်နယ် သထုံမြို့နယ် မရမ်းကုန်းကျေးရွာ၌ နိုဝင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီခန့်က အထက(မရမ်းကုန်း)၏ ဝရန်တာပြိုကျမှုကြောင့် ကျောင်းသူ ၁၈ ဦး ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောင်းသား ကျောင်းသူများက ဆရာ ဆရာမများအား ကန်တော့ရန်အတွက် ကျောင်း၏ ပွင့်ဦးရတနာအဆောင်တွင် စုဝေးစောင့်ဆိုင်းနေစဉ် ဝရန်တာ ကြမ်းခင်း အလျား ၁၈ ပေ၊အနံ ၅ ပေခန့်သည် အမြင့် ၁၅ ပေခန့်မှ ပြိုကျခဲ့သဖြင့် ကျောင်းသူ ၁၈ ဦးတို့ ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူများအား ဆေးဝါးများ ကုသပေးကြောင်း သထုံခရိုင် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်သင်းသင်းအိက ပြောသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာ သိမ်ဆိပ်နယ်မြေရဲစခန်းက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ခွန်(ဝင်းပ)



စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့ရှိ အထကရွှေဝါမြေခန်းမ၌ နိုဝင်ဘာ ၈ ရက်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဇော်ထွန်းက မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး သရုပ်ပြအသိပညာပေး ရှင်းလင်းဟောပြောစဉ်။

အောင်ထွန်း

# သန်လျင်မြို့နယ်တွင် ဂိုဒေါင်တစ်လုံး မီးလောင်

**ရန်ကုန် နိုဝင်ဘာ ၈**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ဘုရားကုန်းကျေးရွာ ကျောက်ရေတွင်း (၁)လမ်း ဦးအောင်မြင့်၏ နေအိမ်အနောက်ဘက် မုန့်မျိုးစုံလုပ်ငန်း ဂိုဒေါင်တွင် နိုဝင်ဘာ ၈ ရက် နံနက် ၃ နာရီ ၇ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုမှာ မုန့်ထုပ်သည့် ပါကင်ပိတ်စက် အပူလွန်ကဲပြီး အနီးရှိ ပလတ်စတစ်များ အရည်ပျော်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် ဦးအောင်မြင့်၏ ဂိုဒေါင်တစ်လုံးနှင့် မုန့်ထုတ်လုပ်သည့် ဆက်စပ်ပစ္စည်းများ မီးလောင်ခဲ့ပြီး လူနှင့် တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် မီးလောင်မှုအား သန်လျင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သက်ခိုင် (သန်လျင်)



# ရှေ့နေနှင့် ဒေါသမီး

## ခဲ ဦးဟန်ညွန့် (ဥပဒေ)

**နိဒါန်း**

" ဆရာ"

"ဗျာ"

" ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ "

" ရှေ့နေနှင့် ဒေါသမီးပါ"

" ဗျာ" "ဒေါသမီး" တဲ့လား။

" ဟုတ်တယ်ဗျ "

" အဓိပ္ပာယ်အကျဉ်း ရှင်းပါဦးဆရာ "

" ဒေါသမီးဆိုမှတော့ ဒေါသမီးပေါ့ဗျာ။ ဘာများရှင်းစရာရှိသေးလို့လဲ။ ဟင်း "နော်ဗျာ"

" ပြောရင်းဆိုရင်း ဆရာ၊ ဒေါသကြီးလာပြီနော်"

" အေးဗျာ- ဖတ်ကြည့်ကြစို့ "

**ဒေါသမီး**

ဒေါသမီးဟု ကျွန်တော်ရေးသည်။ ဘာကြောင့်လဲ။ ဒေါသသည် မီးလိုပူသည်။ ထို့ကြောင့် ဒေါသမီးဟု ရေးခြင်းဖြစ်သည်။ ဒေါသသည် မအေးချမ်း။ ပူသည်။ အလွန်ပူသည်။ လောင်သည်။ တစ်နေရာတည်း မဟုတ်။ ခန္ဓာကိုယ်တစ်ခုလုံး လောင်မြိုက်သည်။ မီးလောင်နေသလိုခံစားရသည်။ မုန်းသည်။ သတ်ချင်သည်။ မသေသေး။ မသေသေအောင်သတ်မည်။ ဓားနှင့်ထိုးသတ်ပြီးပြီ။ ခြေထောက်နှင့်နင်းထားမည်။ လည်မျိုကို ထပ်နင်းဦးမည်။ သေပြီးသားအလောင်း။ မကျေနပ်သေး။ အလောင်းကိုပင် လုံ့စွပ်နှင့် ထပ်ထိုးဦးမည်။ ပြီးတော့ မကျေနပ်သေး။ အလောင်းကို ဓာတ်ဆီလောင်းပြီး မီးရှို့မည်။ ပြာမကျသေး။ အမှုန့်ဖြစ်အောင်၊ ပြာကျအောင် ချေမွပစ်ဦးမည်။ အမှုန့်ဖြစ်မှ ကျေနပ်မည်။ သြော် ... ရေးရင်း ပြောရင်း ကြက်သီးမွေးညင်းထမိပြီ။ ဒေါသမီး ... ။ ဒေါသမီး...။ ဒေါသမီး...။

**အမုန်းတရား**

သူ့ကို သိပ်မုန်းသည်။ မမြင်ချင်။ မတွေ့ချင်။ နည်းနည်းလေးမှ အသံပင် မကြားချင်။ ကြားသည့်အသံ ငှက်ဆိုးထိုးသံ။ အမင်္ဂလာသံ။ ချစ်စရာမရှိ။ မုန်းစရာအတိ။ ငါ့မိတ်ဆွေမဟုတ်။ ငါချစ်လို့မရ။ ငါ့ရန်သူ။ ကမ္ဘာမကျေရန်သူ။ ငါနှင့်လုံးဝဆက်စပ်မရသူ။ ငါ့ကို မုန်းတီးသူ အမှုအကျင့်မတူသူ။ မြန်မြန်သေပါစေ။ သူသေမှ အေးမှာ။ မုန်းတယ်ကွာ။ အမြန်သတ်။ ချက်ချင်းသတ်။

**ဒေါသဆိုသည်မှာ**

စာရေးဆရာ တင်ညွှန့်ရေးသည့် "ဒေါသ" အမည်ရှိ စာအုပ်တွင် ဒေါသ၏အဓိပ္ပာယ်ကို ဤသို့ ရေးသည်-

(ဒေါသဆိုသည်မှာ မျက်နှာအမူအရာတွင် ပေါ်လာသည်။ စကားတွေပြောလျှင် အသံတွေ ပြောင်းလာသည်။ လက်တွေ၊ ခြေတွေ ပါလာတတ်သည်။ ဒေါသထွက်လာလျှင် ကိုယ်ပြောသည်ကို မကြားမည်စိုးရိမ်သောကြောင့် အသံတွေ မြှင့်ထုတ်သည်။ အသံကုန်အော်တော့သည်။

နီးရာနှင့် ကောက်ပေါက်မည်။ တံခါးကို ဆောင့်ပိတ်မည်။ ခြေနှင့်ကန်မည်။ စားပွဲကို လက်နှင့် ပုတ်မည်။ ဖုန်းကို ပစ်ပေါက်လိုက်မည်။ ကိုယ့်အနီးနားရှိ တစ်ယောက်ယောက်ကိုအော်သည်။ နိုင်သူဖြစ်လျှင် ကိုယ်ထိလက်ရောက်ထိုးကြိတ်မည်။ အမှန်တော့ ဒေါသသည် သူများကိုအော်နေခြင်း၊ သတ်နေခြင်းမဟုတ်။ ကိုယ့်ကိုယ်ကိုယ်အော်ကာ ကိုယ့်ကိုယ်ကိုယ် သတ်နေခြင်းဖြစ်သည်။ ဒေါသထွက်လာလျှင် နှလုံးတွေ တဆတ်ဆတ်ခုန်လာသည်။ ဒေါသကြောင့် နှလုံးရပ်ကာ အသက်ထွက်သွားသူတွေရှိကြောင်း သတိပြုသင့်သည်။

ဒေါသဆိုသည်မှာ ပေါက်ကွဲလျှင်လည်း ရသည်၊ ငြိမ်းအေးလိုက်လျှင်လည်း ရသည်ဆိုသော အဖြေနှစ်မျိုးထွက်လာသည်။ ) (စာ-၁၃)

**ပျော်ရွှင်စိတ်ချမ်းသာစရာ ကိစ္စမဟုတ်ပါ**

"လူတိုင်း ဒေါသထွက်ဖူးကြမည်ထင်ပါသည်။ ကလေးလည်း ဒေါသ၊ လူကြီးလည်း ဒေါသ ကြုံဖူးကြသည်။ ဒေါသထွက်သည်ဆိုသောအလုပ်မှာ သေသေချာချာ ပြန်စဉ်းစားကြည့်ပါ။ ပျော်ရွှင်စိတ်ချမ်းသာစရာ ကိစ္စမဟုတ်ပါ။ စိတ်ထဲတွင် အနှောင့်အယှက်ဖြစ်စရာကောင်းသော ဆူးတစ်ချောင်း၊ ဗုံးတစ်လုံးလိုဖြစ်နေကြောင်း သတိထားမိမည်ထင်ပါသည်" ဟု စာရေးဆရာတင်ညွှန့်က ဆက်လက်တင်ပြသည်။

စိတ်တိုသည်။ စိတ်ဆိုးသည်။ ဒေါသထွက်သည်တို့ကို လူတွေက ပိုလုပ်သည်။ စိတ်ဆိုး၍ရသူကို စိတ်ဆိုးသည်။ ဒေါသထွက်၍ရသူကို ဒေါသထွက်ပြသည်။ ကိုယ်လိုချင်သည်ကို မရသောကြောင့် စိတ်ဆိုးသည်။ ကိုယ်ဖြစ်ချင်တာ မဖြစ်ရသောကြောင့် ဒေါသထွက်သည်။ ကိုယ်လျှောက်သည့်လမ်းကို လာပိတ်လျှင် ဒေါသဖြစ်ချင်သည်။ ကိုယ်ရမည့်အခွင့်အရေးကို လုယူခြင်းခံလိုက်ရလျှင်လည်း ဒေါသထွက်ကြသည်။ ကိုယ့်ကိုရန်စလည်း ဒေါသထွက်သည်။ ကိုယ့်ကို ဆန့်ကျင်လည်း ဒေါသထွက်သည်။

"ဒေါသထောင်းခနဲထွက်သည်" ဟု ဆိုကြသည်။ ထောင်းခနဲဖြစ်စေရန် အတွင်းစိတ်တွေ၊ အာရုံကြောတွေက နှိုးဆွနေကြသည်။ (စာ-၁၀)

**မာတိကာ**

စာရေးဆရာ တင်ညွှန့်ရေးသော ဒေါသအမည်ရှိစာအုပ်တွင် အောက်ပါ ဆောင်းပါးပုဒ်ရေ (၃၇)ပုဒ်ပါရှိသည်-

ရထားထိန်း၊ ငုတ်စိတ်၊ နှလုံးသားနှင့် ဦးနှောက်၊ ငါဆိုသည်မှာ၊ ပလ္လင်လုသူ၊ သည်းခံစိတ်၊ မေတ္တာရေစင်၊ ရောဂါပိုး၊ မီးအိမ်၊ ဖြေဆေး၊ သတိ၊ လူ့စိတ်၊ လျစ်လျူရှုခြင်း၊ စိတ်ပြတင်း၊ မျက်ကန်းမွေ၊ တမာခါးခါး၊ ရှို့မီး၊ အနီးအဝေး၊ ဖြတ်တောက်ခြင်း၊ ပြိုင်ဆိုင်ခြင်း၊ စက္ကန့် ၆၀၊ ဆေးမဲ့အနာ၊ အလကားလူ၊ မေတ္တာစက်ဝိုင်း၊ ဆင်းရဲခြင်း၊ ငါးမိနစ်၊ သဘောထားကြီးခြင်း၊ ဆင်ခြင်ဉာဏ်၊ ကံကြမ္မာ၊ ခြေရာ၊ ခေါင်းပြတ်သူ၊ အင်္ဂဝိဇ္ဇာ၊ သူနှင့်ငါ၊ ထွက်ပေါက်၊ အမြင်ကန်း၊ ဘဝနေနည်းနှင့် အက္ခရာတို့ဖြစ်ပါသည်။

**ဒေါသဘယ်ကစသနည်း**

ဒေါသသည် နှလုံးသားက စသည်။ မေတ္တာက စသည်။ ဒေါသသည် ကောင်းသလားဟု မေးလျှင် မည်သူကဖြစ်ဖြစ် မကောင်းဟု ဖြေကြမည်သာ ဖြစ်သည်။ ထိုမကောင်းသည့် ဒေါသကို နှလုံးသားကစပြီး ဦးနှောက်က ထိန်းချုပ် အမိန့်ပေးကာ ငြိမ်းအေးနိုင်သည်။ နှလုံးသားနှင့် ဦးနှောက်ကို ချိတ်ဆက်ပြီး ထိန်းသိမ်းနိုင်မှ ဒေါသက ချုပ်ငြိမ်းနိုင်မည်။ နှလုံးသားတွင် ဖြစ်တည် နေသည့်ဒေါသကို ဦးနှောက်ဆီ မပို့ပေးလျှင် နှလုံးသားထဲတွင် ပေါက်ကွဲထွက်ကုန်မည်။(စာ-၁၇)

ဆရာတင်ညွှန့်၏ ဒေါသအမည်ရှိ စာအုပ်ကို ဖတ်ပြီးနောက် ကျွန်တော်သည် ဒေါသဖျောက်နည်းကို ရှာကြံမိပါ၏။ စဉ်းစားတွေးခေါ်မိပါ၏။ ဤသို့ပါ။

**ဒေါသကို မည်သို့ ဖျောက်မည်လဲ**

ဒေါသ၏ ဆန့်ကျင်ဘက်သည် မေတ္တာဖြစ်၏။ မေတ္တာသည်လည်း ဒေါသ၏ဆန့်ကျင်ဘက် ဖြစ်၏။ သူတစ်ပါးကို မေတ္တာပို့ရမည်။ သူတစ်ပါးကို ခွင့်လွှတ်ရမည်။ သူတစ်ပါးကို သည်းခံရမည်။ သူတစ်ပါးချမ်းသာပါစေ။ သူတစ်ပါးဘေးရန်ကင်းပါစေ။ သူတစ်ပါးကျန်းမာပါစေ။ ငါ့ရန်သူမဟုတ်။ ငါ့မိတ်ဆွေ။ ငါအချစ်ဆုံးမိတ်ဆွေ။ မေတ္တာထား။ ထပ်တလဲလဲ မေတ္တာပို့။ သူ့မျက်နှာကို မြင်အောင်ကြည့်။ သူကျန်းမာမှ ဖြစ်မည်။ သူချမ်းသာမှဖြစ်မည်။ သူကြီးပွားပါစေ။ သူရာထူးကြီးပါစေ။ ငါ့ထက် ကြီးပွားပါစေ။ ငါ့ထက်ရာထူးကြီးပါစေ။ သူ့အုပ်ချုပ်ပုံကို ငါနာခံမည်။ သစ္စာတည်မည်။ သူသည် ငါ့ဆရာ။ သူသည် ငါ့အရှင်သခင်။ သူကို ကိုးကွယ်ပါ၏။ သူ့ကို လေးစားကြည်ညိုပါ၏။ သူ့ကို မေတ္တာအထပ်ထပ်ပို့ပါ၏။ သူ့ကို ချစ်ခင်ပါ၏။ သူဘေးရန်ကင်းပါစေ၊ မေတ္တာဖြန့်ကြက်ပါ၏။ ဖွဲ့သန်သန်ဖြင့် မမေ့မလျော့၊ မပေါ့မဆ၊ ထပ်တလဲလဲ မေတ္တာပို့ပါ၏။ ဒေါသတွေပျောက်၍ မေတ္တာရည်ပက်ဖျန်းပါ၏။

ကျွန်တော် ကိုယ်စိတ် ပေါ့ပါးပါ၏။ ကြည်လင်ပါ၏။ လန်းဆန်းပါ၏။ သူသာမက တစ်ရွာလုံး၊ တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံး ခြုံငုံမေတ္တာပို့ပါ၏။ မေတ္တာဓာတ်လွှမ်းခြုံပါ၏။ မေတ္တာဓာတ် ရစ်ပတ်ပါ၏။ ကျွန်တော့်ဒေါသ ဘယ်ရောက်သွားပါလိမ့်---။ ကျွန်တော်ကိုယ်ကျွန်တော်ပျော်ပါ၏။ ရန်သူမရှိသော ကျွန်တော်။ ဒေါသကင်းသော ကျွန်တော်။

**အမုန်းစကား**

အမုန်းစကားခေတ်စားလှသည်။ သူတစ်ပါး မုန်းတီးအောင် ပြောသောစကားမှာ အမုန်းစကားဖြစ်ပါသည်။ ချစ်အောင်ပြောဖို့မလွယ်။ မုန်းအောင်ပြောဖို့ လွယ်ပါသည်။ သူတစ်ပါးစိတ်ဆိုးအောင်၊ မုန်းတီးအောင်ပြောတာ ဘာမျှအကျိုးမရှိပါ။ သို့သော်ငြား ပြောစဲ၊ ပြောမြဲပါ။ အမုန်းစကားမှာ အဆဲစကား၊ ကြုံးဝါးစကား၊ ညစ်ညမ်းစကား အမျိုးမျိုးခွဲခြားနိုင်ပါမည်။ မကြားဝံ့မနာသာ ရှက်စရာ၊ စက်ဆုတ်စရာ စကားတွေ၊ မုန်းတီးနာကြည်းဖွယ်စကားတွေမှာ အမုန်းစကားတွေပါပဲ။

လူမျိုးရေးမုန်းတီးစေခြင်း၊ ဘာသာရေးအယူဝါဒနှိမ့်ချဝေဖန်ပြစ်တင်ခြင်းများကြောင့် ရန်ပွဲ၊ စစ်ပွဲများဖြစ်လာတတ်စမြဲပါ။ ယနေ့ကမ္ဘာက သက်သေခံနေပြီမဟုတ်ပါလားခင်ဗျာ။

ဒေါသကို နှလုံးသားကစပြီး ဦးနှောက်က ထိန်းချုပ်အမိန့်ပေးကာ ငြိမ်းအေးနိုင်သည်။ နှလုံးသားနှင့် ဦးနှောက်ကို ချိတ်ဆက်ပြီး ထိန်းသိမ်းနိုင်မှ ဒေါသက ချုပ်ငြိမ်းနိုင်မည်။ နှလုံးသားတွင် ဖြစ်တည်နေသည့် ဒေါသကို ဦးနှောက်ဆီမပို့ပေးလျှင် နှလုံးသားထဲတွင် ပေါက်ကွဲ. . .




**ဒေါသမီးစီရင်ထုံးများ**

ကြေးမုံမှာ ဒေါသမီးစီရင်ထုံးများအကြောင်း ကျွန်တော်အောက်ပါအတိုင်း ဆောင်းပါး ရေးသားတင်ဆက်ခဲ့ဖူးပါသည်။ (၂၆.၁.၂၀၁၉ ကြေးမုံ၊ စာ -၁၉ )

(၁) နောက်မီးလင်း လင်ငယ်နေသူ ဇနီးမယားအားလင်သားက ပက်ပင်းတွေ့၊ ဒေါသထွက်၊ တွေ့ရာလက်နက်ဖြင့် အသေသတ်အမှု

(၂) ဒေါသထွက်စဉ် လူသတ်မှုဖြစ်၊ မောင်းချဓားဖြင့် လည်ပင်းကို ဆောင့်ထိုး၊ ပွဲချင်းပြီး သေမှု။

(၃) ခွေးနှင့်နှိုင်း၍ ဆဲရပါမည်လားဟုဆိုကာ လူကြားထဲအရှက်ကွဲသဖြင့် မချုပ်တည်းနိုင်သော ဒေါသကြောင့် လူသတ်မှုဖြစ်။

(၄) ဇနီးမယား၏ ကိုယ်ဝန်ကို ခြေထောက်နှင့်ဆောင့်ကန်၊ ပါးနားဆွဲရိုက်၊ ဖနောင့်နှင့် ပေါက်၊ ကိုယ်ဝန်ပျက်ကျ၊ လင်ငယ်နှင့် ရသည့်ကိုယ်ဝန်ဟု စွပ်စွဲ။ ဝမ်းနည်းလွန်း၍ အနှိပ်စက်ခံ ဇနီးပွဲချင်းပြီးသေမှု။

(၅) ဝမ်းဗိုက်ပေါက်၊ အူထုတ်ချင်းပေါက်၊ ဓားနှင့်ထိုး၊ သူခိုးစွပ်စွဲ၍ သတ်မှုများစသည်---။

ရေးရင်း၊ ဖတ်ရင်းနှင့်ပင် မကြားရက်၊ မမြင်ရက်၊ ရက်စက်လွန်းသော အမှုများ။ ဤ အမှုများမှာ ဒေါသကြောင့်။ ဒေါသမီးတောက်လောင်ပြီး အားလုံးလောင်ကျွမ်း၊ ပျက်စီးကြရသည်။ ဘဝပျက်ရသည်။ ရာဇဝတ်မှုတွေကို စစ်မေး၊ စစ်ဆေး၊ ကိုယ်တွေ့ကြုံခဲ့ရသည်များ ယနေ့တိုင် မမေ့နိုင်...။

**ဒေါသဖြေဖျောက်ဖို့**

ဒေါသကို မည်သို့ဖြေဖျောက်ရမည်နည်းကို စာရေးဆရာ တင်ညွှန့်က အောက်ပါအတိုင်း လေ့လာရေးပြပါ၏။

"ဒေါသပျောက်ဖို့ ဖြတ်လမ်းမရှိ။ ဒေါသကို ကိုယ်တိုင်ပဲသတ်။ ကိုယ်တိုင်ပဲငြိမ်း။

လျင်မြန်စွာ ပြေးနေသည့်ရထားအား လမ်းမမှားအောင် စောင့်ရှောက်နိုင်သကဲ့သို့ အကြင်သူသည် ဖြစ်ပေါ်လာသော ဒေါသကို တားဆီးနိုင်ရမည်။ ထိုသို့ စောင့်ရှောက်နိုင်သောသူကိုသာ ရထားထိန်းဟု ငါဆို၏။ ရထားကိုထိန်းရုံသာ ထိန်းတတ်ပြီး လမ်းမမှားအောင် မစောင့်ရှောက်နိုင်သူကို ငါသည် ရထားထိန်းဟုမဆို။ ရထားကြိုးကိုင် သက်သက်သာဖြစ်သည်" ဟု ဘုရားရှင် ဟောတော်မူ၏။

(ဓမ္မပဒ၊ ကောဓဝဂ်)

**နိဂုံး**

ငါသည် ရထားထိန်းလား ... ။

ရထားကြိုးကိုင် အဆင့်လား ... ။

# စကားရပ်ပြောင်းလဲသတ်မှတ်သည့် ဥပဒေပြဋ္ဌာန်း

**စကားရပ်ပြောင်းလဲသတ်မှတ်သည့် ဥပဒေ**
**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၁ ။)**
**၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်**
**(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ (က) ဤဥပဒေကို စကားရပ်ပြောင်းလဲသတ်မှတ်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အာဏာတည်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၂။ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊စည်းမျဉ်းနှင့်စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ကြေညာချက်များ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများတွင် ပါရှိသော **"ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန"** ဆိုသည့်စကားရပ်ကို **"ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန"** ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ **"အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန"**ဆိုသည့် စကားရပ်ကို **"အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန"** ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း ပြောင်းလဲသတ်မှတ်ရမည်။

၃။ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ကြေညာချက်များ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများတွင်ပါရှိသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သက်ဆိုင်သော **"ပြည်ထဲရေးဝန်ကြီးဌာန"** ဆိုသည့် စကားရပ်ကို **"ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန"**ဟု ပြင်ဆင်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မန္တလေးတိုင်းဒေသကြီးအတွင်း တန်ဖိုးမျှတအိမ်ရာတိုက်ခန်းများ ဘဏ်ချေးငွေစနစ်ဖြင့် ရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက်

**မန္တလေး နိုဝင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးအတွင်း တန်ဖိုးမျှတအိမ်ရာ တိုက်ခန်းများ အကောင်အထည်ဖော် တည်ဆောက်၍ ဘဏ်ချေးငွေစနစ်ဖြင့် ရောင်းချပေးနိုင်ရန် စီမံချက်များ ရေးဆွဲ၍ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဌာနမှ ညွှန်ကြားရေးမှူး ဦးသက်နိုင်က ပြောကြားသည်။

လက်ရှိတွင် အိမ်ရာဝယ်ယူရန်အတွက် ဆောက်လုပ်ရေးအိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်(CHID)တွင် ငွေစုဆောင်းထားရှိသူ ၂၁၉၉ ဦးရှိပြီး ၎င်းတို့အနက် ကျပ်သိန်း ၁၀၀ အထက် စုဆောင်းထားရှိသူ ၃၉ ဦး၊ ကျပ် ၆၅ သိန်းနှင့် ကျပ်သိန်း ၁၀၀ ကြား စုဆောင်းထားသူ ၄၇ ဦး၊ ကျပ်သိန်း ၃၀ နှင့် ကျပ် ၆၅ သိန်းကြား စုဆောင်းထားသူ ၁၈၈ ဦးနှင့် ကျပ်သိန်း ၃၀ အောက် စုဆောင်းထားရှိသူ ၁၉၂၅ ဦး ရှိနေကြောင်း သိရသည်။



"ကျွန်တော်တို့ ဌာနအနေနဲ့ တိုင်းဒေသကြီးအတွင်းမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းတွေ၊ အငြိမ်းစားတွေနဲ့ ဝင်ငွေနည်းပြည်သူတွေ နေရေးအဆင်ပြေစေဖို့ ဝန်ထမ်းအိမ်ရာတွေနဲ့ တန်ဖိုးမျှတအိမ်ရာတွေကို ကြိုးစားပြီး အကောင်အထည်ဖော် တည်ဆောက်ပေးလျက်ရှိပါတယ်။ မြို့ပြစနစ်တကျ ဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ ကျူးကျော်ပြဿနာတွေ အဆင်ပြေစေဖို့ဆိုတာ အိမ်ရာကဏ္ဍကလည်း အရေးကြီးပါတယ်။ ပြည်သူတွေ ဝယ်ယူနိုင်စွမ်းရှိတဲ့ အိမ်ရာတွေကို ဘဏ်ချေးငွေနဲ့ အရစ်ကျဝယ်ယူနိုင်ဖို့ အရောင်းအိမ်ရာတွေကို ထပ်မံတည်ဆောက်ပေးဖို့ စီစဉ်နေပါတယ်။ လက်ရှိ CHID ဘဏ်မှာ အိမ်ရာဝယ်ယူဖို့ ငွေစုဆောင်းထားသူတွေအတွက် တန်ဖိုးမျှတအိမ်ရာတွေကို ဆောင်ရွက်ပေးဖို့ စီမံချက်တွေ ရေးဆွဲပြီး ကုန်ကျစရိတ်တွေလည်း တွက်ချက်ပြီး ဖြစ်ပါတယ်။ ဒါကြောင့် တည်ဆောက်ဖို့အတွက် လမ်းညွှန်မှုခံယူနေပါတယ် "ဟု ၎င်းက ပြောသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်၌ လေးခန်းတွဲ လေးထပ်ပါ တိုက်အလုံးရေ ၂၇ လုံး အခန်းပေါင်း ၄၃၂ ခန်း တည်ဆောက်ကာ တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းလုပ်သက် ၂၅ နှစ်ရှိသူများနှင့် အငြိမ်းစားဝန်ထမ်းများအား ၂၀၁၆ ခုနှစ် ဧပြီလတွင် ရောင်းချပေးခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်လည်း ၎င်းနေရာအနီး၌ပင် ၈ ခန်းတွဲ ၅ ထပ်ပါ တိုက်အလုံးရေ ၂၀ အခန်းပေါင်း ၈၀၀ ကို တည်ဆောက်ခဲ့ပြီး တိုင်းဒေသကြီးအတွင်းရှိ နိုင်ငံ့ဝန်ထမ်း၊ အငြိမ်းစားဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်းများနှင့် ဝင်ငွေနည်းပြည်သူများအား ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် မဲစနစ်ဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကမ်းလွန်လုပ်ကွက်အမှတ် M-8 တွင် Geophysical Site Survey လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၈**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသောBerlanga Myanmar Pte.Ltdသည် ကမ်းလွန်လုပ်ကွက်အမှတ် M-8 တွင် Geophysical Site Survey လုပ်ငန်းများအား MV.PTSC RESEARCHER (Call Sign : 3WJZ) ဖြင့် WS.A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၀ မိနစ် ၁၇ ဒသမ ၂၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၉ မိနစ် ၃၅ ဒသမ ၅၀ စက္ကန့်၊ WS.B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၉ မိနစ် ၀၀ ဒသမ ၈၂ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၀ မိနစ် ၄၇ ဒသမ ၀၆ စက္ကန့်၊ Point.A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁ မိနစ် ၅၉ ဒသမ ၁၃ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၉ မိနစ် ၃၁ ဒသမ ၃၃ စက္ကန့်၊ Point.B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၀ မိနစ် ၃၂ ဒသမ ၁၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၇ မိနစ် ၅၂ ဒသမ ၀၇ စက္ကန့်၊ Point.C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇ မိနစ် ၁၈ ဒသမ ၉၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၀ မိနစ် ၅၁ ဒသမ ၂၂ စက္ကန့်၊ Point.D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ် ၄၅ ဒသမ ၈၇ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၂ မိနစ် ၃၀ ဒသမ ၄၇ စက္ကန့်၊ SR Site Survey Point.A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၅ မိနစ် ၄၁ ဒသမ ၇၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၇ မိနစ် ၂၇ ဒသမ ၁၃ စက္ကန့်၊ Point.B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇ မိနစ် ၁၂ ဒသမ ၈၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၉ မိနစ် ၀၂ ဒသမ ၄၁ စက္ကန့်၊ Point.C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၅ မိနစ် ၃၉ ဒသမ ၈၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၀ မိနစ် ၃၅ ဒသမ ၇၀ စက္ကန့်၊ Point.D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၄ မိနစ် ၀၈ ဒသမ ၈၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၉ မိနစ် ၀၀ ဒသမ ၄၃ စက္ကန့်၊ Point.A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၅ မိနစ် ၄၁ ဒသမ ၇၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၇ မိနစ် ၂၇ ဒသမ ၁၃ စက္ကန့်တို့တွင် (၂၄.၁၁.၂၀၁၉) ရက်နေ့မှ (၁၇.၁၂.၂၀၁၉) ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ (၂၄.၁၁.၂၀၁၉) ရက်နေ့မှ (၁၇.၁၂.၂၀၁၉) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ၅ မိုင် ပတ်လည်အတွင်း ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းများမပြုလုပ်ကြရန် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးကြေညာထားကြောင်း သိရသည်။ **သတင်းစဉ်**




# ခလရ (၇၅) မိသားစုများ ဒုတိယအကြိမ် တွေ့ဆုံပွဲပြုလုပ်မည်

**ရန်ကုန် နိုဝင်ဘာ ၈**

အမှတ်(၇၅) ခြေလျင်တပ်ရင်း (ပြည်မြို့)တွင် တာဝန်ထမ်းဆောင်ခဲ့သော တပ်ဖွဲ့ဝင်စစ်သည်၊ စစ်သည်ဟောင်းများနှင့် မိသားစုဝင်များ၏ ဒုတိယအကြိမ် တွေ့ဆုံပွဲကို ဒီဇင်ဘာ ၁ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ဝေဇယန္တာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ နန်းထိုက် တော်ဝင်ခန်းမ၌ ပြုလုပ်မည်ဖြစ်ရာ အားလုံးစုံလင်စွာ တက်ရောက်နိုင်ကြရန် ဖိတ်ကြားထားသည်။

အလှူငွေများထည့်ဝင်လိုပါက TOE AUNG MYINT (KHA – LA – YA 75) 100160000007498 သို့ ထည့်ဝင်နိုင်ကြပြီး ဗိုလ်ကြီးမင်းဆွေ (ငြိမ်း) ဖုန်း ၀၉-၆၉၆၉၁၀၅၇၇၊ ဗိုလ်မှူးအောင်စိုးလင်း (ငြိမ်း) ဖုန်း ၀၉- ၂၅၆၈၀၉၅၆၁၊ ဗိုလ်မှူးစိုးတင့် (ငြိမ်း) ဖုန်း ၀၉-၅၂၀၁၁၁၁၊ ဒုဗိုလ်မှူးကြီးဝင်းနောင် (ငြိမ်း) ဖုန်း ၀၉- ၂၆၄၅၄၈၄၄၉၊ ဒုဗိုလ်မှူးကြီးလှတင့်(ငြိမ်း) ဖုန်း ၀၉- ၄၂၀၁၉၀၂၂၂၊ ဗိုလ်ကြီးတိုးအောင်မြင့် (ငြိမ်း) ဖုန်း ၀၉- ၄၃၁၁၇၇၀၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# စနေ၊ တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း အစီအစဉ်

**ရန်ကုန် နိုဝင်ဘာ ၈**

ပြန်ကြားရေးဝန်ကြီးဌာန၏ စာအုပ်စာပေဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့၏ ပံ့ပိုးကူညီမှုနှင့်အတူ စာအုပ်ဆိုင်ခန်းပေါင်း ၈၀ ခန့်ဖြင့် အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များ၌ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ သိမ်ဖြူလမ်းတွင် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသော Yangon Book Street ၏ အပတ်စဉ်အစီအစဉ်များအဖြစ် နိုဝင်ဘာ ၁၀ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ဆရာမ ဒေါ်ဒေဝီသန့်စင်၏ "သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မီးနှင့်ရေ နှိုင်းယှဉ်သုံးစွဲမှု" ခေါင်းစဉ်ဖြင့် စာပေဟောပြောပွဲ အစီအစဉ်၊ မွန်းလွဲ ၃ နာရီတွင် စိတ်ကူးချိုချိုစာအုပ်တိုက်မှ ထုတ်ဝေသည့် နာမည်ကြီးစာအုပ်ကောင်းများကို ထိုက်တန်စွာ လက်ဆောင်ပေးမည့် "မေးကြည့်ဖြေကြည့်ပဟေဠိ" အစီအစဉ်တို့ကို ထည့်သွင်းပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကြေးမုံ**

# နိုင်ငံတကာရုပ်ရှင်အမွေအနှစ်ပွဲတော်တွင် ရုပ်ရှင်ဇာတ်ကားပေါင်း ၇၀ ကျော် ပြသမည်

**ရန်ကုန် နိုဝင်ဘာ ၈**

ရိုးရာဓလေ့နှင့် ရုပ်ရှင်အမွေအနှစ်များကို အများပြည်သူပိုမိုစိတ်ဝင်စားမှုရှိလာစေရန် ရည်ရွယ်၍ (၇)ကြိမ်မြောက် The Memory နိုင်ငံတကာရုပ်ရှင်အမွေအနှစ်ပွဲတော်တွင် ရုပ်ရှင်ဇာတ်ကားပေါင်း ၇၀ ကျော် ပြသမည်ဖြစ်ကြောင်း နိုဝင်ဘာ ၇ ရက် နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ရှိ Rosewood Yangon တွင် ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲမှသိရသည်။

"နိုင်ငံတကာရုပ်ရှင်ပွဲတော်တွေမှာဆိုရင် ရုပ်ရှင်ကို ပိုက်ဆံပေးကြည့်ရတယ်။ ဒီမှာက အခမဲ့ကြည့်ရတဲ့အတွက် လာကြည့်ပါလို့ ဖိတ်ခေါ်ပါတယ်။ ဒီပွဲတော်က ရုပ်ရှင်ရိုက်မယ့်သူတွေအတွက်ကျတော့ နိုင်ငံတကာရုပ်ရှင်ကားတွေရဲ့ သရုပ်ဆောင်မှုတွေ၊ ရိုက်ချက်တွေ၊ ဇာတ်လမ်းဆင်ပုံတွေ ဒါတွေကိုလေ့လာခွင့်ရပါတယ်။ ယဉ်ကျေးမှုတွေကိုလည်းသိရတာဖြစ်တဲ့အတွက်ကြောင့် မတူညီတဲ့ကွဲပြားတဲ့နေရာတွေမှာရှိကြတဲ့ လူမျိုးတွေရဲ့ မတူညီတဲ့ တန်ဖိုးထားမှုတွေ၊ ယဉ်ကျေးမှုတွေကိုသိရပါတယ်" ဟု Memory ရုပ်ရှင်ပြပွဲ နာယက သရုပ်ဆောင်ဒေါ်ဆွေဇင်ထိုက်က ပြောသည်။




အဆိုပါပြပွဲကို နိုဝင်ဘာ ၁၅ ရက်မှ ၂၄ ရက်အထိ နံနက်ပိုင်းမှစ၍ ဝဇီရာ ရုပ်ရှင်ရုံတွင် ပြသသွားမည်ဖြစ်ပြီး ၁၆၊ ၁၇၊ ၁၈ ရက်ညနေပိုင်းတွင် မြို့တော်ခန်းမရှေ့ရှိ မဟာဗန္ဓုလပန်းခြံတွင်လည်းကောင်း၊ ၁၉၊ ၂၀၊ ၂၁ ရက်ညနေပိုင်း၌ ၃၃ လမ်းနှင့် ၃၄ လမ်းကြားရှိ ပြန်လည်ပြုပြင်ထားသော နောက်ဖေးလမ်းကြားဥယျာဉ်တွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံဆိုင်ရာ ဥရောပသံအမတ်ကြီးက "အဓိကကတော့ ဒီနိုင်ငံရဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကြားထဲမှာ ပေါင်းကူးတံတားသဖွယ်တည်ရှိဖို့အတွက် ဥရောပသမဂ္ဂအနေနဲ့ ပံ့ပိုးကူညီခြင်းဖြစ်ပါတယ်။ ရုပ်ရှင်ကားတွေ မြန်မာနိုင်ငံကို ပထမဆုံးအကြိမ် ပြသမယ့်ကားတွေဖြစ်ပြီးတော့ ဘယ်သူမှမကြည့်ဖူးတဲ့ ဇာတ်ကားတွေ ပြသမှာ ဖြစ်ပါတယ်။ ဒီကားတွေကနေတစ်ဆင့် ဥရောပတစ်ခွင် ရင်းနှီးချစ်ခင်စွာနေထိုင်ကြတဲ့ သူတို့ရဲ့ ရိုးရာအစဉ်အလာ ယဉ်ကျေးမှုဓလေ့ထုံးတမ်းတွေကိုလည်း လေ့လာရမှာဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါရုပ်ရှင်ပွဲတော်တွင် မဟာဂန္ထဝင်ရုပ်ရှင်တစ်ခုဖြစ်သည့် မှုန်ရွှေရည်ဇာတ်ကားကိုပြသမည်ဖြစ်ပြီး ၁၅ ရက် ညနေ ၆နာရီတွင် ဝဇီရာရုပ်ရှင်ရုံ၌ ဖွင့်ပွဲအခမ်းအနားကို ကျင်းပသွားမည်ဖြစ်ရာ ပြင်သစ်နိုင်ငံမှ ထူးချွန်ဆုရ သရုပ်ဆောင် မင်းသမီးတစ်ဦးဖြစ်သည့် Isabelle Huppert နှင့် မြန်မာ့အကယ်ဒမီဆုရှင် သရုပ်ဆောင်ဆွေဇင်ထိုက်အပါအဝင် အောင်မြင်ကျော်ကြားသူများတက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**ဇာနည်မောင်၊ အေးမင်းသူ**

## တိုတိုထွာထွာဖတ်စရာ

### သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ပညာပေး

**ရန်ကုန်။** သန်လျင်မြို့နယ်တွင် စာသင်ကျောင်းအခြေပြု သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ပညာပေးအစီအစဉ်ကို နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီက အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဦးမျိုးဝင်းက ပညာပေးအစီအစဉ်များကို ရှင်းလင်းပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့မီးငြိမ်းသတ်နည်းများ၊ 25 meter. Platform ယာဉ်တို့အား တက်ရောက်လေ့လာစေခြင်းနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ပညာပေးအစီအစဉ်များကို ခေတ်မီစက်ယန္တရားများကို လက်တွေ့သရုပ်ပြ ရှင်းလင်းခဲ့ကြောင်း သိရသည်။ **သက်ခိုင်(သန်လျင်)**

### ကျောင်းကျန်းမာရေးစစ်ဆေး

**မုဒုံ။** မုဒုံမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကျန်းမာရေးဆိုင်ရာအသိပညာပေး ဟောပြောပွဲနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၆ ရက် နံနက် ၁၀ နာရီက အ.လ.က(ခွဲ) ဒုံကနီတွင် ကျင်းပသည်။

ဒေါက်တာဘုန်းပြည့်စုံက သွားနှင့်ခံတွင်းသန့်ရှင်းရေးဆိုင်ရာသိကောင်းစရာများကို ဟောပြောပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ မျိုးကိုကို၊ သူနာပြုဆရာမကြီးဒေါ်မြင့်မြင့်ရီနှင့် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသားကျောင်းသူ ၃၈၁ ဦးတို့အား ကျန်းမာရေးအခြေအနေများကို စစ်ဆေးပေးခဲ့ကြကြောင်းသိရသည်။ **ဖွဲ့ညီ(ပြန်/ဆက်)**

### မူခင်းအသိပညာပေးဟောပြော

**ရန်ကုန်။** ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် မြို့မရဲစခန်းမှူး ဒုရဲမှူးအောင်နိုင်ဦးနှင့် တပ်ဖွဲ့ဝင်များသည် သုံးခွမြို့နယ် အ.ထ.က ဖွဲ့ထော်တွင် နိုဝင်ဘာ ၆ ရက် နံနက် ၁၀ နာရီက မူခင်းပညာပေးပြခန်းယာဉ်ဖြင့် မူခင်းအသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**



# ရတနာပုံတက္ကသိုလ်တွင် တတိယအကြိမ် မြန်မာနိုင်ငံကမ္ဘာမြေသိပ္ပံဆိုင်ရာကွန်ဖရင့် ကျင်းပ

**မန္တလေး နိုဝင်ဘာ ၈**

ရတနာပုံတက္ကသိုလ် ဘူမိဗေဒဌာနနှင့် မြန်မာ့ပတ်ဝန်းကျင်သိပ္ပံ (Myanmar Environment Institute, MEI) တို့ ပူးပေါင်းကျင်းပသည့် တတိယအကြိမ် မြန်မာနိုင်ငံ ကမ္ဘာမြေသိပ္ပံဆိုင်ရာကွန်ဖရင့် "The Third Myanmar National Conference on Earth Sciences (The 3rd MNCES) 2019" ကို မန္တလေးမြို့ရှိ ရတနာပုံတက္ကသိုလ်တွင် နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်က နိုင်ငံတော်က အရည်အသွေးရှိသော ပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်နေပြီး အရည်အသွေးရှိသော ပညာရေးဖြစ်စေရန် ဆရာ ဆရာမများ၏ အခန်းကဏ္ဍပေါ်တွင် မူတည်နေကြောင်း၊ ဆရာ ဆရာမများ၏ ဘာသာရပ်ကျွမ်းကျင်မှုနှင့် သင်ကြားသင်ယူမှုများသည် အရေးကြီးပြီး ပညာရေးအရည်အသွေးမြင့်မားရေးအတွက် အားလုံးဝိုင်းဝန်းပြီး ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောသည်။

ရတနာပုံတက္ကသိုလ် ဘူမိဗေဒဌာန ပါမောက္ခ ဌာနမှူး ဒေါက်တာဌေးဝင်းက မြန်မာနိုင်ငံအတွင်း ဘူမိဗေဒနှင့် ကမ္ဘာမြေသိပ္ပံဆိုင်ရာ ပညာရပ်နယ်ပယ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ဘူမိဗေဒဌာနများနှင့် နီးနွယ်သောဌာနများတွင် သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်သည့် အလေ့အကျင့်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊ ခေတ်နှင့်လျော်ညီသော လူမှုပတ်ဝန်းကျင်အား အကျိုးပြုစေသော ဘူမိဗေဒနှင့် ကမ္ဘာမြေသိပ္ပံ ဘာသာရပ်နယ်ပယ်များ၌ သုတေသနလုပ်ငန်းများ ချဲ့ထွင်ဆောင်ရွက်နိုင်ရေး၊ တက္ကသိုလ်အသီးသီးမှ ဘူမိဗေဒဌာနများအနေဖြင့် တက္ကသိုလ်ပြင်ပရှိ စက်မှုစီးပွားလုပ်ငန်း အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ သုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သည့် အလေ့အထများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုလုပ်ခြင်းဖြစ်ကြောင်း ပြောသည်။

အဆိုပါကွန်ဖရင့်တွင် ကမ္ဘာမြေသိပ္ပံဆိုင်ရာ နယ်ပယ်အသီးသီးတွင် သုတေသနဆောင်ရွက်လျက်ရှိသည့် တက္ကသိုလ်အသီးသီးရှိ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် သုတေသနပညာရှင်များက သုတေသနစာတမ်းပေါင်း ၁၇၁ စောင်ကို ဖတ်ကြားကြမည်ဖြစ်သည်။

မြန်မာနိုင်ငံ ကမ္ဘာမြေသိပ္ပံဆိုင်ရာကွန်ဖရင့်ကို ပထမအကြိမ်အဖြစ် ၂၀၁၇ ခုနှစ်တွင် မုံရွာတက္ကသိုလ်၌ လည်းကောင်း၊ ဒုတိယအကြိမ်မြောက်အဖြစ် ၂၀၁၈ ခုနှစ်တွင် ဟင်္သာတတက္ကသိုလ်တို့၌ ပြုလုပ်ခဲ့ပြီး ယခုတတိယအကြိမ်မြောက်အဖြစ် ရတနာပုံတက္ကသိုလ်တွင် နိုဝင်ဘာ ၇ ရက်မှ ၈ ရက်အထိ ကျင်းပကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဆောက်လုပ်ရေးလုပ်ငန်းများအတွက် နှစ်စဉ်ကျောက်ကျင်းပေါင်း သိန်း ၄၀ ကျော် ထုတ်လုပ်ပေးမည်

**ရန်ကုန် နိုဝင်ဘာ ၇**

မြန်မာနိုင်ငံဆောက်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းများ ဖော်ဆောင်နိုင်ရန် ဆောက်လုပ်ရေးလုပ်ငန်းသုံး ခွဲကျောက်ထုတ်လုပ်သူ လုပ်ငန်းရှင် ၂၅၀၀ ကျော်မှ နှစ်စဉ်ကျောက်ကျင်းပေါင်းသိန်း ၄၀ ကျော်ကို ထုတ်လုပ်ပေးလျက်ရှိကြောင်း မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းသုံး ခွဲကျောက်ထုတ်လုပ်ရောင်းချသူ လုပ်ငန်းရှင်များအသင်းမှ သိရသည်။

"ယခင်မြစ်ကျောက်စလစ်တွေကို သုံးတဲ့အပေါ်မှာ မြစ်ကြောင်း တိမ်ကောမှုတွေနဲ့ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုရှိလာခဲ့တယ်။ အခုအခါမှာ သဘာဝပတ်ဝန်းကျင်ကိုအထူးအလေးထားပြီး နည်းပညာအသုံးပြုကာ ကျောက်တောင်တွေကနေ ခွဲကျောက်တွေ၊ ချိုင်ကျောက်တွေကို ထုတ်ယူအသုံးပြုနေတာ နိုင်ငံနဲ့တစ်ဝန်း နှစ်စဉ်ကျောက်ကျင်းပေါင်း သိန်း ၄၀ ကျော် ထုတ်ပေးနေရပါတယ်" ဟု မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းသုံး ခွဲကျောက်ထုတ်လုပ်ရောင်းချသူ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဇော်မင်းအောင်က ပြောသည်။

ယခုအခါတွင် ဆောက်လုပ်ရေးလုပ်ငန်းသုံး ခွဲကျောက်ဆိုဒ်အမျိုးမျိုးကို မွန်၊ တနင်္သာရီ၊ မန္တလေးစသောဒေသများမှ အများဆုံးထွက်ရှိကြောင်း သိရသည်။

"မြန်မာပြည်ရဲ့ဘူမိဗေဒဖြစ်စဉ်အရပေါ့ ရှိရင်းကျောက်နဲ့ နှစ်စဉ်ထုတ်နေတဲ့ ပမာဏက လက်လှမ်းမီသလောက်ပြောရရင် နောင်အနှစ် ၅၀၀ ထုတ်တာတောင်မကုန်ပါဘူး။ ဒါက နိုင်ငံတကာမှာရှိတဲ့စံနှုန်းသတ်မှတ်ချက်တွေအရ ပြောတာပါ။ ဒီကျောက်တွေနဲ့ တိုင်းပြည်ရဲ့ တည်ဆောက်ရေးလုပ်ငန်းတွေကိုအဓိက လုပ်ဆောင်နေရတာပါ"ဟု ဥက္ကဋ္ဌ ဦးဇော်မင်းအောင်က ထပ်မံပြောပြသည်။

လက်ရှိတွင် မြန်မာနိုင်ငံ ဆောက်လုပ်ရေး လုပ်ငန်းသုံးခွဲကျောက်ထုတ်လုပ်ရောင်းချသူ လုပ်ငန်းရှင်များအသင်းသည် နိုင်ငံနှင့်တစ်ဝန်း မြို့နယ်အသင်းပေါင်း ၃၆ သင်းဖွဲ့စည်းထားပြီး ကျောက်ထုတ်လုပ်ငန်းရှင်ပေါင်း ၂၅၀၀ ကျော်မှ နှစ်စဉ်ကျောက်ကျင်းပေါင်း သိန်း ၄၀ ကျော်ကို ပြည်တွင်းဆောက်လုပ်ရေးကဏ္ဍများအတွက် ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

ယခုအခါတွင် ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းများ ပြည်ပအထိတိုးမြင့်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံကျောက်ထုတ်လုပ်သူလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီရုံးကို နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ဂမုန်းပွင့်ကွန်ဒို (၇)လွှာတွင် အသစ် ဖွင့်လှစ်လိုက်ကြောင်းသိရသည်။ **မြင့်မောင်စိုး**



# ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှလှူဒါန်းသော တစ်ထပ်ဆရာဆောင် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်



**ဟားခါး နိုဝင်ဘာ ၈**

ချင်းပြည်နယ် ဟားခါးမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ လှူဒါန်းသော ပေ(၃၀x၈၃) RC တစ်ထပ်ဆရာဆောင်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်းနှင့် အဆောင်သစ်ဖွင့်ပွဲကို နိုဝင်ဘာ ၇ ရက် နံနက် ၈ နာရီက အဆိုပါ အဆောင်မုခ်ဦးရှေ့၌ ကျင်းပသည်။

ချင်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ ပြည်နယ်လူမှုရေးဝန်ကြီး ပေါင်လွန်းမင့်ထန်၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အမှုဆောင်ညွှန်ကြားရေးမှူး ဦးမိုးဇော်ဦးနှင့် ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးခေါင်ဂေကီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဆောင်သစ်ကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးဇိုဘွဲ့နှင့် ဇနီးတို့က ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအတွက် အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ အမှုဆောင်ညွှန်ကြားရေးမှူးက လက်ခံရယူပြီး အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ကျော်စွာ(ပြန်/ဆက်)**



# အိမ်မဲမြို့တွင် ခုတင် ၅၀ ဆံ့နှစ်ထပ်တိုးချဲ့ဆောင်သစ်နှင့် ဝန်ထမ်းအိမ်ရာသစ်ဖွင့်ပွဲကျင်းပ

**အိမ်မဲ နိုဝင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့ အထက်ပိုင်းရပ်ကွက် မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ခုတင် ၅၀ ဆံ့ နှစ်ထပ်တိုးချဲ့ဆောင်သစ်နှင့် ဝန်ထမ်းအိမ်ရာသစ်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၈ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ဧရာဝတီတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းထွန်းအောင်တို့က အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ တိုးချဲ့ဆေးရုံကို လှည့်လည်ကြည့်ရှုသည်။

အိမ်မဲမြို့နယ် ပြည်သူ့ဆေးရုံသည် ၁၉၃၅ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၈ ခုနှစ် အောက်တိုဘာလက ၂၅ ခုတင်ဆံ့ဆေးရုံ၊ ၂၀၁၄ ခုနှစ် ဇွန်လက ခုတင် ၅၀ ဆံ့ဆေးရုံအဖြစ် တည်ဆောက်ခဲ့ကြောင်းသိရသည်။

ယခု ပေ ၁၅၀ x ၅၆ပေ RCC ခုတင် ၅၀ ဆံ့ နှစ်ထပ်တိုးချဲ့ ဆောင်သစ်ကို ၂၀၁၇-၂၀၁၈ခုနှစ် ဘဏ္ဍာရေးနှစ်တွင် တန်ဖိုးငွေသိန်း ၂၀၀၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တန်ဖိုးငွေ ၂၄၁ ဒသမ ၉ သန်းဖြင့် တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

**ချစ်သက်လယ်(အိမ်မဲ ပြန်/ဆက်)**

# လှိုင်သာယာတွင် ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၈**

စက်မှုမြို့ဖြစ်သော လှိုင်သာယာမြို့နယ်တွင် ရေစီးရေလာ ကောင်းမွန်ရေး အတွက် မြို့နယ် စည်ပင်သာယာရေး ကော်မတီက ဆောင်ရွက်လျက်ရှိရာ ရပ်ကွက်ပေါင်း ရှစ်ခုနှင့် ကျေးရွာပေါင်းသုံးခုကို ဆောင်ရွက်နိုင် ခဲ့ပြီး ယခင်ထက်ရေစီးရေလာကောင်းမွန်လာရာ ကျန်ရှိသောရပ်ကွက်၊ ကျေးရွာများအတွင်းရှိ ပိတ်ဆို့နေသော ရေမြောင်းများကို ရှင်းလင်းဖယ်ရှားနိုင်ရန် လိုအပ်ချက်များတွင်တစ်ခုအပါအဝင်ဖြစ်သောစက်ယန္တရားကဏ္ဍအားတိုးမြှင့်၍ ယာဉ် နှင့် စက်ယန္တရား ၁၄ စီးဖြင့် ဆောင်ရွက်သွား ရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ တင်ပြတောင်းခံပြီးဖြစ်ကြောင်း သိရသည်။

"မြို့နယ်ထဲမှာ ရေစီးရေလာကောင်းမွန်အောင်ဇွန်လကတည်းက ဆောင်ရွက်ခဲ့တာပါ။ ရပ်ကွက် ရှစ်ခုနဲ့ ကျေးရွာ သုံးခုကိုဆောင်ရွက်ပြီးပါပြီ"ဟု မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသိမ်းအောင်က ပြောသည်။

လှိုင်သာယာမြို့နယ်၌ နွေရာသီတွင် ရေဝပ်ရေလျှံဖြစ်ပေါ်နေသော လမ်းများစွာရှိပြီး ထိုသို့ဖြစ်ပေါ်ရခြင်းမှာ ရေမြောင်းများပေါ်တွင် ဆောက်လုပ်နေထိုင်မှုကြောင့် ဖြစ်ရာ အထူးသဖြင့် မီးခွက်ဈေး၊ ရွှေရင်အေးဈေး၊(၁၅)ဈေး၊ ရွှေလင်ပန်းဈေး၊(၆)ရပ်ကွက်ပျံကျဈေး၊ (၂၀)ရပ်ကွက်ဈေးတို့သည် နေ့စဉ်လမ်းပိတ်ဆို့မှုနှင့် ရေမြောင်းပိတ်မှုတို့ အများဆုံးဖြစ်ပေါ်နေသော ဈေးများဖြစ်သောကြောင့်မြို့နယ်စည်ပင်သာယာကော်မတီက နေ့စဉ်စည်းကမ်းထိန်းသိမ်းရေးယာဉ်ဖြင့် ရှင်းလင်းဆောင်ရွက်မှုနှင့်အတူ ရေစီးရေလာ ကောင်းမွန်ရေးကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

ရပ်ကွက်ပေါင်း ၂၀ နှင့် ကျေးရွာအုပ်စုကိုးအုပ်စုရှိသော လှိုင်သာယာမြို့နယ်တွင် ရေစီးရေလာပိတ်ဆို့မှုကြောင့် ရေဝပ်ရေလျှံဖြစ်ပွားမှုကို နှစ်စဉ် ကြုံတွေ့ရလျက်ရှိကြောင်း သိရသည်။

**သစ္စာ**



# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မီးသတ်ယာဉ်များ လွှဲပြောင်းပေးအပ်

**မုံရွာ နိုဝင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နန္ဒဝန်ရပ်ကွက် တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနရုံးတွင် တိုင်းဒေသကြီးအတွင်း ခရိုင်သုံးခုရှိ နယ်မြေမီးသတ်စခန်း ၁၀ ခုသို့ မီးငြိမ်းသတ်ယာဉ် ၁၀ စီး လွှဲပြောင်းပေးအပ်ခြင်းကို နိုဝင်ဘာ ၇ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

မီးငြိမ်းသတ်ယာဉ်များကို ကသာခရိုင်အတွင်းရှိ ဥက္ကံ၊ နမ့်ခမ်း၊ အလယ်တော နယ်မြေမီးသတ်စခန်းများသို့လည်းကောင်း၊ စစ်ကိုင်းခရိုင်အတွင်းရှိခက်မနယ်မြေမီးသတ်စခန်းသို့လည်းကောင်း၊ ကန့်ဘလူခရိုင်အတွင်းရှိ လိပ်ဆင်းတောင်နယ်မြေမီးသတ်စခန်းသို့လည်းကောင်း၊ ယင်းမာပင်ခရိုင်အတွင်းရှိကပိုင်၊ ဘန့်ဘွေးနယ်မြေ မီးသတ်စခန်းများသို့ လည်းကောင်း၊ ရွှေဘိုခရိုင်အတွင်းရှိ စိုင်ပြင်နှင့် ညောင်လှနယ်မြေ မီးသတ်စခန်းများသို့လည်းကောင်း၊ တမူးခရိုင်အတွင်းရှိဘုက္ကန် နယ်မြေမီးသတ်စခန်းသို့လည်းကောင်း တရုတ်နိုင်ငံထုတ် (Bayun)အမျိုးအစား မီးငြိမ်းသတ်ယာဉ် ၁၀ စီးအား ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# ပြင်ဦးလွင်မီးပုံးပျံပွဲတော်တွင် အများပြည်သူသက်သောင့်သက်သာ ထိုင်ကြည့်နိုင်စေရန် ပွဲကြည့်စင်တစ်ခု တိုးချဲ့တည်ဆောက်

**ပြင်ဦးလွင် နိုဝင်ဘာ ၈**

ပြင်ဦးလွင်မီးပုံးပျံပွဲတော်သို့ လာရောက်ကြည့်ရှုအားပေးကြမည့် အနယ်နယ်အရပ်ရပ်မှ ပရိသတ်များအတွက် လူ ၈၀၀ ခန့် သက်သောင့်သက်သာထိုင်ကြည့်နိုင်မည့် ပွဲကြည့်စင်တစ်ခု တိုးချဲ့တည်ဆောက်ထားကြောင်း သိရသည်။

"အရင်ရှိပြီးသား ပွဲကြည့်စင်တွေက ဖိတ်ကြားခံ ဧည့်သည်တွေအတွက်သာ အသုံးပြုနေရတာကြောင့် အများပြည်သူဆိုင်ရာ ပွဲကြည့်စင်တစ်ခု တိုးချဲ့တည်ဆောက်ပေးတာလည်း ဖြစ်ပါတယ်။ အရင်က ကွင်းအရှေ့ဘက်မှာ အုတ်ခုံတန်းကြီး လုပ်ထားပေးတယ်။ အခုပွဲကြည့်စင်ကတော့ ရှိပြီးသားနှင့် ကပ်လျက်ပါ။ မိုးလုံမယ်။ တစ်စုံတစ်ခု အမှားအယွင်းဖြစ်တဲ့အခါ ဘေးလွတ်မယ့်နေရာလည်းဖြစ်တယ်။ အဓိကကတော့ အများပြည်သူ အဆင်ပြေပြေ ထိုင်ကြည့်လို့ရအောင် စီစဉ်ပေးတာပါ" ဟု ပွဲတော်ကျင်းပရေးဦးစီးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကျော်ငွေးကိုက ပြောသည်။



(၁၅) ကြိမ်မြောက် ပြင်ဦးလွင် တန်ဆောင်တိုင် မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၈ ရက်မှ ၁၂ ရက်အထိ ငါးရက်ကြာ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ပြီး မီးပုံးပျံအလုံးရေ ၈၀ ကျော် ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ကြောင်းနှင့် ယခုနှစ် ထူးခြားသော အစီအစဉ်များတွင် ပွဲအတွင်း LED မီးအလှဆင်ပြသထားမှု၊ ဒေသထွက်ကုန်များ ရောင်းချပေမည့် Night Market နှင့် နေ့စဉ်မော်တော်ဆိုင်ကယ်တစ်စီးစီ မဲဖောက်ပေးမည့် မော်တော်ဆိုင်ကယ် အရောင်းပြခန်းများ ပါဝင်ကြောင်း သိရသည်။

**တင်ဇော်လှိုင် (ပြန်/ဆက်)**

# သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်တွင် (၂၂)ကြိမ်မြောက် ရက်ကန်းစင်တော်ခုနစ်စင်ဖြင့် မသိုးရွှေကြာသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်ပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၈**

၁၃၈၁ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ အရုဏ်တက်တွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်တွင် (၂၂) ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်း ယှဉ်ပြိုင်ပူဇော်ပွဲကို ရက်ကန်းစင်တော် ခုနစ်စင်ဖြင့် ခြိမ့်ခြိမ့်သဲစည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း စေတီတော်ဂေါပကအဖွဲ့ရုံးမှ သိရသည်။

(၂၂)ကြိမ်မြောက် မသိုးသင်္ကန်း ရက်လုပ်ပြိုင်ပွဲကို သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပမည်ဖြစ်ပြီး ဖွင့်ပွဲကို စေတီတော်တောင်ဘက်မုခ်ရင်ပြင်၌ နိုဝင်ဘာ ၁၀ ရက် ညနေ ၅ နာရီတွင် ကျင်းပသွားမည်ဖြစ်သည်။

"ဒီနှစ်ကတော့ ဘုရားကြီးကို မသိုးရွှေကြာသင်္ကန်းကပ်လှူတာ (၂၂) ကြိမ်ရှိပါပြီ။ ပြိုင်ပွဲအနေနဲ့ကတော့ ဒီနှစ်က ခြောက်ကြိမ်မြောက်ပါ။ ပြိုင်ပွဲတွေကလည်း သူနိုင်ငါနိုင် မဟုတ်ဘဲ သဒ္ဓါစိတ်နဲ့ရက်လုပ်ပူဇော်နိုင်ဖို့က အဓိကပါ။ ဒီအပေါ်မှာ မြန်မာ့ရိုးရာဘာသာရေးထုံးတမ်းအစဉ်အလာကို ထိန်းသိမ်းပြီးသော်လည်းကောင်း၊ မြန်မာမိန်းကလေးတွေ ရက်ကန်းပညာ မပျောက်ပျက်အောင် ထိန်းသိမ်းဖော်ထုတ်တဲ့အနေနဲ့ ဒီပြိုင်ပွဲတွေကိုနှစ်စဉ်ကျင်းပနေတာဖြစ်ပါတယ်"ဟု (၂၁)ကြိမ်မြောက် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မသိုးသင်္ကန်း ရက်လုပ်ပြိုင်ပွဲကျင်းပရေးကော်မတီမှ ဂေါပကအဖွဲ့ဝင် ဦးသိန်းဦးက ပြောသည်။

ထိုနေ့မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲတွင် ပလ္လင်္ကစင်တော် (ပဋ္ဌာန်းရောင်တော်ဖွင့်အသင်း)၊ အနိမိသစင်တော် (သန့်ရှင်းလူငယ် ဝတ်အသင်း)၊ စင်္ကမစင်တော် (ဗဟိုဝတ်အသင်း)၊ ရတနာဃရစင်တော်(တနင်္ဂနွေဝတ်အသင်း)၊ အဇပါလစင်တော်(သာသနာ့ပါလစနေအသင်း)၊ မုစလိန္ဒစင်တော်(သန္တာဝတ် အသင်း)၊ ရာဇာယတန စင်တော်(ဈေးသာယာရေးကော်မတီ)တို့မှ စင်တော်တစ်စင်လျှင် ရက်ကန်းခတ်သူ၊ ရက်ကန်းအကူနှင့် စင်တော်တာဝန်ခံတို့ အပါအဝင် သုံးဦးစီ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

မသိုးသင်္ကန်းရက် ပြိုင်ပွဲတွင် စင်တော်များသည် ၄၅ မိနစ် ယှဉ်ပြိုင်ပြီး ၁၅ မိနစ်နားဖြင့် ပြိုင်ပွဲဝင်ကြရပြီး လေးနာရီခန့် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

တန်ဆောင်မုန်းလပြည့်နေ့ အရုဏ်တက် နံနက် ၄ နာရီတွင် ရက်လုပ်ပြီးသော မသိုးရွှေကြာသင်္ကန်းတော်ခုနစ်စုံအား စေတီတော်ဂေါပကအဖွဲ့နှင့် စင်တော်အသီးသီးမှ ပြိုင်ပွဲဝင်များက ပင့်ဆောင်ကာ ကမ္ဘာအေးစေတီတော်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်အပူဇော်ခံပြီး စေတီတော်ကြီး၏ သတ်မှတ်ရုပ်ပွားတော်ခုနစ်ဆူအား ကပ်လှူပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

# မန္တလေးမြို့ စန္ဒာမုနိဘုရားတွင် ရွှေသင်္ကန်းကပ်လှူခြင်း၊ စိန်ဖူးတော်အသစ်တင်လှူခြင်းများ ဆောင်ရွက်

**မန္တလေး နိုဝင်ဘာ ၈**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေရှိ နန်းမြေဘုံသာစံ နန်းတော်ရာ စန္ဒာမုနိဘုရားရုပ်ပွားတော်အား ရွှေသင်္ကန်းအသစ်ကပ်လှူခြင်း၊ ဂန္ဓကုဋိတိုက်ရွှေသားမျက်နှာကြက်တော် အသစ်ပြုလုပ်ပူဇော်ခြင်း၊ စေတီတော်လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း၊ စိန်ဖူးတော်အသစ်၊ ရွှေထီးတော်အသစ်တင်လှူပူဇော်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပူဇော်မှုအစုစုအတွက် ကုန်ကျငွေကို ဦးဝင်းဆွေ၊ ဒေါ်တင်တင်ခိုင်၊ မန်းရွှေလီနှင့် BOC ကုမ္ပဏီက လှူဒါန်းခြင်းဖြစ်သည်။ **အေးမြ(မန္တလေး)**



# အနုပညာရှင်များ၏ လူမှုအကျိုးပြုဖောင်ဒေးရှင်းများသို့ အလှူငွေများပေးအပ်လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၈**

Excellent Fortune Development Group တည်ထောင်သူ ဥက္ကဋ္ဌဦးစိုင်းမျိုးဝင်း၏ မွေးနေ့အလှူကို နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သစ္စာလမ်းနှင့် ဖိုးခေါင်းလမ်းထောင့်ရှိ ၁၄/၂ ရပ်ကွက် မြင်သာမြို့ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် လူငယ်ဖွံ့ဖြိုးရေး ပရဟိတကျောင်းတွင် ပြုလုပ်သည်။

မွေးနေ့ရှင် ဦးစိုင်းမျိုးဝင်းက မြန်မာနိုင်ငံ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ အလှူငွေကျပ်သိန်း ၅၀၊ အနုပညာဆည်းဆာရိပ်သို့ ကျပ်သိန်း ၅၀၊ မြန်မာနိုင်ငံသတင်းစာဆရာများအသင်း (MJA) ရန်ကုန်သို့ ကျပ်သိန်း ၃၀ ကိုလည်းကောင်း၊ ခင်လှိုင်ဖောင်ဒေးရှင်းသို့ အလှူငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း၊ ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်းသို့ အလှူ ငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း၊ ခိုင်နှင်းဝေဖောင်ဒေးရှင်းသို့ အလှူငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း၊ မြင်သာမြို့ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသား ၁၈၀၀ အတွက်စာရေးကိရိယာ တန်ဖိုးငွေကျပ် သိန်း ၂၀ ကိုလည်းကောင်း၊ ယင်းကျောင်းသို့ ဆန်အိတ် ၁၀၀ တန်ဖိုးငွေကျပ် ၂၆ သိန်းကိုလည်းကောင်း၊ မရမ်းကုန်းမြို့နယ် ပညာရေးသိပ္ပံဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ အလှူငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း၊ ကော့မှူးမြို့နယ် (အောင်ဇမ္ဗူ)ဘုန်းတော်ကြီးကျောင်းသို့ အလှူငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း၊ သာကေတမြို့နယ်၊ နတ်မောက်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ အလှူငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း၊ ခေတ်သစ်ဖောင်ဒေးရှင်းသို့ အလှူငွေကျပ်သိန်း ၅၀ ကိုလည်းကောင်း၊ မြင်သာဘုန်းတော်ကြီးသင်ပညာရေးကျောင်း တောင်ဥက္ကလာသို့ ကျပ်သိန်း ၅၀ ကိုလည်းကောင်း အလှူငွေစုစုပေါင်း ၄၄၆ သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ရွှေအင်းသားခင်မောင်ဝင်း**

# ထွေ/အုပ်နှစ်ပတ်လည်နေ့ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၈**

(၃၁) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဆွမ်းကပ်လှူဒါန်းခြင်းကို နိုဝင်ဘာ ၇ ရက် နံနက် ၁၀ နာရီက အောင်မြေသာစံမြို့နယ် ကမ်းနားလမ်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်း၌ ပြုလုပ်သည်။

သံဃာတော်များထံ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တက်ရောက်လာသူများက ဆွမ်းကပ်ခြင်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ခဲ့ကြကြောင်း သိရသည်။ **ဟိန်းတေဇထွဏ်း(မန္တလေး)**

# သီပေါတွင် စိုက်ပျိုးနည်းပညာပေးဆွေးနွေး

**သီပေါ နိုဝင်ဘာ ၈**

စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် နာနတ်သီးနှံ စိုက်ပျိုးထုတ်လုပ်သူများအသင်း ပူးပေါင်း၍ ညောင်ထောက်ကျေးရွာ ဘုန်းတော်ကြီးဓမ္မာရုံ၌ တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမိုးကျော်စွာဝင်းက သီပေါမြို့နယ်အနေဖြင့် နာနတ်သီးနှံများကို အများဆုံး စိုက်ပျိုးထုတ်လုပ်သည့်ဒေသဖြစ်သဖြင့် ယခုကဲ့သို့ နည်းပညာပေး ဆွေးနွေးပွဲ ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

**စိုင်း(သီပေါ)**




# ၁၈၉၃ ခုနှစ် မီးရထားချိန်တွယ်ကတ္တား နိုင်ငံခြားသားများ ကြည့်ရှုနိုင်ရန် ပြခန်းထားစေလို

**အင်းတော် နိုဝင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နဘားဘူတာရုံ အရှေ့ဘက်တွင် ၁၈၉၃ ခုနှစ် ရှေးဟောင်းလူသိနည်းခဲ့သော မီးရထား ချိန်တွယ် ကတ္တားရုံအား နိုင်ငံခြားသားများ ကြည့်ရှုနိုင်ရန် ပြခန်းများထားသင့်ကြောင်း ဌာနဆိုင်ရာဝန်ထမ်းများက အကြံပြု ပြောကြားသည်။

ခရီးသွားပို့ဆောင်ရေး ကုန်စည်သယ်ဆောင်ရာ လမ်းတံတားဖြတ်သန်းရာ လမ်းခရီး ကင်းရှင်းစွာဖြင့် သွားနိုင်စေရန် စနစ်တကျတပ်ဆင်တည်ဆောက်ပြုလုပ်ထားရှိသော မီးရထားအလေးချိန်တွယ် နာရီလက်တံနှင့် Made In England By W & T. Avery Limited Birmingham စာတန်းပါ ကတ္တားရုံသည် ယနေ့တိုင်တည်ရှိနေကြောင်းသိရသည်။

ယခင်က မီးရထားကတ္တားချိန်တွယ်ခြင်း အသုံးပြုခဲ့သဖြင့် တန်ချိန်ပိုခြင်း၊ မပိုခြင်းသိရှိရပြီး တန်ချိန်အနည်းအများ၊ တွဲများကိုရွှေ့ပြောင်း၊ ရထားမောင်းနှင်စဉ် တွဲဆိုင်းများ ခါရမ်းမှုမရှိဘဲ ယာဉ်အန္တရာယ်ကင်းရှင်းစွာသွားနိုင်အောင် အထောက်အကူဖြစ်စေသည်ဟု မီးရထားဝန်ထမ်းဟောင်းတစ်ဦးက ပြောသည်။



ထို့နောက် စစ်အတွင်းအသုံးပြုခဲ့သည့် မီးရထားဆက်စပ်အသုံးအဆောင်များ၊ မီးရထားချိန်တွယ်ကတ္တားနှင့် ခေတ်ဆီမကုန် မီးစက်ကြီး၊ ရေမျှော်စင်၊ ကိုလိုနီခေတ် အသုံးအဆောင်များကို တစ်နေရာတည်းစုဆောင်ထားရှိကာ နိုင်ငံခြားခရီးသွားများ ဆွဲဆောင်နိုင်စေရန် မီးရထားပြတိုက်ထားရှိပါက အကျိုးကျေးဇူးများရရှိနိုင်ကြောင်း မီးရထားမှတာဝန်ရှိသူ တစ်ဦးက ပြောသည်။

**ငွေအိုး(ကသာ)**

# စီအယ်လ် ဝိုင်ဂျီနဲ့ စာချုပ်သစ်ထပ်မံချုပ်ဆိုခြင်းမရှိ



တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ ကြယ်ပွင့်တစ်ဦးဖြစ်သူ စီအယ်လ်ဟာအချိန်အတော်ကြာလက်တွဲလာခဲ့တဲ့အေဂျင်စီနဲ့ လတ်တလောမှာတော့ လမ်းခွဲလိုက်ပြီဖြစ်ပါတယ်။ ဝိုင်ဂျီအန်တာတိန်းမန့်က စီအယ်လ်အနေနဲ့ အေဂျင်စီနဲ့ စာချုပ်သစ် ထပ်မံချုပ်ဆိုခြင်းမရှိကြောင်း လတ်တလောမှာ အတည်ပြုပြောကြားခဲ့တာဖြစ်တယ်လို့ ကိုရီးယားဘိုးဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

စီအယ်လ်အနေနဲ့ ဝိုင်ဂျီအန်တာတိန်းမန့်နဲ့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း နိုဝင်ဘာ ၇ ရက်က သတင်းတွေ ထွက်ပေါ်ခဲ့ပါတယ်။ ဒီလိုသတင်းထွက်လာချိန်မှာ အေဂျင်စီက အဆိုပါသတင်းတွေဟာ မှန်ကန်မှုမရှိကြောင်းနဲ့ စာချုပ်ကိစ္စဟာ ဆွေးနွေးနေဆဲဖြစ်တယ်လို့ တုံ့ပြန်ခဲ့ပါတယ်။ ဒါပေမယ့် နိုဝင်ဘာ ၈ ရက်မှာ အဆိုပါဖျော်ဖြေရေးအေဂျင်စီက စီအယ်လ်နဲ့ စာချုပ်သစ်ချုပ်ဆိုဖို့ ဆွေးနွေးခြင်းမှာ အောင်မြင်မှုမရရှိခဲ့ကြောင်း ထုတ်ဖော်ပြောကြားလာပါတယ်။ လက်ရှိမှာတော့ စီအယ်လ်ဟာဝိုင်ဂျီရဲ့ အနုပညာရှင်တစ်ဦးမဟုတ်တော့တာ အသေအချာပင်ဖြစ်ပါတယ်။

ဝိုင်ဂျီအန်တာတိန်းမန့်က စီအယ်လ်အနေနဲ့ အေဂျင်စီနဲ့လမ်းခွဲလိုက်ပြီဖြစ်ပေမယ့် ပရိသတ်တွေအနေနဲ့ သူ့ရဲ့ရှေ့ဆက်မယ့် ဂီတခရီးမှာ ဆက်လက်အားပေးကြစေလိုကြောင်း ထည့်သွင်းရေးသားဖော်ပြခဲ့ပါတယ်။ အေဂျင်စီက စီအယ်လ်ရဲ့ ဂီတခရီးတစ်လျှောက် စွမ်းဆောင်ရည်တွေကိုလည်း ပြန်လည်ချီးကျူးရေးသားထားတာကိုလည်းတွေ့ရပါတယ်။

စီအယ်လ်ဟာ ၂၀၀၉ ခုနှစ်မှာ ဝိုင်ဂျီရဲ့ လက်အောက်ကနေ အမျိုးသမီးတေးဂီတအဖွဲ့ 2NE1 ရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ် ဂီတခရီးစတင်ခဲ့တာဖြစ်ပါတယ်။ ပေါ့ပ်ကြယ်ပွင့်ဟာ အဖွဲ့ခေါင်းဆောင်နဲ့ ရက်ပ်တေးသံရှင်တစ်ဦးအဖြစ် လှုပ်ရှားခဲ့ပြီး တေးသီချင်းဘက်မှာ သာမက ဖက်ရှင်ပိုင်းမှာပါ အများကစံထားရသူတစ်ဦးဖြစ်လာခဲ့ပါတယ်။ သူ့ရဲ့ဂီတခရီးတစ်လျှောက်မှာလည်း မှတ်တိုင်သစ်တွေနဲ့ သမိုင်းခြေရာတွေ ချန်ထားနိုင်ခဲ့တဲ့ တေးသံရှင်တစ်ဦးဖြစ်ပါတယ်။ သူဟာ ဘေဘုတ်ရဲ့ အကျော်ကြားဆုံးသော တေးသီချင်း ၁၀၀ စာရင်းကို ပထမဆုံး ဝင်ရောက်နိုင်ခဲ့တဲ့ တောင်ကိုရီးယား အမျိုးသမီးတစ်ကိုယ်တော် တေးသံရှင်တစ်ဦးအဖြစ်လည်း စံချိန်တင်နိုင်ခဲ့တယ်လို့ သိရပါတယ်။



## လန်ဒန်ရုပ်ရှင်ပွဲတော်မှာဆုရရှိခဲ့တဲ့ဂျန်ဟေးအင်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့မင်းသားတစ်ဦးဖြစ်သူ ဂျန်ဟေးအင်ဟာ လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ လန်ဒန်ရုပ်ရှင်ပွဲတော်မှာ ရေပန်းအစားဆုံးဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း ကိုရီးယားတိုင်းမ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။

ယခုနှစ်အတွက်ပြုလုပ်တဲ့ London East Asia Film Festival (LEAFF) မှာ ဂျန်ဟေးအင်ဟာ သူ့ရဲ့ ရုပ်ရှင် Tune In For Love နဲ့ ရေပန်းအစားဆုံးဆုကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ ဒီရုပ်ရှင်မှာ ဂျန်ဟာမင်းသမီး ကင်ဂိုအွန်နဲ့ တွဲဖက်ရိုက်ကူးထားတာဖြစ်တယ်လို့လည်း သိရပါတယ်။

ယခုနှစ်အတွင်း ထုတ်လွှင့်ပြသခဲ့တဲ့ Tune In For Love ဟာ အချစ်ဇာတ်လမ်း အမျိုးအစားဖြစ်ပြီး ၁၉၉၀ ပြည့်နှစ်ကာလတွေကို နောက်ခံထားကာ ပုံဖော်ထားတာဖြစ်တယ်လို့လည်း သိရပါတယ်။ ထူးချွန်ဆုကိုလက်ခံရယူခဲ့ပြီးနောက် အမှတ်တရစကားပြောကြားချိန်မှာ ဂျန်ဟေးအင်က ယခုလိုဆုရရှိခဲ့တဲ့အပေါ် မင်းသမီးကင်ဂိုအွန်နဲ့ ဒါရိုက်တာ၊ ဇာတ်ညွှန်းရေးဆရာတို့ကို ကျေးဇူးတင်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့တယ်လို့ သိရပါတယ်။

## တေးသီချင်းသစ်နဲ့ တရုတ်တေးဂီတဇယားတွေကို ဦးဆောင်နေတဲ့ ဟွန်အ



တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့တေးသံရှင်တစ်ဦးဖြစ်သူ ဟွန်အဟာ သူ့ရဲ့တေးသီချင်းသစ် Flower Showers နဲ့ လတ်တလောမှာ တရုတ်နိုင်ငံက တေးဂီတဇယားတွေမှာ ထိပ်ဆုံးကနေ နေရာရနေပါတယ်။ တရုတ်တေးဂီတဈေးကွက်အတွင်း ခြေချလာတဲ့ဟွန်အ အတွက် အဖွင့်မှာပင် ရလဒ်ကောင်းခဲ့တယ်လို့လည်း ဆိုနိုင်ကြောင်း စွန်ပီဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဟွန်အဟာ နိုဝင်ဘာ ၅ ရက်မှာ Flower Showers ကို စတင်ထုတ်လွှင့်ခဲ့တာ ဖြစ်ပါတယ်။ ဒီတေးသီချင်းဟာ ပြီးခဲ့တဲ့နှစ်နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ထုတ်လွှင့်ပေးတဲ့ တေးသီချင်းလည်းဖြစ်ပါတယ်။ အဆိုပါတေးသီချင်းဟာ လတ်တလောမှာ တရုတ်မီဒီယာပလက်ဖောင်းတစ်ခုဖြစ်တဲ့ ဝီဘိုပေါ်မှာ အများဆုံးရှာဖွေခံရတဲ့ တေးသီချင်းလည်းဖြစ်နေကြောင်း သိရပါတယ်။



## ကိုရီးယားကိုပြန်လည်ရောက်ရှိလာတဲ့ TWICE

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ TWICE ဟာ နယ်လှည့်ဖျော်ဖြေပွဲတွေပြုလုပ်နေရာကနေ လတ်တလောမှာ တောင်ကိုရီးယားနိုင်ငံကို ပြန်လည်ရောက်ရှိလာခဲ့ပြီဖြစ်တယ်လို့ သိရပါတယ်။ အဖွဲ့ရဲ့ အိမ်အပြန်ကို ပရိသတ်တွေနဲ့ မီဒီယာတွေက လေဆိပ်မှာလာရောက်ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း ကိုရီးယားဘိုးဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

နိုဝင်ဘာ ၈ ရက်မှာ အဆိုပါတေးဂီတအဖွဲ့ဟာ တောင်ကိုရီးယားကို ပြန်လည်ရောက်ရှိလာတာ ဖြစ်ပါတယ်။ အဖွဲ့ဝင်တွေရဲ့ အိမ်အပြန်ကို ပရိသတ်တွေက လေဆိပ်မှာစောင့်ကြိုခဲ့ပြီး လက်ဆောင်တွေလည်း ပေးခဲ့ကြပါတယ်။ အဖွဲ့ဝင်တစ်ဦးဖြစ်သူ မိုမိုရဲ့မွေးနေ့အကြိုနေ့လည်း ဖြစ်တာကြောင့် ပရိသတ်တွေက မိုမိုအတွက် လက်ဆောင်တွေပေးခဲ့ကြပြီး မိုမိုကလည်း လက်ဆောင်တွေကို လက်ခံရယူခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒါ့အပြင် မိုမိုဟာမွေးနေ့အကြိုဆုတောင်းကိုလည်း လေဆိပ်မှာပင် လက်ခံရရှိခဲ့တာကိုလည်း တွေ့ရပါတယ်။

## ၂၀၂၄ မှာ သမ္မတအဖြစ် ဝင်ရောက်အရွေးခံသွားမယ့် ကန်းရီဝက်စ်ထ်

ကမ္ဘာကျော်တေးသံရှင်တစ်ဦးဖြစ်သူ ကန်းရီဝက်စ်ထ်က သူ့အနေနဲ့ နိုင်ငံရေးလောကအတွင်း လာမယ့် ၂၀၂၄ ခုနှစ်မှာ ဝင်ရောက်သွားဖို့ရာ ရည်ရွယ်ထားတယ်လို့ ဆိုပါတယ်။

အသက် ၄၂ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ရက်ပ်တေးသံရှင်က လတ်တလောမှာပြုလုပ်ခဲ့တဲ့ ကုမ္ပဏီတစ်ခုရဲ့ အခမ်းအနားမှာ သူ့အနေနဲ့ သမ္မတအဖြစ်ဝင်ရောက်အရွေးခံသွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ ကန်းရီဝက်စ်ထ်က ပရိသတ်တွေအနေနဲ့ သူ့ရဲ့စကားကိုကြားရချိန်မှာ ရယ်ကောင်းရယ်မိနိုင်ပေမယ့် သူ့အနေနဲ့တော့ ဒီလိုဝင်ရောက်အရွေးခံတာဟာ သူပါဝင်လျှောက်လှမ်းရမယ့် အပြေးပြိုင်ပွဲတစ်ခု ဖြစ်တယ်လို့ ၎င်းက ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

## ညီမဖြစ်သူနဲ့အတူရုပ်ရှင်အထူးပွဲတက်ရောက်လာတဲ့ဆယ်လီနာဂိုမက်ဇ်




အမေရိကန်ပေါ့ပ်ကြယ်ပွင့် ဆယ်လီနာဂိုမက်ဇ်ဟာ လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ Frozen 2 အတွက် ရုပ်ရှင်အထူးပွဲကို သူ့ရဲ့ညီမဖြစ်သူနဲ့အတူ တွဲကာ တက်ရောက်ခဲ့တာ တွေ့ရပါတယ်။ သူတို့နှစ်ဦးဟာ ဆင်တူဝတ်စုံကို ဝတ်ဆင်တက်ရောက်ခဲ့ကြောင်း အီးအွန်လိုင်းဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

နိုဝင်ဘာ ၇ ရက်မှာ Frozen 2 အတွက် အထူးပွဲပြသခဲ့တာဖြစ်ပါတယ်။ ဒီအခမ်းအနားကို ဆယ်လီနာဂိုမက်ဇ်လည်း တက်ရောက်အားပေးခဲ့ပြီး ကော်ဇောနီပေါ်လျှောက်လှမ်းစဉ်မှာတော့ ဆယ်လီနာဟာညီမဖြစ်သူဂရာစီရဲ့လက်ကိုတွဲကာ လျှောက်လှမ်းခဲ့ပါတယ်။ ဆယ်လီနာတို့ ညီအစ်မနှစ်ဦးဟာ ဆင်တူဝတ်စုံကိုလည်း ဝတ်ဆင်ထားပြီး ညီအစ်မသံယောဇဉ်ကိုဖော်ကြူးထားတဲ့ အဆိုပါရုပ်ရှင်ရဲ့အထူးပွဲကို ဆယ်လီနာက ညီမရဲ့လက်ကိုတွဲကာ တက်ရောက်ခဲ့တာလည်းဖြစ်ပါတယ်။

အေးပြည့်
စုစည်းသည်



## အာဆီယံကိုယ်စားလှယ်များ ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေး စံပြစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**တပ်ကုန်း နိုဝင်ဘာ ၈**

အာဆီယံကိုယ်စားလှယ်များသည် နိုဝင်ဘာ ၇ ရက် မွန်းလွဲ ၃ နာရီက နေပြည်တော် တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာဆင်းရဲမှုလျှော့ချရေးဗဟိုဌာန (IPRCC) တို့ ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးစံပြစီမံကိန်းကျေးရွာ လူထုဖွံ့ဖြိုးရေးစင်တာသို့ ရောက်ရှိ၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ကျေးရွာစီမံကိန်းလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုလေ့လာကြသည်။

နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က ကြိုဆိုမိတ်ဆက်စကား ပြောကြားပြီးနောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)ညွှန်ကြားရေးမှူး ဦးရဲခေါင်က ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေး စံပြစီမံကိန်းလုပ်ငန်းများနှင့် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် အာဆီယံကိုယ်စားလှယ်လေ့လာရေးအဖွဲ့က သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပြီးနောက် တာဝန်ရှိသူများနှင့်အတူ ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေး စံပြစီမံကိန်းဆောင်ရွက်ထားရှိသည့်လမ်း၊ စင်မြင့်ရေစင်၊ ဆေးပေးခန်း၊ တစ်ပိုင်တစ်နိုင်စိုက်ခင်း(Home Garden)များ၊ ပျိုးဥယျာဉ်ခြံ၊ ကျောင်းစာကြည့်တိုက်နှင့်ကျောင်းဆောင်သစ်အဆောက်အအုံတို့ကို လှည့်လည်ကြည့်ရှုလေ့လာသည်။

အဆိုပါလေ့လာရေးအဖွဲ့သည် တာဝန်ရှိသူများနှင့်အတူ ရေအေးကျေးရွာရှိ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာခန်းမသို့ ရောက်ရှိပြီး မိုးစပါးဆင်းသုခ မျိုးသန့်ထုတ် စိုက်ခင်းကို ဆက်လက်လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

## မြန်မာနိုင်ငံဆီစားသုံးမှု တစ်နှစ် တန်ချိန်တစ်သန်းကျော်အထိ မြင့်တက်

**ရန်ကုန် နိုဝင်ဘာ ၈**

ကျန်းမာရေးနှင့်ညီညွတ်သောစားသုံးဆီများ ပြည်သူများဈေးနှုန်းမျှတစွာစားသုံးနိုင်ရေး အတွက်ရည်ရွယ်ကာ မြန်မာနိုင်ငံဆီလုပ်ငန်းရှင်များအသင်းနှင့် မလေးရှားစားအုန်းဆီကောင်စီတို့ပူးပေါင်း၍ မြန်မာ – မလေးရှား စားအုန်းဆီကွန်ရက်အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပသည်။

"ကျွန်တော်တို့နိုင်ငံမှာအရင်တုန်းကတော့ မြေပဲဆီနဲ့နှမ်းဆီကိုသာစားသုံးနေကြတာပါ။ လူဦးရေတိုးတက်လာမှု၊ စားသောက်ကုန်လုပ်ငန်းများဖွံ့ဖြိုးလာမှုတို့ကြောင့်အကြော်ခံတဲ့ စားအုန်းဆီကို ပြည်ပကတင်သွင်းလာခဲ့ရာမှယခုအခါမှာမြန်မာနိုင်ငံရဲ့ ဆီစားသုံးမှုက တစ်နှစ်ကိုတန်ချိန်တစ်သန်းကျော်အထိ မြင့်တက်လာပါတယ်"ဟု မြန်မာနိုင်ငံ ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်ကြူက ပြောသည်။

မြန်မာနိုင်ငံမှဆီထွက်သီးနှံများဖြစ်သည့် နှမ်း၊ မြေပဲနှင့်နေကြာတို့မှာ တစ်နှစ်မက်ထရစ်တန်ချိန် ၄၀၀၀၀၀ သာထုတ်လုပ်နိုင်ပြီး စုစုပေါင်းလိုအပ်ချက်မှာ တန်ချိန်တစ်သန်းခဲ့မြင့်တက်လာသည့်အတွက် ပြည်ပမှမက်ထရစ်တန်ချိန် ၆၅၀၀၀၀ ခန့်တင်သွင်းနေရကြောင်း သိရသည်။

မြန်မာနိုင်ငံဆီလုပ်ငန်းရှင်များ ဒုတိယဥက္ကဋ္ဌ ဦးဆန်းလင်းက "ကျွန်တော်တို့ ဆီလုပ်ငန်းရှင်တွေအနေနဲ့ပြည်ပကစားသုံးဆီ တင်သွင်းရာမှာအရင်တုန်းကအရည်အသွေး သတ်မှတ်ချက်တစ်ခုဖြစ်တဲ့ Cloud Point 10 ကို တင်သွင်းပါတယ်။ ဒီအရည်အသွေးက မြန်မာနိုင်ငံရဲ့အိမ်နီးချင်းနိုင်ငံတွေမှာ အသုံးပြုနေတာပါ။ ဒါပေမယ့်လည်း ပြည်သူတွေကို ကျန်းမာရေးနဲ့ညီညွတ်တဲ့ဆီကိုစားသုံးလိုတဲ့ အတွက် Cloud Point 8 အရည်အသွေးမြင့်တဲ့စားအုန်းဆီကိုလက်ရှိတင်သွင်းနေတာ ဖြစ်ပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံ ဈေးကွက်သို့ စားအုန်းဆီကို မလေးရှားနှင့်အင်ဒိုနီးရှားနိုင်ငံများမှအဓိက တင်သွင်းလျက်ရှိကြောင်း၊ သို့သော်လည်း မလေးရှား စားအုန်းဆီဈေးမြင့်တက်နေသဖြင့် ၂၀၁၉ ခုနှစ်အတွင်းမလေးရှားမှတင်သွင်းမှု မရှိဘဲ ဈေးသက်သာသော အင်ဒိုနီးရှားနိုင်ငံမှ တင်သွင်းလျက်ရှိကြောင်းသိရသည်။

ထိုသို့စားအုန်းဆီများ ပြည်ပမှ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းရာတွင် မြန်မာနိုင်ငံ စားသုံးသူရေးရာဦးစီးဌာန FDA၏ ခွင့်ပြုချက်ကိုရယူကာ အရည်အသွေး ကောင်းမွန်သည့် Cloud Point8 နှင့် IODING 58အဆင့်ရှိသော စားအုန်းဆီကိုသာတင်သွင်းဖြန့်ချိခြင်းဖြစ်၍ ပြည်သူများ ကျန်းမာရေးကို ထိခိုက်မှုမရှိစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ မလေးရှား စားအုန်းဆီကောင်စီ CEO ဒေါက်တာ Mr.Kalyana Sundram နှင့် ကိုယ်စားလှယ်အဖွဲ့၊ မြန်မာနိုင်ငံဆီလုပ်ငန်းရှင်များဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ FDA မှ တာဝန်ရှိသူများတက်ရောက်ကြပြီး မြန်မာနိုင်ငံ ဈေးကွက်သို့ မလေးရှား စားအုန်းဆီများ တင်ပို့နိုင်မည့်နည်းလမ်းများနှင့် အပြန်အလှန်ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြကြောင်းသိရသည်။

**မြင့်မောင်စိုး**



## မြန်မာရေကြောင်းညီလာခံ၌ ပြည်တွင်း ပြည်ပပညာရှင်များ ဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၈**

မြန်မာနိုင်ငံရေကြောင်းအတတ်ပညာရှင်များအသင်းက ကြီးမှူးကျင်းပသော မြန်မာနိုင်ငံတွင် ဒုတိယအကြိမ်မြောက် ကျင်းပသည့် ၂၀၁၉ ခုနှစ် မြန်မာရေကြောင်း ညီလာခံ (Maritime Conference Myanmar 2018)ကို ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက စတင်၍ ကျင်းပလျက်ရှိရာ ရေကြောင်းလုပ်ငန်းနှင့်စပ်လျဉ်းသော ပြည်တွင်း ပြည်ပပညာရှင်များ တက်ရောက်ဆွေးနွေးလျက်ရှိကြကြောင်း သိရသည်။

မြန်မာနိုင်ငံရေကြောင်းအတတ်ပညာရှင်များအသင်းမှ ဒုဥက္ကဋ္ဌကပ္ပတိန် စိုးမင်းအောင်က "ရေကြောင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနဲ့ သင်္ဘောသားများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် စုပေါင်းဆွေးနွေးကြတာပါ၊ ပင်လယ်ရေညစ်ညမ်းမှုကို ကာကွယ်ရန်အချက်များနဲ့ ထိန်းသိမ်းစောင့်ရှောက်ရမယ့် အချက်များကိုပါ စုပေါင်းဆွေးနွေးကြပါတယ်၊ မြန်မာသင်္ဘောသားများ အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိစေဖို့ များစွာအထောက်အကူဖြစ်စေပါလိမ့်မယ်"ဟု ရှင်းပြသည်။

အဆိုပါ ၂၀၁၉ ခုနှစ် မြန်မာရေကြောင်းညီလာခံ၌ သင်္ဘောလုပ်ငန်းခွင်ဝင်ရောက်ကြမည့် ရေကြောင်းကောလိပ်နှင့် ရေကြောင်းတက္ကသိုလ်မှ ကျောင်းသားလူငယ်များပါတက်ရောက်လေ့လာလျက်ရှိကြပြီး ဆိပ်ကမ်းနှင့်သင်္ဘောလိုင်းများ၊ ပြည်ပသင်္ဘောလိုင်းများ အပါအဝင် ရေကြောင်းနှင့်ပတ်သက်သည့်ပညာရပ်များ ပို့ချသည့်ကျောင်းများမှ ပြခန်းစုစုပေါင်း ၅၀ နီးပါးကိုပါ ခင်းကျင်းပြသထားကြောင်းသိရသည်။

မြန်မာနိုင်ငံတွင်မှတ်ပုံတင်ထားသည့် သင်္ဘောသားဦးရေ အရေအတွက် တစ်သိန်းနီးပါးရှိပြီး အရှေ့တောင်အာရှနိုင်ငံများအတွင်း ဖိလစ်ပိုင်နိုင်ငံပြီးလျှင် ပြည်ပသို့ ထွက်ခွာအလုပ်လုပ်ကိုင်ကြသည့်သင်္ဘောသားဦးရေအများဆုံးနိုင်ငံမှာ မြန်မာနိုင်ငံဖြစ်ကြောင်း၊ နည်းပညာများရပ်များ ပိုမိုထွန်းကားလာသည်နှင့်အမျှ သင်္ဘောလုပ်ငန်းအလုပ်အကိုင်များ ရေရှည်တည်မြဲရေးအတွက် လုပ်ကိုင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ပြည်တွင်း၌ ကမ်းရိုးတန်းသွားနှင့် မြစ်ကြောင်းသွား သင်္ဘောများ စီးပွားရေးလုပ်ငန်းများ အဆင်ပြေဆောင်ရွက်နိုင်ရန်အတွက် ထိန်းချုပ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ သင်္ဘောနှင့်ဆက်စပ်သည့် အလုပ်သမားများနှင့်အာမခံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက်လည်း ညီလာခံကို ကျင်းပရခြင်းဖြစ်ကြောင်းလည်း သိရသည်။

**ပွင့်သစ္စာ**

## ပြည်သူများ သွားလာမှုအဆင်ပြေစေရေး YRTA က အလေးထား ဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA)အနေဖြင့် ပြည်သူများ သွားလာမှု အဆင်ပြေစေရေးအတွက် စီမံပေးရမည့် အပိုင်းများကို အလေးထားဆောင်ရွက်နေကြောင်း နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ YRTA ရုံးချုပ်၌ ပြုလုပ်သည့် မီဒီယာများနှင့် တွေ့ဆုံမှု အမှတ်စဉ် (၁၂/၂၀၁၉) သတင်းစာရှင်းလင်းပွဲတွင် YRTA မှ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောကြားသည်။

ယခင်က ရန်ကုန်တစ်ဖက်ကမ်း ဒလမြို့နယ်မှ ကွမ်းခြံကုန်းမြို့အထိ ဝန်ထမ်းများအနေဖြင့် ကားစီးရာတွင် ယာဉ်ငယ်များကိုသာ အသုံးပြုခဲ့ရပြီး ယာဉ်စီးခမှာလည်း ကျပ် ၁၅၀၀ အနည်းဆုံးပေးရကြောင်း၊ ထို့အတွက်ကြောင့် ဝန်ထမ်းများ သွားလာမှု အစဉ်ပြေစေရေး ရှေးရှုကာ ယခုနောက်ပိုင်းတွင် YUPT ကုမ္ပဏီနှင့် YBPC ကုမ္ပဏီတို့မှ ယာဉ်ကြီးနှစ်စီးဖြင့် နေ့စဉ် သယ်ယူပို့ဆောင်ရေးကိစ္စရပ်များကို အသွားအပြန် ဆောင်ရွက်ပေးလျက်ရှိကြောင်း ၎င်းကပြောသည်။

ထို့အတူ နယ်ဝေးမှလာသည့်ပြည်သူများ၊ နယ်ဝေးသို့ သွားရောက်မည့် ပြည်သူများ အဆင်ပြေစေရေး အတွက်လည်း လက်ရှိပြေးဆွဲနေသည့် လေဆိပ်ကားများကို အောင်မင်္ဂလာအဝေးပြေးနှင့် ဒဂုံရေအဝေးပြေးကားဂိတ်များသို့ ချိတ်ဆက်ကာ ပြေးဆွဲနိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်းနှင့် ထပ်မံဖြည့်စွက်ပြေးဆွဲရမည့်လိုင်းများကိုလည်း စီစဉ်ဆောင်ရွက်နေကြောင်း ၎င်းက ဆက်လက်ပြောသည်။

ရန်ကုန်မြို့တွင်း သယ်ယူပို့ရေးလုပ်ငန်းတွင် ကုမ္ပဏီ ၂၁ ခုမှ လိုင်းပေါင်း ၁၀၀ ကျော်ကို ယာဉ်အစီးရေ ၄၀၀၀ ကျော်ဖြင့် ပြေးဆွဲပေးလျက်ရှိရာ နေ့စဉ်ခရီးသွားပြည်သူ နှစ်သန်းခန့် စီးနင်းကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(YRTA)မှ သိရသည်။

**အေးမင်းသူ**

## ဝါးဖြင့်ထုတ်လုပ်သည့် တန်ဖိုးမြင့်ပစ္စည်း အရောင်းပြခန်း စိတ်ဝင်စားမှုများပြား

**မုံရွာ နိုဝင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် ကျင်းပလျက်ရှိသော မြန်မာ့သနပ်ခါးညီလာခံ၊ သဘာဝသနပ်ခါး ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် မြန်မာ့ဝါးအသင်းမှ ပါဝင်ပြသလျက်ရှိသော ဝါးဖြင့်ထုတ်လုပ်သည့် တန်ဖိုးမြင့်ပစ္စည်းများကို လာရောက်ကြည့်ရှုလေ့လာသူများပြား လျက်ရှိသည်။

"ဝါးနဲ့လုပ်ထားတဲ့ ပစ္စည်းတွေ အများကြီးအခုလိုတွေ့ရတာ စိတ်ဝင်စားဖို့ကောင်းတယ်၊ အိမ်သုံးဆေး၊ စိုက်ပျိုးရေးသုံးဆေး၊ အနံ့စုပ်တဲ့ ဝါးမီးသွေးလိုဟာမျိုးတွေကို စိတ်ဝင်စားတယ်၊ ဟိုတုန်းကတော့ ဝါးဦးထုပ်၊ ဝါးကုလားထိုင်နဲ့ ယွန်းထည်အကြမ်းလုပ်တာ လောက်ပဲ မြင်ဘူးတာများတယ်၊ အခုပြခန်းမှာတော့ အမျိုးအစားတော်တော်များများကိုတွေ့ရတယ်၊ စီစဉ်တဲ့သူတွေကို ကျေးဇူးတင်တယ်၊ အခုလိုစုံစုံလင်လင်နဲ့လာပြီး ပြသတဲ့အတွက် ရှေ့ဆက်ပြီး အခုထက်အောင်မြင်ပါစေ၊ အားပေးနေမှာပါ" ဟု ဝါးပြခန်းကို လာရောက် လေ့လာသူ မုံရွာမြို့ အိုးဘိုတောင်ရပ်ကွက်မှ ကိုစိုးအောင်ကပြောသည်။

မြန်မာနိုင်ငံဒေသအသီးသီးတွင် ပေါက်ရောက်လျက်ရှိသော ဝါးအမျိုးမျိုးကို တန်ဖိုးမြင့်ပစ္စည်းများအဖြစ် ယွန်းထည်ကုန်ကြမ်းများ၊ စိုက်ပျိုးရေးသုံးဆေးပစ္စည်းများ၊ လူသုံးကုန်များ၊ ဧည့်ခန်းအလှဆင်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ ဖန်စီပစ္စည်းများစသည့်အမျိုးအစား ၂၇မျိုးကို ပါဝင်ပြသထားကြောင်း သိရသည်။

**ဝင်းဦး (ဧယျာတိုင်း)**



UPG
25th ANNIVERSARY
1995 - 2020
UPG ထုတ်ကုန်များ၏ ၂၀၂၀ ခုနှစ်တွင်ကျရောက်မည့် (၂၅)နှစ်ပြည့်
"ငွေရတု" အထိမ်းအမှတ် ကျေးဇူးတုံ့ပြန်သည့် ကံစမ်းမဲအစီအစဉ်
WINNER
LUCKY WINNERS
GET A CHANCE TO MEET*
WINNER
ဆုကြီး (၂၅) ဆုနှင့် ဆုမဲပေါင်းများစွာ
ကံစမ်းမဲကာလ(၁၆.၁၀.၂၀၁၉)မှ(၃၁.၅.၂၀၂၀)ထိ
ဖေဖော်ဝါရီလ နှင့် ဇူလိုင်လ ၂၀၂၀ တွင်ကံစမ်းပါမည်။
*19953 နှိပ်၍
UPG Promotion
Page ကိုဝင်ပါ
Star Phone App ကို App Store, Play Store တို့မှ Download ရယူနိုင်သည်။
အသေးစိတ်ကို Hotline 01 2399900 နှင့် Facebook.com/upgpaint တွင်စုံစမ်းသိရှိနိုင်ပါသည်။
www.upgpaint.com
e-mail: info@upgpaint.com

# ပွဲတော်နွှဲပျော်တောင်ကြီးမြို့ရဲ့ တန်ဆောင်တိုင်ပွဲတော် အရောက်လာဖို့ ဖိတ်ကာခေါ်



စူဠာမုနိလောကချမ်းသာစေတီတော်၌ စိန်နားပန်မီးပုံးပျံ လွှတ်တင်စဉ်။

**တောင်ကြီး နိုဝင်ဘာ ၈**

ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးမြို့တွင် နှစ်စဉ်မပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသော တန်ဆောင်တိုင်ပွဲတော်ကို နိုဝင်ဘာ ၄ ရက်မှစတင်ကျင်းပလျက်ရှိပြီး ပြည်တွင်းမှ တောင်ပေါ်မြေပြန့်သွေးချင်းများသာမက ပြည်ပဧည့်သည်များပါ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိသည်။

**အကဲဖြတ်အမှတ်ပေး**

တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲကို ၁၉၄၁ ခုနှစ်တွင် ကုန်းသာဘုန်းကြီးကျောင်းဆရာတော် ဦးစီး၍ ခေါင်အချင်း ပေ ၅၀ ခန့်ရှိသည့် မီးပုံးပျံကြီးကို ပိတ်ဖြင့်ချုပ်လုပ်ပြီး မီးစာအဖြစ် သက်န်း၊ ရေနံချေးများသုံးကာ စတင်လွှတ်တင်ခဲ့သည်။ ၁၉၄၅ ခုနှစ် တန်ဆောင်မုန်းလတွင် ဂါတ်တဲပွဲအမည်ဖြင့် ရပ်ကွက်အလိုက် မီးကြာကပ်များ ကိုင်ဆောင်ကာ မီးပုံးပျံများကို အပျော်သဘောလွှတ်တင်ခဲ့ကြသည်။ ထို့နောက် တစ်ရပ်ကွက်နှင့် တစ်ရပ်ကွက် အပြိုင်အဆိုင်ဖြစ်လာပြီး ပြိုင်ပွဲအသွင်ဆောင်လာကာ အငြင်းပွားကြရာမှ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများက အကဲဖြတ်အမှတ်ပေးသည့် အခြေအနေသို့ ရောက်ရှိခဲ့သည်။

**ငေးမောခံစား**

ထို့နောက်ပိုင်းတွင် မီးပုံးပျံကို အလှအပများခြယ်သကာ မီးပန်း၊ ဗြောက်အိုးစသည်ဖြင့် ချိတ်ဆွဲလွှတ်တင်ခဲ့ကြပြီး ၁၉၅၈ ခုနှစ်တွင် သိမ်တောင်ဆရာတော်နှင့် မီးဆရာဦးဆောင်တို့က မြန်မာ့နည်းမြန်မာ့ဟန် ယမ်းစပ်နည်းများကို တီထွင်စမ်းသပ်ခဲ့ကြသည်။ ဆက်လက်၍ မီးဆရာများက ယမ်းစပ်နည်းများကို ကြိုးပမ်းလုပ်ဆောင်ခဲ့ရာ ၁၉၆၀ ပြည့်နှစ်တွင် မီးပုံးပျံများအဆင့်မြင့်လာခဲ့ပြီး လက်ရှိအချိန်တွင် ရောင်စုံယမ်းအလှများဖြင့် မျက်စိပသာဒ ငေးမောခံစားရသည့် ညမီးကြီးများအဖြစ် ဝေဟင်၌ ဝဲပျံနိုင်နေပြီဖြစ်သည်။

မီးပုံးပျံပြုလုပ်ရာတွင် ရှမ်းပြည်မိုင်းကိုင်မြို့မှ ထွက်ရှိသည့် မိုင်းကိုင်စက္ကူ (ခေါ်) ရှမ်းစက္ကူဖြင့်သာ ပြုလုပ်ပြီး စက္ကူချပ်ရေ ၁၀၀၀ ခန့် အသုံးပြုရသည်။ ပြိုင်ပွဲဝင် ညမီးကြီးကို ခေါင်အချင်း ၂၃ ပေ နှင့် ၂၅ ပေကြား၊ စိန်နားပန်ကို ခေါင်အချင်း ၁၈ ပေ နှင့် ပေ ၂၀ အကြား **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❂

## မန္တလေးနှင့် ရန်ကုန်မှ ဂေါက်ရိုက်အသင်းများ၏ ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**မန္တလေး နိုဝင်ဘာ ၈**

မန္တလေးမြို့မှ မန်းစီးတီးဂေါက်သီးရိုက်အသင်းနှင့် ရန်ကုန်ရင်လုံဂေါက်သီးရိုက်အသင်းတို့၏ နှစ်စဉ်ကျင်းပသော MYM CUP (Myanmar Yunlong Man City Cup) 2019 ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးနေ့ကို နိုဝင်ဘာ ၇ ရက်က ဒဂုံဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။ ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ညနေ ၆ နာရီတွင် ယူနန်ဘုံကျောင်း (လှိုင်မင်္ဂလာခန်းမ) ၌ ကျင်းပသည်။

**အမှတ်တရလက်ဆောင်ပေးအပ်**

ဆုချီးမြှင့်ပွဲတွင် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးက မန်းစီးတီးဂေါက်သီးရိုက်အသင်းနာယက ဦးမြင့်စိုး၊ ဥက္ကဋ္ဌ ဦးရွှေမြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးကိုကို၊ ရင်လုံဂေါက်သီးရိုက်အသင်းနာယက ဦးအိုက်ထွေး၊ ဥက္ကဋ္ဌ ဦးရန်အောင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်တို့အား အမှတ်တရလက်ဆောင်ပေးအပ်သည်။ ဆက်လက်၍ ပြိုင်ပွဲအားကြီးကြပ်ပေးသော မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒိုင်လူကြီးအဖွဲ့အား မန်းစီးတီးဂေါက်သီးရိုက်အသင်းနှင့် ရင်လုံဂေါက်သီးရိုက်အသင်းတို့က အမှတ်တရလက်ဆောင်ပေးအပ်သည်။ ယင်းနောက် ယခုနှစ်တွင် အနိုင်ရ ဗိုလ်စွဲခဲ့သော **စာမျက်နှာ ၁၁ ကော်လံ ၃ သို့** ❖

## အာရှယူ-၁၉ ခြေစစ်ပွဲတွင် မြန်မာအသင်း ရှုံးပွဲဆက်

**ရန်ကုန် နိုဝင်ဘာ ၈**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၂၀ အာရှယူ-၁၉ ခြေစစ်ပွဲအုပ်စု (I) ဒုတိယနေ့ကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပရာ မြန်မာယူ-၁၉ အသင်းသည် တောင်ကိုရီးယားယူ-၁၉ အသင်းအား သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

တောင်ကိုရီးယားအသင်းသည် ပထမပိုင်းတွင် သွင်းယူသည့်ဂိုးများဖြင့် အိမ်ရှင်မြန်မာကို ဂိုးပြတ်အနိုင်ယူပြီး



တောင်ကိုရီးယားအသင်း၏ ဂိုးသွင်းရန်ကြိုးပမ်းမှုကို မြန်မာဂိုးသမား ပြည့်ဖြိုးသူ ကာကွယ်နေစဉ်။

ခြေစစ်ပွဲအောင်မြင်ရန် အခြေအနေကောင်းသွားခဲ့သည်။ မြန်မာအသင်းမှာမူ အာရှထိပ်သီးအသင်းများနှင့် နှစ်ပွဲဆက်တွေ့ဆုံခဲ့သောကြောင့် ရှုံးပွဲဆက်ခဲ့ပြီး စင်ကာပူနှင့်အတူ ခြေစစ်ပွဲအောင်မြင်ခွင့်ဆုံးရှုံးခဲ့သည်။

**သုံးဂိုးပြတ်အနိုင်ရ**

တောင်ကိုရီးယားအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၁၄ မိနစ်တွင် တောင်ကိုရီးယားအသင်းဂိုးစရခဲ့ကာ ဟီယိုးလ်က သွင်းယူခဲ့ခြင်းဖြစ်သည်။ နှစ်မိနစ်အကြာတွင် တောင်ကိုရီးယားအသင်း ဒုတိယဂိုးထပ်ရခဲ့ပြီး ယောင်ဂျင်က ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် ကစားကွက်ပျက်နေသောကြောင့် တောင်ကိုရီးယားအသင်းကသာ ဖိကစားနိုင်ခဲ့ပြီး ၂၈ မိနစ်တွင် ဟီယိုးလ်က တတိယဂိုးသွင်းယူကာ ပထမပိုင်းပြီးကတည်းက သုံးဂိုးပြတ်အနိုင်ရနေသည်။ ဒုတိယပိုင်းတွင် မြန်မာအသင်း တိုက်စစ်ဆင်မှုများ ပြုလုပ်နိုင်လာသော်လည်း ဂိုးသွင်းခွင့်မရခဲ့ပေ။

အုပ်စု (I) အခြားပွဲတွင် တရုတ်အသင်းက စင်ကာပူအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အုပ်စုဒုတိယနေ့အပြီးတွင် တောင်ကိုရီးယားနှင့် တရုတ်အသင်းက ခြောက်မှတ်စီရကာ ခြေစစ်ပွဲအောင်ရန် အပြိုင်ဖြစ်နေပြီး မြန်မာနှင့် စင်ကာပူအသင်းမှာ နှစ်ပွဲစလုံးရှုံးပြီး အမှတ်မရသေးပေ။ အုပ်စုနောက်ဆုံးနေ့ကို နိုဝင်ဘာ ၁၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ဘုန်းသော်**

ကြေးမုံ ယနေ့ ဖတ်စရာ

တန်ဆောင်တိုင်ရုံးပိတ်ရက်အတွင်း သာမန်ရက်များထက် ရထားစီးနင်းမှုများပြား
စာမျက်နှာ » ၈

နယူးယောက်မြို့တော်ဝန်ဟောင်း ဘလွန်းဘာ့ဂ် သမ္မတလောင်းရွေးကောက်ပွဲဝင်ရန် ပြင်ဆင်နေ
စာမျက်နှာ » ၁၂

အိန္ဒိယထိန်းချုပ်သော ကက်ရှ်မီးယားဒေသ၌ ဆီးနှင်းကျဆင်းမှုကြောင့် လူခုနစ်ဦးထက်မနည်းသေဆုံး
စာမျက်နှာ » ၁၃



# ထာဝရလှပမြိုင်ဆိုင် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်သို့ လှမ်းလာခဲ့ပါ တစ်ခေါက်တစ်ခါ ဖိတ်ခေါ်ပါသည်



ဓာတ်ပုံ
မောင်မောင်သန်း(တောင်ကြီး)

မြူမှုန်ကျစ ဆောင်းရာသီအခါသမယ တန်ဆောင်မုန်းလ၏ အအေးဓာတ်က ရှမ်းပြည်နယ် တောင်ကြီးမြို့၏ တန်ဆောင်တိုင်ပွဲတော်သို့ လာရောက်လည်ပတ်ကြသူများအား အေးချမ်းမှုနှင့်အတူ ပျူငှာနွေးထွေးစွာ ကြိုဆိုနှုတ်ခွန်းဆက်နေပေသည်။ တန်ဆောင်မုန်းလဆန်းရက် လရောင်ဆမ်းသော အလင်းရောင်မိုးကောင်းကင် တစ်မိုးအောက်ရှိ တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်းကြီးသည် ရောင်စုံမီးလုံး၊မီးဆလိုက်များဖြာထွန်းလျက် အဝင်မုခ်ဦးတစ်နေရာ၌ တန်ဆောင်တိုင်ပွဲလာပွဲလည် လည်ပတ်သွားလာလှုပ်ရှားသူများဖြင့် ကြက်ပျံမကျစည်ကားလျက်ရှိသည်။

**အယ်လ်စိုင်း(ရှမ်းအညာမြေ)**

ရှေးနှစ်ပေါင်းများစွာကပင် တန်ဆောင်မုန်းလ၏ အထင်ကရပွဲတော်အဖြစ် ရှမ်းပြည်နယ် တောင်ကြီးမြို့၌ တန်ဆောင်တိုင်မီးထွန်းပွဲနှင့် မီးပုံးပျံပြိုင်ပွဲတော်ကို စည်ကားသိုက်မြိုက် မြိုင်မြိုင်ဆိုင်ဆိုင် ဆင်ယင်ကျင်းပ ပြုလုပ်လာခဲ့ကြသည်မှာ ယနေ့တိုင် နှစ်ပေါင်း(၇၀)ကျော်ကြာမြင့်လာခဲ့ပြီဖြစ်ကြောင်း တောင်ကြီးမြို့တန်ဆောင်တိုင်ပွဲတော် မှတ်တမ်းများအရ လေ့လာသိရှိရသည်။

ရိုးရာမပျက်ဆင်နွှဲကျင်းပသည့် တောင်ကြီးမြို့၏ တန်ဆောင်တိုင် မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင်ပြိုင်ပွဲတော်တို့သည် တောင်ကြီးသားတို့ ရှေးရိုးရာအစဉ်အလာမပျက် နှစ်စဉ်နှစ်တိုင်းလိုလို စုပေါင်းကျင်းပလာခဲ့ကြသော ပွဲတော်တစ်ခုဖြစ်ပေသည်။

နိုဝင်ဘာ ၄ ရက်မှ စတင်ကာ နိုဝင်ဘာ ၁၂ ရက်အထိ ၂၀၁၉ ခုနှစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကြီးကို ကျင်းပလျက်ရှိသည်။ လွန်ခဲ့သောနှစ်များက တန်ဆောင်မုန်းလဆန်း ၅ ရက်မှ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်အထိ ၁၀ ရက်မှ ၁၂ ရက်တိုင်အောင် ကျင်းပခဲ့သော်လည်း ယခုနှစ်တွင် တန်ဆောင်မုန်းလဆန်း ၈ ရက်မှ လပြည့်ကျော် ၁ ရက်အထိ ကိုးရက်တိုင်တိုင် ကျင်းပလျက်ရှိကြောင်း သိရသည်။

**နှစ်ပေါင်း(၇၀)ကျော်တိုင် ကျင်းပလာခဲ့သော တောင်ကြီးတန်ဆောင်တိုင်ပွဲတော်သည် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်အတွင်း မှီတင်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားလူမျိုးများ စုပေါင်းအားဖြင့် ပူးပေါင်းဆင်နွှဲခဲ့ကြသော တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖော်ဆောင်ကျင်းပသော ပွဲတော်တစ်ခုဖြစ်**

နှစ်ပေါင်း (၇၀)ကျော်တိုင် ကျင်းပလာခဲ့သော တောင်ကြီးတန်ဆောင်တိုင်ပွဲတော်သည် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်အတွင်း မှီတင်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားလူမျိုးများစုပေါင်းအားဖြင့် ပူးပေါင်းဆင်နွှဲခဲ့ကြသော တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖော်ဆောင်ကျင်းပသော ပွဲတော်တစ်ခုဖြစ်ကြောင်း တောင်ကြီးသားတို့က ဆိုသည်။ ခေတ်အဆက်ဆက် ကျင်းပလာခဲ့သည်မှ ယနေ့အထိ မီးပုံးပျံများကို ဆန်းသစ်တီထွင် ရိုးရာမပျက် ပြိုင်ပွဲဝင်ခဲ့ကြခြင်းဖြစ်ကြောင်းလည်း လေ့လာသိရှိရသည်။

**မီးပုံးပျံပြိုင်ပွဲပါဝင်ဆင်နွှဲ**

တောင်ကြီးမြို့နယ်အတွင်းရှိ ရှမ်း၊ ပအိုဝ်း၊ အင်းသား၊ ဓနုတိုင်းရင်းသားလူမျိုးများအပြင် အခြားတိုင်းရင်းသားလူမျိုးများကလည်း စုပေါင်းပါဝင်ဆင်နွှဲပျော်ကြသည့် ပွဲတော်တစ်ခုဟုလည်း ဆိုနိုင်ပေသည်။ အချင်းချင်းချစ်ကြည်စည်းလုံးမှု၊ စုပေါင်းဆောင်ရွက်မှု၊ တီထွင်ဆန်းသစ်မှု အင်အားတို့ကိုပြသသည့် ရှမ်းပြည်နယ်၏ပွဲတော်များအနက် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်မှာ အထင်ကရတစ်ခုဖြစ်ကြောင်း မီးပုံးပျံပြိုင်ပွဲပါဝင်ဆင်နွှဲကြသော တောင်ကြီးသားအချို့က ဆိုသည်။

ရှမ်းပြည်နယ်အတွင်းမှသာမက မြန်မာပြည်အနှံ့ရှိ တိုင်းရင်းသားများနှင့် ကမ္ဘာလှည့်ခရီးသွားများ နှစ်စဉ်လာရောက်လေ့လာပါဝင်ဆင်နွှဲခဲ့ကြသဖြင့် မြန်မာမက ကမ္ဘာသိ စည်ကားလှသောပွဲတော်ကြီးဖြစ်ပေသည်။

အဆိုပါပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများ၏ ဆွဲဆောင်မှု၊ မြို့လုံးကျွတ်ဘုံကထိန်လှည့်လည် ပူဇော်ပွဲ၊ ရောင်စုံမီးပဒေသာလှည့်လည်ပူဇော်ပွဲ၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ၊ ညမီးကြီး (ယမ်းမီး) မီးပုံးပျံလွှတ်တင်ပြိုင်ပွဲ၊ တိရစ္ဆာန်အရုပ် (နေ့လွှတ်မီးပုံးပျံ) လွှတ်တင်ပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲ၊ အငြိမ့်၊ ဇာတ်သဘင်၊ Stage Show တို့က တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကို ပိုမိုထင်ဟပ်ပေါ်လွင်စေခဲ့သည်။

ဖော်ပြပါပွဲများအပြင် တောင်ကြီးသားတို့နှင့် အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာကြသည့် ဓာတ်ပုံဝါသနာရှင်၊ ပညာရှင်များအတွက် တောင်ကြီးတန်ဆောင်တိုင် ပွဲတော်

အချပ်ပိုစာမျက်နှာ ခ သို့ »»



ဓာတ်ပုံ
မောင်မောင်သန်း(တောင်ကြီး)

»» အချပ်ပိုစာမျက်နှာ က မှ

ကျင်းပပုံ၏ ပွဲအစ အလယ် အဆုံးမြင်ကွင်းများအား ရိုက်ကူးကာ ဓာတ်ပုံပြိုင်ပွဲပါဝင်ယှဉ်ပြိုင်နိုင်ပေသည်။ အလားတူ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်၏ လှုပ်ရှားမှုပုံရိပ်များကို ထင်ဟပ်ပေါ်လွင် သမိုင်းတွင်စေရန်နှင့် မှတ်တမ်းများဖြစ်စေရန် ရည်ရွယ်လျက် ဝတ္ထု၊ ဆောင်းပါး၊ ကဗျာနှင့် ကာတွန်းပိုစတာပြိုင်ပွဲများကိုလည်း ၂၀၁၈ ခုနှစ်မှစတင်၍ ထည့်သွင်းကျင်းပစေခဲ့ကြောင်း သိရသည်။

### ဝင်ရောက်ယှဉ်ပြိုင်

ယခုနှစ်၌လည်း ယခင်နှစ်များကဲ့သို့ မြို့လုံးကျွတ်ဘုံကထိန်ပွဲ၊ မသိုးသင်္ကန်းရက်လှူပူဇော်ပွဲ၊ မီးပဒေသာလှည့်လည်ပူဇော်ပွဲ၊ ဓာတ်ပုံပြိုင်ပွဲနှင့် စာပေပြိုင်ပွဲများပါဝင်သွားမည်ဖြစ်ပြီး မီးပုံးပျံပြိုင်ပွဲတွင် တောင်ကြီးမြို့နှင့် ခရိုင်အတွင်းရှိ ညောင်ရွှေ၊ ရွှေညောင်၊ ပင်းတယ၊ ရွာငံ၊ ဟိုပုံး၊ ဆီဆိုင်၊ နောင်တရားမြို့နှင့် လွိုင်ကော်မြို့များမှ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

မီးပုံးပျံပြိုင်ပွဲတွင် ညမီးကြီး ၇၉ လုံး၊ စိန်နားပန်မီးပုံးပျံ ၃၆ လုံး၊ နေ့လွှတ်တိရစ္ဆာန်အရုပ် ခြေနှစ်ချောင်းအလုံး ၁၅၀၊ ခြေလေးချောင်းအရုပ် ၉၄ လုံး၊ အုပ်စုလိုက်အရုပ် ၃၅ လုံး စုစုပေါင်း မီးပုံးပျံအလုံး ၃၉၄ လုံးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် တန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲ၌ မီးပုံးပျံအလုံးရေ စုစုပေါင်း ၄၁၄ လုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ယခုနှစ်တွင် လျော့နည်းသွားကြောင်းနှင့် တောင်ကြီးမြို့ခံများက ဝင်ရောက်ယှဉ်ပြိုင်မှု နည်းပါးသွားခဲ့ကြောင်း ပြိုင်ပွဲဝင်အစီအစဉ်များ ဖော်ပြထားချက်အရ သိရသည်။ ယခင်နှစ်က ညလွှတ် ၁၂၃ လုံး၊ နေ့လွှတ် ၂၉၁ လုံးရှိခဲ့ပြီး ယခုနှစ်၌ ညလွှတ်မီးပုံးပျံ ၁၁၅ လုံး၊ နေ့လွှတ် အရုပ် ၂၇၉ လုံးဖြစ်ကြောင်း သိရသည်။

### တိုးမြှင့်သတ်မှတ်ပေးထား

ညမီးကြီး(ယမ်းမီး)ပြိုင်ပွဲ နှစ်သိမ့်ဆုအား ကျပ်သုံးသိန်းခွဲအထိ တိုးမြှင့်သတ်မှတ်ထားကြောင်း၊ စိန်နားပန်မီးပုံးပျံပြိုင်ပွဲ နှစ်သိမ့်ဆုအား ကျပ်တစ်သိန်းခွဲအထိ တိုးမြှင့်ပေးကြောင်း သိရသည်။

တောင်ကြီးတန်ဆောင်တိုင်အထိမ်းအမှတ် စာပေပြိုင်ပွဲဖြစ်သော ဆောင်းပါးပြိုင်ပွဲအတွက် ပထမဆုကျပ်နှစ်သိန်းငါးသောင်း၊ ဒုတိယဆု ကျပ်နှစ်သိန်း၊ တတိယဆု ကျပ်တစ်သိန်းနှင့် နှစ်သိမ့်ဆုကျပ်ငါးသောင်း၊ ကဗျာ၊ ကာတွန်း၊ ပန်းချီပြိုင်ပွဲအတွက် ပထမဆုကျပ်တစ်သိန်း၊ ဒုတိယဆုကျပ်ငါးသောင်း၊ တတိယဆု ကျပ်ငါးသောင်းနှင့် နှစ်သိမ့်ဆု ကျပ်သုံးသောင်းစီချီးမြှင့်ကြောင်း သိရသည်။ ပွဲတော်အတွင်း ယာဉ်ရပ်နားခဆိုင်ကယ်တစ်စီးလျှင် တစ်ထောင်နှင့်ကားတစ်စီးလျှင် ကျပ် ၃၀၀၀ ကောက်ခံရန် သတ်မှတ်ထားပြီး ဈေးဆိုင်ခန်းများအား ယခင်နှစ်ကထက် တစ်ဆယ်ရာခိုင်နှုန်းလျှော့၍ ဆိုင်ခန်းအမျိုးအစားအလိုက် တစ်ခန်းလျှင် ငွေကျပ်လေးသိန်းခွဲ၊ ကျပ်သုံးသိန်းခွဲနှင့် ကျပ်နှစ်သိန်းကျော်အထိ သတ်မှတ်ရောင်းချပေးနိုင်ခဲ့သဖြင့် ယခင်နှစ်များထက် ယခုနှစ်၌ ဈေးနှုန်းသက်သာခဲ့ကြောင်း သိရသည်။

### ရိုးရာမပျက်ဆင်ယင်ကျင်းပ

အချုပ်အားဖြင့် ရှမ်းပြည်နယ်၏ မြို့တော် တောင်ကြီးမြို့၏ ရှေးအစဉ်အလာရိုးရာမပျက် ဆင်ယင်ကျင်းပလာခဲ့သော တောင်ကြီးတန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပြိုင်ပွဲတော်ကြီးအား နိုဝင်ဘာ ၄ ရက် ညတွင် တေးသံရှင်ဟိန်းကို ရေးစပ်သီကုံးသီဆိုထားသည့် "တို့ရဲ့ရှမ်းပြည်နယ် တန်ဆောင်တိုင်ပွဲ" တေးသီချင်းဖြင့် တိုင်းရင်းသားပေါင်းစုံလှပျိုဖြူတို့၏ ရိုးရာအကအလှ၊ ကိန္နရီ ကိန္နရာအက၊ တိုးနရားအက၊ ရှမ်းတို့ရိုးရာ အိုးစည်ဓားသိုင်းအကအလှများပေါင်းစုကာ ရောင်စုံမီးရှူးမီးပန်းများ ဖောက်ခွဲလွှတ်တင်မှုများ၊ ညမီးကြီး၊ စိန်နားပန်မီးပုံးပျံအလှများလွှတ်တင်၍ ၂၀၁၉ ခုနှစ် "မြိုင်မြိုင်ဆိုင်ဆိုင်တောင်ကြီးတန်ဆောင်တိုင်" ပွဲတော်သို့ တစ်ခေါက်တစ်ခါလှမ်းလာခဲ့ပါဟု ရောက်ဖူးသူ မရောက်ဖူးသေးသူ ရပ်နီးရပ်ဝေးနေမိဘပြည်သူအပေါင်းတို့အား ဖိတ်ခေါ်ရေးသားတင်ပြလိုက်ရပါသည်။

## စည်းလုံးညီညာ အောင်ကြောင်းဖြာ

စည်းလုံးမှု ညီညာ
ပြည်သာဖို့အရေး။
တို့ပြည်ထောင်
မချို့စည်အောင် သွေးစည်းအားရယ်နဲ့
ကြိုးစားစို့လေး။
မြန်မာပြည် အဖျက်ဘေးကိုလ
အသက်ပေး ကာကွယ်မည်
သွေးချင်းပီပီ။
တစ်သက်မခွဲ စည်းလုံးညီ
အောင်ပန်းဆီ အားမာန်ဝင့်။
နွယ်ယှက်ပမာ
တွယ်လျက်သာ စဉ်နေထိုင်လို့
ပြည့်မဏ္ဍိုင် ပြည်အောင်ပန်းကိုဖြင့်
မမေ့ခိုင်ခိုင် ရည်ဆောင်လှမ်းပါလို့
(သွေးရင်းတို့ရေ)
မြန်းကြ(အ)ဟုန်မြှင့်။
အောင်လံတွေ တလူလူလွင့်လို့
အောင်ကြောင်းဆင့် တေးသံသာ။
တိုင်းဝဋ္ဋ ပြည်အနှံ့
သင်းပျံ့ထုံလွှာ။
သွေးချင်းတို့ မွေ့ပျော်ရာ
မွေးရပ်ဌာ မြန်ပြည်ကြီး။
မပျက်မှန်တကယ်
အဖျက်ရန်စွယ် ဟူသမျှကိုလ
မခက်သန္တာန်မယ် အတုတကွရယ်နဲ့
မြူတစ်ဆမလှန် မကျန်ညောင်းစေဖို့
(သွေးရင်းတို့ရေ)
ရန်(အ)ပေါင်းကာဆီး။

လင်းလက်(မန်းမြေ)

## ပြည်ထောင်စုတန်ဆောင်တိုင်

တန်ဆောင်တိုင် စပြီမို့
မောင်ရခိုင်က လင်းကွင်းကိုင်။
ဦးကရင် ဖုံတိုတီးလို့
စည်းချက်မြိုင်မြိုင်။
ရှမ်းကြီးက အိုးစည်ပိုင်
တန်ဆောင်တိုင် ငြိမ်းချမ်းရေး။
အလိုဗျာ
ကိုဗမာ ဒိုးပတ်ကြီးက
ဟည်းလှတယ်လေး။
အသံကျယ်ကျယ် ဝါးလက်ခုပ်
ကယားဖိုးတုတ် တီးလို့နေ။
မွန်ပြည်နယ် ကိုလူထွားက
မင်းသားပေါ့လေ။
ကချင်က နှဲပလွေ
နှဲသလေ မြိုင်မြိုင်ပဲ။
ချင်းကြီးရေ
ရင်းနှီးဆွေ အပြိုင်ကြမ်းလိုက်မယ်
(အလိုကွယ်...)
ငြိမ်းချမ်းသည်ပွဲ။

ကန်ညီနောင်ရွှေဖျိုင်း(ငွေလဲ့ကန်)

**ဖိတ်ခေါ်ပါသည်**

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့် စပ်ဆိုင်သောအကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

[စာတည်း]

# ရခိုင်ပြည်နယ် မင်းပြားမြို့နယ်မှ သဘာဝအလှ ဝက်ဖြူကျွန်းရေလယ်ဘုရား

အောင်ကြည်မိုး(စစ်တွေ)

ရခိုင်ပြည်နယ် မင်းပြားမြို့သည် ရှေးရခိုင်တို့၏ စည်ပင်ခဲ့ရာမြို့တစ်မြို့ ဖြစ်ခဲ့သည်။ လေးမြို့မြစ်၏ လက်ဝဲဘက်၊ ကျိန်းတောင်၏ အရှေ့ဘက်တောင်ခြေတွင် ရှိသည်။ ယနေ့အချိန်တွင် ရန်ကုန်-စစ်တွေ အဝေးပြေးကားလမ်းမပေါ်တွင် တည်ရှိနေ၍ စည်ကားသည်။ မင်းပြားမြို့၌ ရခိုင်၊ ဒိုင်းနက်(သက္ကမ)၊ မရမာကြီးနှင့် ချင်းတိုင်းရင်းသားလူမျိုးတို့ နေထိုင်လျက်ရှိကြသည်။ ကျိန်းတောင်စေတီနှင့် ဝက်ဖြူကျွန်းရှိ ရေလယ်စေတီတော်တို့မှာ ထင်ရှားသည်။

**ဝက်မင်းအဖြစ် ကျင်လည်ခဲ့ဖူးသည်ကို အစွဲပြု**

မင်းပြားမြို့နယ် ပန်းမြောင်းကြီးချောင်းဝ သေကန်ကျေးရွာအနီး ကျွန်းငယ်တစ်ခုပေါ်၌ တောတောင်သဘာဝရှုခင်းများနှင့် အလွန်စိတ်ကြည်နူးဖွယ်ကောင်းသည့် သမိုင်းဝင် ရေလယ်ဘုရား တစ်ဆူရှိသည်။ မြတ်စွာဘုရားနစဉ်ဘဝတုန်းက ဤနေရာတွင် ဝက်မင်းအဖြစ်နှင့် ကျင်လည်ခဲ့ဖူးသည်ကို အစွဲပြု၍ ဝက်ဖြူကျွန်း၊ ဝက်ဖြူကျွန်းရှိစေတီအား ဝက်ဖြူကျွန်းရေလယ်ဘုရားစေတီဟု ခေါ်တွင်ကြခြင်းဖြစ်သည်။

မြတ်စွာဘုရား နစဉ်ဘဝ ဤဝက်ဖြူကျွန်းပေါ်၌ ဝက်မင်းဖြစ်ခဲ့ဖူး၍ "ညီတော်အာနန္ဒာ ငါဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူသောအခါ နစဉ်ဘဝက ကျင်လည်ခဲ့ဖူးသော ဤကျွန်းပေါ်ဝယ် ငါဘုရား၏ ဝမ်းသားတော်ဓာတ်သည် တည်လတ္တံ့" ဟု ဗျာဒိတ်တော်ပေးထားခဲ့သည်ဟု သမိုင်းမှတ်တမ်းများ၌ ဆိုထားသည်။ တတိယဓညဝတီခေတ်သို့ ရောက်သောအခါ မြတ်စွာဘုရား၏ ဗျာဒိတ်တော်စကားအတိုင်း ရခိုင်ဘုရင် သူရိယစက္ကမင်းနှင့် မိဖုရား ရစိတာမာလာဒေဝီ တို့က သာသနာသက္ကရာဇ် ၂၂ဂ ခုနှစ် တပေါင်းလဆန်း ၁၅ရက်(ဗုဒ္ဓဟူးနေ့)၌ကြီးစွာသောအလှူကိုပေးကာ နွားလားဥသဘာ တမော့ခန့်ရှိသော ဓာတ်တော်တစ်ဆူကို ဤကျွန်းငယ်၌ တည်ထားကောင်းမှု ပြုခဲ့ကြသည်ဟု ရမ်းဖြဲတောင်ကျောင်း ဆရာတော် အသျှင်စန္ဒမာလာလင်္ကာရ ပြုစုသော ရခိုင်ရာဇဝင်သစ်ကျမ်း၌ ပြထားသည်။

ယင်းဓာတ်တော်မှာ ကာလကြာ၍ ဖရိုဖရဲ ပြိုကွဲပျက်စီးလာသောအခါ လောင်းကြက်ခေတ်၌ အလောမာဖြူမင်းနှင့် မိဖုရား စောရွှေသစ်တို့က ထပ်မံပြုပြင်ခဲ့ကြ၏။ မြောက်ဦးခေတ်၌ နရပတိ ကေသုလမင်း၏ မိဖုရားဝါလှဖြူက ထပ်မံပြုပြင်ခဲ့သေးသည်။

မင်းပြားမြို့သည် လေးမြို့မြစ်ကမ်းနဖူးတွင် တည်ရှိ၍ နှစ်စဉ်လိုလို လေးမြို့မြစ် စိုးရိမ်ရေမှတ်ကို ရောက်ရှိပါသော်လည်း ဝက်ဖြူကျွန်းရှိ ရေလယ်ဘုရားစေတီ ရေမမြုပ်သည်မှာ အလွန်အံ့သြဖွယ်ရာတစ်ခုဖြစ်နေသည်။ မင်းပြားမြို့သူ မြို့သားများက ဝက်ဖြူကျွန်းရှိ ရေလယ်ဘုရားစေတီ ရေမမြုပ်သည်မှာ ဗုဒ္ဓမြတ်စွာဘုရား၏ ဓာတ်တော်အစစ်အမှန်ကြောင့် ဖြစ်သည်ဟု ပြောစမှတ်ပြုကြသည်။ ရခိုင်ပြည်နယ် မင်းပြားမြို့နယ်သို့ ကြုံကြိုက်၍ တစ်ခေါက်တစ်ခါ ရောက်ရှိခဲ့ပါလျှင် တောတောင်သဘာဝရှုခင်းများနှင့် အလွန်စိတ်ကြည်နူးဖွယ်ကောင်းပြီး ရေကြီးရေလျှံခြင်းကြောင့် ရေမမြုပ်သည့် သမိုင်းဝင် ဝက်ဖြူကျွန်းရေလယ်ဘုရားစေတီအား သွားရောက်ဖူးမြော်သင့်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။



»» အချုပ်ပိုစာမျက်နှာ ဃ မှ

**ကထိန်ခင်းနိုင်သည့်နေရာဌာန**

မိမိတို့ရွေးချယ်ထားသည့် ကျောင်းအတွင်းတွင်လည်းကောင်း၊ မိမိတို့နေအိမ်ဂေဟာ (သို့မဟုတ်) အသင်းအဖွဲ့တည်ရာရုံးဌာန အဆောက်အအုံ၊ ဓမ္မာရုံ စသည်တို့တွင်လည်းကောင်း လှူဒါန်းနိုင်သည်။

**ကထိန်သင်္ကန်းအမျိုးအစား**

(၁) သင်းပိုင်(ခါးဝတ်)၊ (၂) ဧကသီ(ကိုယ်ရုံ)၊ (၃) ဒုကုဋ်(နှစ်ထပ်သင်္ကန်း)၊ (၄) အိပ်ရာခင်းသင်္ကန်း၊ (၅) မျက်နှာသုတ်ပဝါသင်္ကန်း၊ (၆) ပရိက္ခရာစောဠသင်္ကန်း (လက်သုတ်၊ ရေစစ်၊ ပဝါ)၊ (၇) နိသီဒိုင်(နေကထိုင်အခင်း) (၈) မိုးရေခံသင်္ကန်း(မိုးရေချိုးသောအခါ ဝတ်ချိုးရသောသင်္ကန်း)၊ (၉) အမာလွှမ်းသင်္ကန်း (အနာပေါက်သည့်အခါ ဝတ်ချိုးရသောသင်္ကန်း)

ဤသင်္ကန်းကိုးမျိုးတွင် သင်းပိုင်နှင့် ဧကသီကိုဒွိစုံဟုခေါ်သည်။ သင်းပိုင်၊ ဧကသီ၊ ဒုကုဋ် ဤသုံးမျိုးကို တိစီဝရိတ်(သင်္ကန်းသုံးထည်) ဟုခေါ်သည်။ ကထိန်ခင်းခွင့်ပြုသည့် သင်္ကန်းသုံးထည်မှာ ထိုသုံးမျိုးသာတည်း။

အလှူရှင်တို့ မှတ်သားသင့်သည်မှာ ယင်းခွင့်ပြုသင်္ကန်းသုံးထည်မှ နှစ်ထည်၊ သုံးထည်မခင်းရပါ။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုလည်း ရည်ရွယ်၍ မခင်းအပ်။ သံဃိကအလှူမြောက်အောင်၊ သံဃိကအလှူစစ်စစ်ဖြစ်အောင် သံဃာတော်တို့ကိုသာ ရည်စူးလှူဒါန်းရသည်။

**ကထိန်ခင်းရမည့်ရဟန်းအင်္ဂါရှစ်ပါး**

(၁) ကထိန်ခင်းရာ၌ ရှေးဦးစွာ ပြုလုပ်ရမည့် ကိစ္စအရပ်ရပ်ကို သိနားလည်ခြင်း၊
(၂) ပစ္စုဒ္ဓိုရ်ပြုလုပ်တတ်ရခြင်း၊
(၃) အဓိဋ္ဌာန်တင်ရခြင်း၊
(၄) ခင်းပုံခင်းနည်းကို သိရှိနားလည်ထားရခြင်း၊
(၅) မာတိကာသိရှိနားလည်ထားရခြင်း၊
(၆) ကြောင့်ကြမှုကိုသိရှိနားလည်ထားရခြင်း၊
(၇) ကထိန်နုတ်ပုံကိုသိရှိနားလည်ထားရခြင်း၊
(၈) အာနိသင်ကိုလည်း သိရှိနားလည်ထားရခြင်းတို့ ဖြစ်ပေသည်။

**ကထိန်ခင်းရန်ကိစ္စရှစ်ပါး**

(၁) ကထိန်သင်္ကန်းအလှူခံမှု၊
(၂) ကထိန်ခံထိုက်သောပုဂ္ဂိုလ်ကို သံဃာတော်တို့က စိစစ်ရွေးချယ်ပေးမှု၊
(၃) ရွေးချယ်ခံရသူအား သိမ်အတွင်း၌ ကထိန်သင်္ကန်းကိုပေးမှု၊
(၄) တိစီဝရိတ်အဓိဋ္ဌာန်တင်ပြီးသော သင်္ကန်းဟောင်းကို ပစ္စုဒ္ဓိုရ်ပြုရန်အဓိဋ္ဌာန်စွန့်မှု၊
(၅) ခင်းရမည်ဖြစ်သော ကထိန်သင်္ကန်းသစ်ကို ကပ္ပဗိန္ဒုထိုးမှု၊
(၆) သင်္ကန်း၏အမည်ဖြင့် အဓိဋ္ဌာန်တင်မှု၊
(၇) နှုတ်မြွက်၍ခင်းမှု၊
(၈) ဝမ်းမြောက်ကြောင်း အနုမောဒနာပြုမှုတို့သည် ရဟန်းဘက်က တာဝန်များပင် ဖြစ်ပေသည်။





**ကထိန်လျာသင်္ကန်း**

ကထိန်ခင်းရာတွင် ကထိန်ခင်းမည့်ကျောင်းတိုက်ရှိမည်သည့်ရဟန်းသံဃာတို့၏ ဆန္ဒတိုက်တွန်းချက်တို့မပါဘဲ စေတနာရှင်များ၏ ဆန္ဒအလျောက် လှူဒါန်းသောသင်္ကန်းကိုသာ ကထိန်ခင်းရမည်ဖြစ်သည်။ ထိုသို့ ကထိန်ခင်းရန် လျာထားသောသင်္ကန်းကို ကထိန်လျာသင်္ကန်းဟုခေါ်သည်။

ကထိန်ခင်းရန်အတွက် လှူဒါန်းသော သင်္ကန်းကို ကထိန်ခင်းရာတွင် ကမ္မဝါစာဖတ်ပြီး ရွတ်ဖတ်ပူဇော်ရသဖြင့် တစ်နည်းကမ္မဝါဖြင့် ဥတ်ရသောကြောင့် ထိုသင်္ကန်းကို "ဥတ်မကြီး" သို့မဟုတ် "ဥတ်သင်္ကန်း"ဟု ခေါ်ဆိုကြောင်း မှတ်သားရပါသည်။

ကထိန်ခင်းရာတွင် အဆိုပါ ဥတ်သင်္ကန်းကြီးကို ပုဂ္ဂိုလ်တစ်ဦးဦးအား ရည်စူး၍ မလှူဘဲ သံဃာကိုသာ သံဃဿဒေမဟု ရည်မှန်း၍ လှူဒါန်းရသည်။ ကထိန်ခင်းမည့် သင်္ကန်းကို သီးခြားသတ်မှတ်ထားခြင်းမရှိဘဲ နှစ်ထပ်သင်္ကန်းကြီးဧကသီနှင့် သင်းပိုင်တို့မှ မိမိကြိုက်နှစ်သက်ရာကို ကထိန်သင်္ကန်းအဖြစ် သတ်မှတ်လှူဒါန်းနိုင်ပါသည်။ ကထိန်ခင်းရာတွင် အလှူခံရရှိအပ်သော သင်္ကန်းကို နေ့မကူးစေဘဲ ကထိန်ခင်းရမည်ဖြစ်ကြောင်း ဆရာတော်ကြီးတို့၏ မိန့်ကြားချက်အရ သိရသည်။

**ရဟန်းတော်တို့ရအပ်သောကထိန်အာနိသင်ငါးပါး**

(၁) ရဟန်းတို့အား မပန်ကြားဘဲ ခရီးလှည့်လည်သွားလာနိုင်ခြင်း၊
(၂) အဓိဋ္ဌာန်တင်ထားသောသင်္ကန်းကို မဆောင်ဘဲ သွားနိုင်ခြင်း၊
(၃) မအပ်သောပင့်ဖိတ်ခြင်းဖြင့် ရသောဆွမ်းကို သုံးဆောင်နိုင်ခြင်း၊
(၄) ရသမျှသောသင်္ကန်းတို့ကို အဓိဋ္ဌာန်တင်သုံးဆောင်နိုင်ခြင်း၊
(၅) ကထိန်ခင်းရာကျောင်းတိုက်၌ ပေါ်ပေါက်သောသင်္ကန်းများကို သုံးဆောင်နိုင်ခြင်း စသည်တို့ဖြစ်ကြပါသည်။

**ကထိန်သင်္ကန်းလှူဒါန်းသော ဒကာ၊ ဒကာမများ ရအပ်သော အကျိုးအာနိသင်ငါးပါး**

(၁) မိမိလိုရာအရပ်ဘက်သို့ လွတ်လပ်စွာသွားလာနိုင်ခြင်း၊
(၂) နိဗ္ဗာန်မရမီဘဝများတွင် ကိစ္စအဝဝကို အနှောင့်အယှက်ကင်းစွာ ဆောင်ရွက်နိုင်ခြင်း၊
(၃) အစားအစာ ပစ္စည်းဥစ္စာ စည်းစိမ်တို့ကို ပေါများစွာ ပိုင်ဆိုင်သုံးဆောင်နိုင်ခြင်း၊
(၄) အစာရေစာပေါများ၍ ဘေးအန္တရာယ် (အဆိပ်အတောက်)ကင်းစွာ သုံးဆောင်နိုင်ခြင်း၊
(၅) ရန်သူမျိုးငါးပါးမှ ကင်းဝေးရခြင်း စသည်တို့ဖြစ်ပါသည်။

ဤသို့ဆိုလျှင် ကထိန်အလှူသည် လွယ်လင့်တကူခင်းယူ၍မရသကဲ့သို့ ထူးခြားသည့် သတ်မှတ်ချက်တို့ဖြင့် စည်းစနစ်ကျနမှုကို အခြေခံ၍ လှူဒါန်းကြရသောကုသိုလ်ကောင်းမှု အလှူပင်ဖြစ်ပေသည်။ သို့မှသာ ကထိန်အလှူသည် ထင်ရှားပြီး အလေးအနက်ထားကြရသည့် အလှူတော်မင်္ဂလာဖြစ်လာပေမည်။

**သင်္ကန်းလှူရ ကျိုးရှစ်ဂ**

ကျမ်းဂန်များတွင်- "သင်္ကန်းလှူရ၊ ကျိုးရှစ်ဝတွင်၊ ရွှေသို့အဆင်း၊ မြူကြေးကင်း၍၊ ရောင်လင်းစုံဂ၊ ထွန်းလင်းပ၏၊ မကသိန်းဖိုး၊ ပုဆိုးရလေ၊ ညိုရွှေဖြူနီ၊ ဤရှစ်လီသည်၊ ကျမ်းညီသင်္ကန်း၊ လှူကျိုးတည်း"ဟု လင်္ကာဖြင့် စပ်ဆိုဖော်ပြထားသည်ကိုလည်း တွေ့ရသည်။

ကထိန်သင်္ကန်း လှူဒါန်းသူတိုင်း ကထိန်ဒါနပြုပုံမှန်ကန်ဖို့နှင့် အချိန်ကာလနှင့်ညီညွတ်စွာ ဆောင်ရွက်တတ်ဖို့လည်း လိုအပ်ပါသည်။

ဤသို့သောထူးခြားသည့် သင်္ကန်းလှူရ ကျိုးရှစ်ဂနှင့် ကျမ်းညီသင်္ကန်း လှူကျိုးမြောက်အောင်၊ ဗုဒ္ဓဘာသာဝင်တိုင်း စည်းစနစ်ကျနစွာ လက်မလွှတ်တမ်း ကြိုးစားအားထုတ်လှူဒါန်းနိုင်ကြပါစေ။ သဒ္ဓါကြည်လင်ပါရမီရှင်များအနေဖြင့်လည်း ကထိန်သင်္ကန်း လှူဒါန်းရခြင်းအကျိုး သိရှိနားလည် လှူဒါန်းနိုင်ကြစေရန် ရည်သန်၍ ဤဆောင်းပါးဖြင့် ကုသိုလ်ပြု ရေးသားမျှဝေလိုက်ရပါသည်။

တိုင်းရင်းသားရေးရာ

ကြေးမုံ

# စစ်ကိုင်းတိုင်းဒေသကြီး အထင်ကရ စစ်ကိုင်းတောင်ရုပ်စုံကျောင်းသို့ နေ့စဉ် ပြည်တွင်းပြည်ပ ခရီးသွားများ လာရောက်လည်ပတ်



စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ခရီးသွားနေရာတစ်ခုအဖြစ် သတ်မှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စစ်ကိုင်းတောင်ရိုးတောင် အဆင်းကားလမ်းဘေး အရိယဝံသချောင်ရှိ တစ်ပါးထိုင်ရုပ်စုံကျောင်းသို့ နေ့စဉ် ပြည်တွင်း ပြည်ပ ခရီးသွား ၂၀၀ ကျော် လာရောက်လည်ပတ်ကြကြောင်း သိရသည်။

''လာရောက်လည်ပတ်သူ၊ လေ့လာသူတွေ နေ့စဉ်ရှိတယ်။ တစ်နေ့ ဦးရေ ၂၀၀ ကျော်လောက် လာကြတယ်။ စနေ၊ တနင်္ဂနွေနဲ့ ဥပုသ်နေ့တွေမှာ လာရောက်သူ ၅၀၀ ကျော်လောက်ရှိတယ်။ နိုင်ငံခြားသားတွေကတော့ နေ့စဉ် ပုံမှန်လာရောက်တာ မရှိပါဘူး။ ဒါပေမယ့် နေ့စဉ် တစ်ဦးစ၊ နှစ်ဦးစ ဆိုသလို မော်တော်ဆိုင်ကယ်နဲ့လာတာမျိုး၊ တစ်ခါတလေ ကားနဲ့ အယောက် ၄၀၊ ၅၀ လောက် အုပ်စုဖွဲ့လာတာမျိုးရှိတယ်။ ဒီကျောင်းဆောင်မှာရှိတဲ့ သစ်သားပန်းပု ရုပ်လုံးရုပ်ကြွတွေ လာရောက်လေ့လာကြပြီး အမှတ်တရဓာတ်ပုံရိုက်ကြတယ်" ဟု လက်ရှိအရိယဝံသချောင်ဆရာတော်က မိန့်ကြားသည်။

**ပြန်လည်တည်ဆောက်ထား**

အင်းဝဘုရင် ဒုတိယမင်းခေါင်လက်ထက်က ရုပ်စုံတစ်ပါးထိုင်ကျောင်းအဖြစ် ကျမ်းတတ်အကျော်အရိယဝံသ ဆရာတော်ကြီးအား ဆောက်လုပ်လှူဒါန်းခဲ့ရာ ဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက် ပျက်စီးသွားသည့်ကျောင်းအား မူလ လက်ရာမပျက် ပြန်လည်တည်ဆောက်ထားခြင်းဖြစ်သည်။

အရိယဝံသချောင်ရုပ်စုံကျောင်းဆောင်ကို အင်းဝခေတ် ရေငုံဆရာတော်ကြီး ထံမှာ ပညာသင်ကြားနေသည့် " ရှင်အရိယာဝံသ" ကိုယ်တော်၏ စာပေကျမ်းဂန် တတ်မြောက်မှုကို ကြည်ညိုသည့်အတွက် အင်းဝဘုရင် " ဒုတိယမင်းခေါင် " က ကျောင်းဆောက်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ပျက်စီးနေပြီဖြစ်သည့် ရုပ်စုံကျောင်းအား လွန်ခဲ့သော ၁၅ နှစ်ခန့်က သီတဂူဆရာတော်ကြီးက မူလလက်ရာမပျက် ပြုပြင်တည်ဆောက်ခဲ့သည်။ ကျောင်းအဆောက်အအုံကို ဓာတ်ကြီးဆယ်ဘွဲ့ နိပါတ်တော်ဇာတ်ရုပ်များ၊ ကနုတ်ပန်းလက်ရာများဖြင့် တည်ဆောက်ထားသည့် သစ်သားထည်ရုပ်စုံကျောင်းအဖြစ် မြန်မာမှုလက်ရာများဖြင့် တည်ဆောက်ထားသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# တန်ဆောင်မုန်းလနှင့် ကထိန်သင်္ကန်း လှူရကျိုးရှစ်ဝ

**မောင်မောင်ကျော့(ပလက်ဝ)**

မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု ဆယ့်နှစ်လရာသီပွဲတော် လများထဲတွင် တန်ဆောင်မုန်းလသည် ကထိန်သင်္ကန်း လှူဒါန်းမှုကို အဓိကထား ကုသိုလ်ပြုကြသည့် ပွဲတော်လ ဖြစ်ပေသည်။ ယင်းအလှူကို တစ်နှစ်လျှင် တစ်ကြိမ်၊ တစ်ကျောင်းမှာ တစ်ခါ၊ သတ်မှတ်ထားသည့် အချိန်ကာလအတွင်းသာ ပြုလုပ်ကြရသည့်အတွက် ထူးမြတ်သည့်အလှူ၊ ထူးမြတ်သောလတန်ဆောင်ဟု ဆိုစမှတ်ပြုကြပါသည်။

ကထိန်အလှူပွဲကို သတ်မှတ်သည့်ကာလမှာ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အထိဖြစ်သည်။ မိုးအကုန်ဆောင်းအကူး၊ လေပြေမြူးကာ၊ ကောင်းကင်ယံတိမ်သလာကင်းပြီး အချိန်ကောင်း၊ အခါကောင်းနှင့် ကြုံကြရသည်ဖြစ်၍ ကထိန်အလှူတော်ပွဲသည် နှစ်စဉ်စည်ကားမြဲပင် ဖြစ်ချေသည်။

ကထိန်အလှူသင်္ကန်းနှင့်ပတ်သက်၍ မည်ရွေ့မည်မျှ အကျိုးရှိသည်ကို ဖော်ပြ၍ပင် မကုန်နိုင်ပေ။ "ဆွမ်းဆိုလျှင် မြိန်မှကောင်းသည်"၊ "ကျောင်းဆိုလျှင် သိမ်မှကောင်းသည်"၊ "သင်္ကန်းဆိုလျှင် ကထိန်မှကောင်းသည်" ဟူ၍ ဆိုရိုးစကားပြုထားခဲ့ကြပေသည်။

**တန်ဆောင်မုန်းလ**

တန်ဆောင်မုန်းလကို ပုဂံကျောက်စာတို့တွင် "တန်ဆောင်မှုန်း"၊ "တန်းဆောင်မှုန်း"ဟု ရေးထိုးထားကြောင်း မှတ်သားရသည်။ ပေါ်ရာဇာသံပေါက်ကဗျာ တစ်ပုဒ်တွင်- "မိုက်မှောင်လွင့်ပြုန်း၊ တန်ဆောင်မုန်း၊ ဆောင်မှုန်းခေါ်သကား၊ ဟထိုးဖျောက်ကာ၊ ပြောင်းရွေ့လာ၊ မုန်းသာခုထင်ရှား"ဟူ၍ ဖွဲ့ထားပါသည်။ သံပေါက်ကဗျာအရ-ရှေးအခါက ရေးသားခဲ့သော တန်ဆောင်မှုန်းကို "ဟထိုး"ဖျောက်ကာ နောင်တွင် တန်ဆောင်မုန်း အမည်တွင်ခဲ့ခြင်းဖြစ်ပေသည်။

တန်ဆောင်မုန်းလသည် အမိုက်အမှောင်ကို မီးရှူး တန်ဆောင်ဖြင့် ဖျောက်လွင့် ချေမှုန်းသောလဟု အဆိုရှိသည်။ တန်ဆောင်=မီးရှူးတန်ဆောင်+မုန်း=ဖျောက်လွင့်ချေမှုန်းခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ တန်ဆောင်မုန်းဟူသော ဝေါဟာရကို ပုဒ်ခွဲကြည့်လျှင် တန်ဆောင်သည် မီးရှူး၊ မီးတိုင်၊ ဆီးမီးဟု အဓိပ္ပာယ်ရ၍ မုန်းသို့ ပြောင်းလဲသွားသည့် မှုန်းသည် ထွန်းလင်းတောက်ပစေသည်ဟု အဓိပ္ပာယ်ရသည်။ တန်ဆောင်မုန်းလဆိုသည်မှာ မီးရှူး၊ မီးတိုင်၊ ဆီမီးတို့ကို ထွန်းလင်းတောက်ပစေသည့်လဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ထို့ကြောင့် ဆီမီးမြိုင်မြိုင် လတန်ဆောင်တိုင်ဟု ဆိုစမှတ်ပြုကြပါသည်။

**ကထိန်ဟူသောဝေါဟာရ**

ကထိန်ဆိုသည်မှာ "ကထိန"ဟူသော ပါဠိပုဒ်မှ ဆင်းသက်လာခြင်းဖြစ်သည်။ မြဲမြံခိုင်ခံ့ခြင်းဟု အဓိပ္ပာယ်ရ၏။ ကထိန်ဟူသောစကားမှာ ပါဠိစကားမှ ပျက်လာ၍ ပြောဆိုခြင်းကိုဟော၏။ အဘယ်သို့ပြောဆိုသနည်းဟုမူ ဤသို့ လှူဒါန်းခြင်းသည် ကောင်းမြတ်ပါပေ၏ဟု ပြောဆိုခြင်းပင်ဖြစ်သည်။

မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက သံဃာတော်အား လှူဒါန်းအပ်သော အလှူသည် များမြတ်သောအကျိုးတရားရှိပေသည်။ များမြတ်သောအကျိုးတရားတို့ကို ရရှိနိုင်ပေသည်ဟူ၍ ချီးကျူးစကား မိန့်ကြားတော်မူထားခဲ့ချေသည်။

> **ကထိန်အလှူသည် လွယ်လင့်တကူ ခင်းယူ၍မရသကဲ့သို့ ထူးခြားသည့် သတ်မှတ်ချက်တို့ဖြင့် စည်းစနစ်ကျနမှုကို အခြေခံ၍ လှူဒါန်းကြရသော ကုသိုလ်ကောင်းမှု အလှူပင်ဖြစ်ပေသည်။ သို့မှသာ ကထိန်အလှူသည် ထင်ရှားပြီး အလေးအနက်ထားကြရသည့် အလှူတော်မင်္ဂလာ ဖြစ်လာပေမည်**

**ကထိန်ဖြစ်ပေါ်လာရသည့်အကြောင်းရင်း**

ဂေါတမမြတ်စွာဘုရား သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အာရာမ်ဖြစ်သော စေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ကောသလမင်းကြီးနှင့် ညီနောင်များဖြစ်ကြသော ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်တို့ ပါဝေယျတိုင်းမှ မြတ်စွာဘုရားအား ဖူးမြော်ရန်လာသောအခါ ခရီးအကြားရှိ သာကေတမြို့၌ ဝါကပ်ကြရကုန်၏။ ဝါကျွတ်၍ ဘုရားရှင်ရှေ့မှောက်ရောက်ကြရာတွင် ခွင့်ပြုထားသည့် သင်္ကန်းသုံးထည်စလုံး စိုစိုစွတ်စွတ်နှင့်ရောက်ရှိလာကြသည့်အတွက် ရဟန်းတို့၏ ပင်ပန်းဆင်းရဲမှုကို အကြောင်းပြုပြီး ကထိန်သင်္ကန်း ခင်းလှူခြင်းကို ခွင့်ပြုတော်မူခဲ့သည့်ကာလမှ စတင်ခဲ့သည်ဟု အဆိုရှိပေသည်။

**ကထိန်အလှူမြောက်ဖို့နည်းနာနိဿယကျဖို့လို**

ကထိန်သင်္ကန်းလှူဒါန်းမှုကို လှူသူနှင့် အလှူခံသူတို့၏ နှစ်ဦးနှစ်ဝအကျိုးရှိစေဖို့ နည်းနာနိဿယကျဖို့ကား လိုပေလိမ့်မည်။ ဥပမာ- မိမိတို့ လှူဒါန်းသည့် သင်္ကန်းဖြင့် ကထိန်မခင်းပါက သာမန်သင်္ကန်းအလှူမျှသာဖြစ်ပြီး ကထိန်သင်္ကန်းမမြောက်ပေ။ အလားတူ ကထိန်အလှူမြောက်ဖို့ ရဟန်းတော်တို့ဘက်က ကထိန်အာနိသံသကို နားလည်ထားရခြင်း၊ အင်္ဂါရှစ်ပါး၊ သင်္ကန်းသုံးထည်ကိစ္စရှစ်ပါးတို့ကိုပါ နားလည်ထားရမည်ဟု ဆိုပေသည်။

**ကထိန်သင်္ကန်းလှူနိုင်သူများ**

လူဖြစ်စေ၊ နတ်ဖြစ်စေ၊ ရဟန်း၊ ရဟန်းမ၊ သာမဏေ၊ သာမဏေမ၊ သိက္ခာမာန်ဟူသော မြတ်စွာဘုရားရှင်၏ အတူနေတပည့်ငါးဦးတို့ တစ်ဦးဦးဖြစ်စေ၊ ကထိန်သင်္ကန်းလှူဒါန်းနိုင်၏။ လှူဒါန်းကောင်းသည်ဟု သိရသည်။

**အချိန်သတ်မှတ်ချက်**

နံနက်ပိုင်း ၈ နာရီ၊ ၉ နာရီ၊ မွန်းလွဲ ၁ နာရီ၊ ၂ နာရီ၊ ညနေပိုင်း ၄ နာရီ၊ ၅ နာရီနှင့် သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်းမှ လက်ခံမည်ဆိုပါက ည ၇ နာရီ၊ ၈ နာရီ၌ ကထိန်ခင်းနိုင်ကြောင်း စာပေကျမ်းဂန်တွင် ဖတ်ရှုရပါသည်။

အချပ်ပိုစာမျက်နှာ ၇ သို့ »»